# သရဏဂုံအစွမ်း

# အံ့မခန်းဖြစ်ရပ်ဆန်းများ



## ဖေဓမ္မာရှင်

(ရွှေပြည်သာ)

ဒုတိယအကြိမ်

အရှင်ဇဝန

မေတ္တာရှင် (ရွှေပြည်သာ)

# သရဏဂုံအစွမ်း အံ့မခန်းဖြစ်ရပ်ဆန်းများ

ဖြန့်ချိရေး

ချင်းတွင်းလမ်း၊ မန္တလေးကျောင်း

(၆)ရပ်ကွက်၊ ရွှေပြည်သာ၊

ရန်ကုန်။

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၂၀၂၀၆၀၅၀၄ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၂၀၅၂၂၀၅၀၈ |
| ထုတ်ဝေသည့်လ | ၂၀၀၇ ၊ အောက်တိုဘာ |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| ပုံနှိပ်သူ | ကာလာဇံပုံနှိပ်တိုက်<br>၁၈၄၊ ၃၁-လမ်း၊<br>ပန်းဘဲတန်း<br>ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ<br>၁၁၁၊ ၃၃လမ်း၊<br>ကျောက်တံတား၊ရန်ကုန်။ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၅၀၀–ကျပ် |

## မာတိကာ


| | | |
|---|---|---|
| ၁။ | သမ္ဗုဒ္ဓေမကြောက်သောသရဲ | ၁ |
| ၂။ | မိုင်းဖုံးအန္တရာယ် သရဏဂုံကယ် | ၁၂ |
| ၃။ | သရဏဂုံတစ်ခဏ နတ်ပြည်တစ်ဘ၀ | ၁၅ |
| ၄။ | ဘီလူးဘုရင်နှင့် သရဏဂုံရှင် | ၂၁ |
| ၅။ | ၀မ်းတွင်းစုန်းနှင့် သရဏဂုံရှင် | ၂၉ |
| ၆။ | တံငါသည်နတ်သား | ၃၆ |
| ၇။ | သရဏဂုံကိုကြီးနှင့် ကြာပွတ်မယ်သရဲမ | ၄၂ |
| ၈။ | မိစ္ဆာဒိဋ္ဌိဘုရင်နှင့် သရဏဂုံရှင် | ၅၃ |
| ၉။ | သရဏဂုံအစစ် ရေမနစ် | ၇၀ |
| ၁၀။ | သရဏဂုံရထား နတ်ပြည်သွား | ၇၇ |
| ၁၁။ | ဥပဋ္ဌေဒကရန်လုံ သရဏဂုံ | ၈၄ |
| ၁၂။ | ရဟန္တာဖြစ်ချင် သရဏဂုံဆင် | ၉၁ |
| ၁၃။ | ဖိုးသမားနဲ့ သရဏဂုံ | ၁၀၀ |
| ၁၄။ | သဘော်သား နတ်သားများ | ၁၁၂ |
| ၁၅။ | သူပုန်မတိုး သရဏဂုံတန်ခိုး | ၁၂၁ |
| ၁၆။ | မမှန့်တမှန် သရဏဂုံ | ၁၂၅ |
| ၁၇။ | သရဏဂုံစွမ်းရည် အသက်ရှည် | ၁၃၃ |
| ၁၈။ | သရဏဂုံဂါထာ ဘေးရန်ကွာ | ၁၄၀ |
| ၁၉။ | သရဏဂုံရှင် | ၁၄၇ |
| ၂၀။ | အားကိုးရာအမှန် | ၁၅၆ |

# စာရေးသူ၏ခံယူချက်

မှားယွင်းမှုဟူသည်
မောဟမကင်းသူ လူတိုင်းနှင့်ဆက်ဆံ၏။
သူတစ်ပါးမှားလျှင်
အမှန်ရောက်အောင် ငါပြင်မည်။
ငါမှားလျှင်
သူတစ်ပါးအပြင်ကို ငါခံမည်။
ငါ့ကိုပြုပြင်သူကို
ငါ့ဆရာဟု အသိအမှတ်ပြုမည်။
သူတစ်ပါးအကျိုးကို ငါလိုလားမှ
ငါ့အကျိုးကို သူတစ်ပါးလိုလားမည်။
ငါ့တာဝန်ကို ငါကိုယ်တိုင်သိ၍
ဆောင်ရွက်မည်။
ငါ့အလိုသို့သာ တစ်ဖက်သတ်လိုက်သူမှာ
ငါ့မိတ်ဆွေမဟုတ်။
သုခ၏မျိုးစေ့ဖြစ်သော ဒုက္ခကို
ရဲဝံ့စွာ ငါခံယူမည်။
ဒုက္ခ၏မျိုးစေ့ဖြစ်သော သုခကို
ရဲဝံ့စွာ ငါရှောင်ရှားမည်။
ငါ့အလုပ်နှင့်တူသော အကျိုးကို
မချွတ် ငါရမည်။

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ
စေတုတ္တရစ်ကျောင်း၊ ဆရာတော်ဘုရားကြီး၊ ဘဒ္ဒန္တဝိမလ။

## စာရေးသူ၏အမှာ

"ဘေးအမျိုးမျိုးကို၊ ကြောက်လန့်မှုအမျိုးမျိုးကို၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲအမျိုးမျိုးကို၊ အပါယ်လေးပါးဘေးကို၊ စိတ်ညစ်ညူးခြင်းကို ပယ်ဖျောက်ပေးတတ်သောကြောင့် သရဏဂုံမည်၏" ဟူ၍ မူလပဏ္ဏာသအဋ္ဌကထာအဖွင့်အရ သိမှတ်ရပါသည်။ ဤဖွင့်ဆိုချက်အရ သရဏဂုံတည်သူတစ်ယောက်အနေဖြင့် ယခုပစ္စက္ခဘဝရော၊ နောင်သံသရာအတွက်ပါ ဘာတစ်ခုမျှ ပူပန်စရာမရှိတော့ပါ။

တခြားအားကိုးစရာလဲရှာနေစရာမလိုအပ်တော့ပါ။ သို့သော် ယခုခေတ် ဗုဒ္ဓဘာသာအများစုမှာ ဘုရား၊ တရား၊ သံဃာမှတစ်ပါး တခြားအားကိုးစရာများ အပြိုင်အဆိုင်ရှာဖွေကိုးကွယ်နေကြသည်ကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့နေရပါသည်။ ရတနာသုံးပါးမှတစ်ပါး အခြားအားကိုးရာကိုရှာဖွေပြီဆိုသည်နှင့် တပြိုင်နက် ထိုသူအတွက် သရဏဂုံပျက်ရန် အင်မတန်မှ နီးစပ်သွားပါပြီ။ သရဏဂုံပျက်စီးခြင်းသည် အပြစ်မရှိသော အကုသိုလ်မဖြစ်သော ပျက်စီးခြင်း၊ အပြစ်ရှိသော အကုသိုလ်ဖြစ်သော ပျက်စီးခြင်းဟူ၍ နှစ်မျိုးရှိကြောင်း အထက်ပါ အဋ္ဌကထာ၌ပင် ဖွင့်ပြထားပြန်ပါသည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက် သေဆုံးသွားလျှင် သရဏဂုံ ပျက်စီးသွားပါသည်။ ထိုကဲ့သို့သောပျက်စီးခြင်းသည် အပြစ်မရှိသော၊ အကုသိုလ်မဖြစ်သော ပျက်စီးခြင်းပင်။ ရတနာသုံးပါးမှတစ်ပါး အခြားသော ဘိုးတော်၊ မယ်တော်၊ နတ်စိမ်း အစရှိသည်တို့ကို မိမိခန္ဓာကိုယ်နှင့်အသက်အား ပုပေး၍ကိုးကွယ်လိုက်လျှင် သရဏဂုံ ပျက်ပါတော့သည်။

ထိုကဲ့သို့သောပျက်စီးခြင်းကား အပြစ်ရှိသော၊ အကုသိုလ် ဖြစ်သောပျက်စီးခြင်းပင်။ သရဏဂုံပျက်ပြီဆိုမှဖြင့် ထိုသူ အတွက် အပါယ်တံခါးကား ဟင်းလင်းကြီးပွင့်လျက်သာ ရှိနေပါ လိမ့်မည်။

သရဏဂုံပျက်ခြင်း၏ အဓိကအကြောင်းသုံးမျိုးကိုလည်း ၎င်းအဋ္ဌကထာ၌ပင် ဆက်၍ဖော်ပြထားသည်မှာ–

မိစ္ဆာ = အယူအဆအမှားများ စွဲကပ်နေခြင်း၊

သံသယ = ရတနာသုံးပါးသည် ပစ္စက္ခ–သံသရာဆင်းရဲနှစ်မျိုး လုံးပယ်ဖျောက်ပေးနိုင်သည်ဆိုသည်မှာ ဟုတ်မှ ဟုတ်ပါ့မလားဟု သံသယဝင်နေခြင်း၊

အညာဏ = ရတနာသုံးပါး၏စွမ်းရည်သတ္တိများကို ကျကျနန မသိခြင်း–

ဟူ၍ဖြစ်ပေသည်။

ရတနာသုံးပါး၏စွမ်းရည်သတ္တိများကိုသာ ကျကျနနသိမည် ဆိုလျှင် ရတနာသုံးပါးသည် ပစ္စက္ခ–သံသရာနှစ်ဖြာလုံးအတွက် အားကိုးရာအစစ်ဟူ၍ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ယုံကြည်လာပြီ ဆိုလျှင် သရဏဂုံပျက်သူများမရှိသလောက် နည်းပါးလာမည်ဟု ကိုယ်ပိုင် ယုံကြည်မှုရှိသဖြင့် သီလပေး၍ သရဏဂုံဆောက်တည်ခန်းသို့

ရောက်လာသောအခါတိုင်း **သရဏဂုံအစွမ်း အုံ့မခန်းလက်တွေ့ ဖြစ်ရပ်ဆန်းလေးများ**ကို ညှပ်ညှပ်ပြီး ဟောပြောလာရာ လွန်စွာမှပင် အောင်မြင်မှုရရှိခဲ့ပါသည်။

ညတရားပွဲ ဟောစဉ်အနေဖြင့် **သရဏဂုံအစွမ်းအုံ့မခန်း** အပိုင်း (၁) (၂) ခွဲခြား၍ ဟောခဲ့ရာ ကျောင်းက ကက်ဆက်ဖြင့်လာကူး ယူသည်မှာပင် အခွေတစ်ရာနီးပါးရှိသည်။ မူရင်းခွေကိုယူပြီး သူတို့ ဘာသာဆိုင်မှာကူးတာမပါသေးပါ။ သာသနာ့ရောင်ခြည် မဂ္ဂဇင်း တွင်လည်း ၎င်းအမည်နှင့်ပင်ရေးသားပေးပို့ရာ ပါဝင်ဖော်ပြခဲ့ရပါ သည်။

**သရဏဂုံအစွမ်းအုံ့မခန်း**တရားကို နာကြားရသူ ဒကာ ဒကာမ များက နောင်သားစဉ်မြေးဆက် အကျိုးရှိစွာ ကျန်ရစ်အောင် စာအုပ်ရေးသားပြုစုဖို့ တိုက်တွန်းကြပါသည်။ ထို့ပြင် သူတို့တစ်တွေ၏ သရဏဂုံနှင့်ပတ်သက်သော ကိုယ်တွေ့လေးများကိုလည်း လျှောက် ထားကြရာ စာရေးသူအတွက်မှာ ဟော၍မကုန်၊ ရေး၍မကုန်နိုင်သော ကိုယ်တွေ့ဖြစ်ရပ်များစွာကို ရရှိခဲ့ပါသည်။

ယခုစာအုပ်မှာ သရဏဂုံနှင့်ပဂ်သက်၍ လက်တွေ့ဖြစ်ရပ်
နှန်၊ ကျမ်းဂန်လာဖြစ်ရပ်မှန်၊ ရာဇဝင်သမိုင်းလာဖြစ်ရပ်မှန်များကို
စုပေါင်း၍ ရေးသားခြင်းဖြစ်ပါသည်။ ရေးသားရာ၌လည်း လူကြီး
လူငယ်အားလုံး ပေါ့ပေါ့ပါးပါး စိတ်ဝင်တစားဖတ်နိုင်ရန် ခေတ်ပုံပြင်၊
ဝတ္ထုရေးသားဟန်ဖြင့် ရေးသားထားပါကြောင်း။

စာရှုသူအပေါင်း ချမ်းသာကိုယ်စိတ်မြဲကြပါစေ။

မေတ္တာရှင်(ရွှေပြည်သာ)
ဆရာတော်ဦးဇဝန
မန္တလေးကျောင်း (၆) ရပ်ကွက်
ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့။

၁၃၅၉ ခုနှစ် ပြာသိုလဆုတ် (၉) ရက်

# ၁။ သမ္မုဒ္ဒေ မကြောက်သော သူ

၁၃၅၀ ခုနှစ်ခန့်ကပင်ဖြစ်ပါသည်။ ရန်ကုန်တုင်း ရွှေပြည်သာ မြို့ (၆) ၁၃ ရပ်ကွက်မှ ဒေါ်တင်တစ်ယောက်______မြို့ ဆေးရုံကြီး၏ အရေးပေါ်အခန်းထဲတွင် ရောက်ရှိလျက်ရှိသည်။ ရောဂါက အမျိုးသမီးများ အဖြစ်များသော သားအိမ်ထဲအကျိတ်အလုံးတည်ခြင်း၊ ရောဂါတစ်ခုပင်။

စိုးရိမ်ရသည့်အတွက် အမြန်ခွဲစိတ်ရမည်ဟုဆိုကာ အရေးပေါ် အခန်းထဲထည့်ထားခြင်းပင်။ တစ်ခုခက်နေသည်က ဒေါ်တင်မှာ ရှိနေသော သွေးတိုးရောဂါပင်။ ၎င်းရောဂါကို အရင်သက်သာအောင် ဆေးစားပြီးစောင့်နေရသည်က နှစ်ရက်သုံးရက် ကြာသွားသည်။ အရေးပေါ်အခန်းဖြစ်သည့်အတွက် စောင့်ပေးသော ညီမမှာလည်း အထဲဝင်ခွင့်မရ၊ အခြားနေရာမှာသာ စောင့်ရရှာသည်။

ညရောက်လာသည်နှင့် ကြောက်စိတ်က အလိုလိုဝင်လာသည်။ အားကိုးပြုစရာရှာကြည့်တော့ အခန်းထဲတွင် ဘာသာခြားကုလား အမျိုးသမီးတစ်ဦးကိုသာ တွေ့ရသည်။ ဘာသာရော လူမျိုးရော ကွဲတော့ တော်တော်နဲ့စကားမပြောဖြစ်၊ သုံးရက်မြောက်နေ့မနက် တွင်မတော့ ထိုဘာသာခြားအမျိုးသမီးထံမှ ရှိုက်သံသဲ့သဲ့ထွက်လာ တော့ ဒေါ်တင်တစ်ယောက် မနေနိုင်တော့၊ မိန်းမချင်းကိုယ်ချင်းစာ သောစိတ်ဖြင့် သွားရောက်မေးမြန်းမိသည်။

"ဪ–ဒီကညီမ၊ ကျွန်မဘာများ အကူအညီပေးရမလဲဟင်"

"ကျွန်မကို ကယ်နိုင်ရင် ကယ်ကြပါရှင်၊ ကျွန်မ နေရမှာ မဟုတ်တော့ပါဘူး" ပြောပြောဆိုဆိုဖြင့် ဒေါ်တင်ဘက်သို့ လှည့်ကြည့်လိုက်သော ဘာသာခြားအမျိုးသမီးမျက်နှာကိုမြင်လိုက်ရသည်နှင့် ဒေါ်တင်တစ်ယောက် ထိတ်ကနဲဖြစ်သွားကာ ထရပ်မိမတတ်ဖြစ်သွားသည်။ ဖြစ်မည်ဆိုလဲ ဖြစ်လောက်စရာပင်။

အဘယ်ကြောင့်ဆိုသော် ဆင်းရက်ပင်ရပြီးဖြစ်၍ ကျန်းမာစဖြစ်နေသော ဘာသာခြားအမျိုးသမီးမှာ ညကပင် စိတ်ချမ်းချမ်းသာသာဝဝဖြိုးဖြိုးတွေ့ရသော်လည်း ယခုမနက်တွင်ကား အသားအရေများမှာ ယူပစ်လိုက်သကဲ့သို့ တစ်ကိုယ်လုံး အရိုးပေါ်အရေတင်သာ ကျန်ရှာတော့သည်။

ပါးချောင်ကြီးကျပြီး မျက်တွင်းကြီးချိုင့်နေလိုက်သည်မှာ ကြောက်တတ်သူဆိုလျှင် လိပ်ပြာလွင့်လောက်ပါသည်။ သို့သော် မြန်မာလူမျိုးတို့ လက်သုံး ကရုဏာတရားက အကြောက်တရားကို လွှမ်းမိုးသွားသဖြင့် ခုတင်ဘေးတွင် တင်ပလွဲထိုင်နေရင်းက ထိုအမျိုးသမီး၏လက်ကိုဆုပ်ကာ အားပေးလိုက်မိသည်။

"ညီမရယ် အားငယ်စရာတွေမပြောပါနဲ့၊ ဆရာဝန်ကြီးကတောင် ညီမကိုဆင်းရက်ရပြီလို့ ပြောသွားတယ်မဟုတ်လား၊ ညီမ ဘာမှဖြစ်စရာ မရှိပါဘူး"

"ညီမနေရဖို့အချိန်သိပ်မရှိပါဘူး၊ အစ်မကိုပဲမှာချင်တာ မှာခဲ့ပါရစေ၊ နေ့ခင်းညီမအိမ်ကလူတွေလာတဲ့အခါ တစ်ခုလောက်ပြောပေးပါ"

"ပြောလေညီမ ဘာပြောရမလဲ"

"ညီမစုထားတဲ့ငွေကြေးအချို့ကို ကုသိုလ်ပြုပြီး ညီမကို အမျှပေးကြပါလို့"

"ညီမက ဗုဒ္ဓဘာသာလား"

"ဗုဒ္ဓဘာသာတော့မဟုတ်ပါဘူး၊ ဒါပေမယ့် ကုသိုလ်ပြု အမျှဝေတဲ့အခါမှာတော့ ဗုဒ္ဓဘာသာအတိုင်းသာ ပြုပေးပါလို့ ပြောပေးပါ"

"အေး–အေး ပြောပေးပါ့မယ်ကွယ်"

ထိုအခါ ဒေါ်တင်တစ်ယောက် ပျဉ်းမနားမှ ကုလားသူဌေးကြီးတစ်ယောက်အကြောင်းကို သွားအမှတ်ရမိသည်။ ၎င်းသူဌေးကြီးမှာ သမီးလေးတစ်ယောက်သာရှိရာ လင်မယားနှစ်ယောက်လုံး ငုံထားမတတ် ချစ်ကြသည်။

တစ်နေ့တွင် သမီးငယ်လေးမှာ ရုတ်တရက် ရောဂါတစ်ခုဖြင့် ဆုံးပါးသွားတော့ရာ သူဌေးကြီးတို့ လင်မယားမှာ ဆောက်တည်ရာမရဖြစ်အောင် ခံစားကြရရှာသည်။ မကျွတ်ရှာသောသမီးလေးမှာ သေပြီးနောက်တစ်ရက်မှာပင် သူနေသောအခန်းထဲမှ ချိုးချိုးချွတ်ချွတ်အသံပေးခြင်း၊ မိဘနှစ်ပါးသာရှိနေသောအခါတို့တွင် "ဒယ်ဒီနဲ့မာမီ သမီးကို အဝတ်အစားကျွေး ပေးပါ" ဟူသော အသံကလေးကို ညတိုင်းကြားနေရသဖြင့် သူတို့ဘာသာထုံးစံအတိုင်း ပြုလုပ်ပေးသော်လည်း သမီးငယ်လေးအသံက ပျောက်ပျက်မသွားပေ။

သို့ဖြင့် မိဘနှစ်ပါးမှာ ကြံရာမရဖြစ်နေစဉ် သစ်လုပ်သားထဲမှ ဗုဒ္ဓဘာသာတစ်ယောက်ကို ဖွင့်ဟတိုင်ပင်ပြီး ဗုဒ္ဓဘာသာနည်းအတိုင်း ရဟန်းသံဃာများပင့်ကာ ဆွမ်း၊ သင်္ကန်းများလှူပြီး အမျှပေးသောအခါမှ ညတိုင်းကြားနေရသော သမီးငယ်လေး၏ အသံမှာ ပျောက်သွားခဲ့ပါသည်။ ထိုမှနောက် သူဌေးကြီးတို့ လင်မယား

နှစ်ယောက်မှာလည်း ဗုဒ္ဓဘာသာအဖြစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ပါတော့သည်။

ယခုအမျိုးသမီးလဲထိုကဲ့သို့ပင် သဘောပေါက်ထားသောကြောင့် ယခုလိုပြောခိုင်းခြင်း ဖြစ်လိမ့်မည်ဟူ၍ နားလည်ထားလိုက်ပါသည်။

“အစ်မကိုလဲ ကိုယ့်အစ်မအရင်းလိုသဘောထားပြီး တစ်ခုသတိပေးခဲ့ပါရစေ”

“ရှင်–ဩော်–ပြောလေ ညီမ၊ ပြောပါ”

ကိုယ့်အတွေးနှင့်ကိုယ် လွင့်မြောနေသောအချိန်မို့ ဒေါ်တင်ထံမှ အာမေဍိတ်သံတစ်ခု ထွက်သွားသည်။

“အစ်မ–ညီမ အခုသေရမယ်ဆိုတာ တခြားကြောင့်မဟုတ်ဘူး၊ လူတွေရဲ့ သာမန်မျက်စိနဲ့မမြင်ရနိုင်တဲ့ မကောင်းဆိုးဝါးတွေကြောင့်ပဲ၊ အစ်မလဲ ကိုယ့်ဘာသာနည်းနဲ့ကိုယ် မကောင်းဆိုးဝါးဘေးကလွတ်အောင် အကာအကွယ်လုပ်ထားပါ”

“ညီမကို မနေ့ညက (၁၂) နာရီလောက်မှာ အလွန်ကြောက်စရာကောင်းတဲ့ ခေါင်းပြတ်ကြီး ဆယ်လုံးက ဝိုင်းပြီးလိုက်ကြတယ်၊ ပထမတော့ ကိုယ့်ဘာသာနည်းနဲ့ ကြိုးစားပြီးကာကွယ်ကြည့်သေးတယ်၊ ဘယ်လိုမှမရဘူး၊ မရတဲ့အဆုံးမှာတော့ သူလိုကိုယ်လိုပဲထွက်ပြေးရတော့တာပေါ့”

“ဒါပေမယ့် မလွတ်ပါဘူးအစ်မရယ်၊ နောက်တော့ ညီမရဲ့ ဟောဒီလက်မလေးကို ခေါင်းပြတ်တစ်လုံးက ကိုက်မိသွားတယ်၊ ဒီမှာ သေချာကြည့်ပါ အစ်မ”

ဒေါ်တင်တစ်ယောက် မယုံတစ်ဝက်ယုံတစ်ဝက်မျက်နှာဖြင့် သေချာကြည့်လိုက်တော့ သွားကိုက်ရာလေးဖြင့် သွေးခြေဥနေသော လက်မလေးကို သေသေချာချာ မြင်လိုက်ရသည်။

"ဘုရား–ဘုရား ဘယ်လိုများဖြစ်ကုန်ကြပါလိမ့်" အထိတ်တလန့်ဖြင့် ဘုရားကိုပင် စိတ်ထဲမှ တ,လိုက်မိသည်။

"ညီမရဲ့ လက်ကိုအကိုက်ခံလိုက်ရကတည်းက ညီမမှာရှိတဲ့ အားတွေ နည်းနည်းမှမကျန်အောင် ထုတ်ယူပစ်သလိုခံစားလိုက်ရတယ်၊ လူလဲအဝတ်ပုံကြီးလို ခွေကျသွားတယ်၊ အဲဒီအချိန်မှာပဲ မည်းမည်းအကောင်ကြီးတစ်ကောင်က ညီမကို ဟိုး ကောင်ကင်အမြင့်ကြီးထိ ဖမ်းခေါ်သွားပြီးမှ အောက်မြေပေါ်ကို ပြန်လွှတ်ချပစ်လိုက်တယ်၊ အခုတော့ ညီမ အဲဒီဒဏ်နဲ့ပဲသေရတော့မှာပါ၊ ကဲကဲ–အစ်မလဲ အစ်မနေရာသွားပြီး ကိုယ့်အကာအကွယ်နဲ့ ကိုယ်နေပါတော့"

ထိုသို့ပြောဆိုပြီးသည်နှင့် အမျိုးသမီးက ခေါင်းကို ခေါင်းမြီးခြုံသွားသဖြင့် ဒေါ်တင်တစ်ယောက် ဘာမှဆက်မပြောနိုင်တော့ဘဲ မိမိခုတင်သို့ ပြန်ခဲ့ရတော့သည်။ ထိုအချိန်မှာပင် လူနာစောင့်တာဝန်ကျနေသော ဒေါ်တင်၏ညီမအငယ်ဆုံး အခန်းထဲ စားစရာအချို့နှင့်အတူဝင်လာသည်။

"အစ်မရေ–ကျွန်မ ဆရာဝန်ကြီးနဲ့တွေ့လာတယ်၊ ဆရာဝန်ကြီးကပြောတယ်၊ သွေးတိုးရောဂါ စိတ်ချရမှခွဲမှာဆိုတော့ နောက်သုံးရက်လောက် စောင့်ရဦးမယ်တဲ့၊ အဲဒီတော့ ခွဲစိတ်မယ့်ရက်မှပဲ ညီမလာတော့မယ်၊ ဒီကြားထဲတော့ ဆေးရုံရှေ့က ထမင်းဆိုင်မှာပဲ အစ်မဘာသာကြည့်စားပေတော့၊ ဆိုင်ကိုလဲ မှာထားပါတယ်၊ အစ်မလာမစားနိုင်ရင် အခန်းထဲထိ လာပို့ပါလို့၊ ကဲ–ကျွန်မပြန်တော့မယ်၊ အိမ်မှာ ကလေးတွေချည်းဆိုတော့ စိတ်မချရဘူး၊ အစ်မရော ဘာမှာချင်သေးလဲ"

စောင့်ပေးနေသော ညီမက ပြန်သွားတော့မည်ဆိုတော့လဲ အားငယ်စိတ်က အလိုလိုဝင်လာသည်။ သူ့ကိုယ်သူသေမည်ဟု ပြောနေသော အမျိုးသမီးကို လှမ်းကြည့်လိုက်တော့ စောင်ခေါင်းမြီး ခြုံလျက် တိတ်ဆိတ်ငြိမ်သက်စွာတွေ့ရသောကြောင့် သေများသွားပြီ လားဟူသောအတွေးနှင့်အတူ ခန္ဓာကိုယ်မှာ ဆတ်ကနဲတစ်ချက် တုန်သွားသည်ကို ကိုယ့်ကိုယ်ကို သတိထားမိလိုက်သည်။

အကြီးဆုံးအစ်မတစ်ယောက်က အငယ်ဆုံးညီမတစ်ယောက်ကို ငါကြောက်လို့ မပြန်ပါနဲ့ဟူသောစကားကိုလဲ ပြောရမှာ ရှက်နေသဖြင့် ဘာမှမပြောမိ။

"ကဲပါလေ ပြန်ချင်လဲပြန်ပါ၊ အစ်မအတွက် ဘာမှ ပူစရာ မရှိပါဘူး၊ မှာစရာလဲမရှိပါဘူး"

ဒေါ်တင်၏စကားဆုံးသည်နှင့် ညီမဖြစ်သူမှာ သိမ်းစရာရှိသော ပစ္စည်းတချို့ကို သိမ်းဆည်း၍ ဆေးရုံဝင်းထဲမှ ထွက်ခွာသွားပါ တော့သည်။ ဟိုတွေးဒီတွေးဖြင့် အချိန်ကုန်သွားရာ နေ့လယ် (၁၁) နာရီခန့်အချိန်မှာပင် ဘာသာခြား အမျိုးသမီး၏ ဆွေမျိုးများဖြစ်ဟန် တူသော မိန်းမနှစ်ယောက်နှင့် ယောကျ်ားတစ်ယောက်တို့ဝင်လာ သည်ကို တွေ့လိုက်ရသည်။

တစ်ခဏအကြာမှာပင် ထိုအမျိုးသမီးခုတင်မှ စူးစူးဝါးဝါး အော်ဟစ်ငိုယိုသံတစ်သံကို ကြားလိုက်ရသည်။

"အမယ်လေးသမီးရဲ့ အဖြစ်ဆိုးလှချည်လား၊ ဆေးရုံက ဆင်းခွင့်ရပြီးကာမှ ဘယ်လိုအဖြစ်ဆိုးနဲ့ ကြုံရတာလဲကွယ်၊ ဟဲ့ဟဲ့"

ငိုယိုသံကိုထောက်ဆကြည့်လိုက်လျှင် ထိုအမျိုးသမီး သေဆုံး သည်မှာ သေချာနေပေပြီ။ ၎င်း မှာထားသော စကားများကို သတိ ရလိုက်မိသည်နှင့် ကြောက်စိတ်ကြောင့် ကြက်သီးများတဖျန်းဖျန်း

ထသွားရင်းဖြင့်ပင်။ ထိုအမျိုးသမီး၏ မှာထားချက်များကို သွား၍ ပြောလိုက်ရသေးသည်။ သူတို့တစ်တွေက မယုံသလိုယုံသလို မျက်နှာ ပေးတွေနှင့်ကြည့်နေကြသဖြင့် ယုံတာ၊ မယုံတာသူတို့အလုပ်၊ မှာထား ခဲ့သည့်အတိုင်း ပြောရမှာ ငါ့အလုပ်ဟု သဘောထားပြီး ပြောပြီးသည်နှင့် ကိုယ့်နေရာကို အေးအေးဆေးဆေး ပြန်လာခဲ့လိုက်သည်။

ဘာသာခြားအမျိုးသမီး၏ အလောင်းကို ပိတ်ဖြူအုပ်ပြီး ထုတ်ယူသွားသည်နှင့် မြင်ကွင်းက ဒေါ်တင်၏မျက်စိထဲတွင် ပျောက် မရနိုင်အောင်ဖြစ်နေရသည်။ ညမိုးချုပ်လာသည်နှင့် ကြောက်ရွံ့စိတ် တို့ကလည်း တဖြည်းဖြည်း များလာသည်။ ကျန်လူနာခန်းများနှင့် အရေးပေါ်ခန်းမှာ ဘာမှဝေးသည်တော့မဟုတ်။

စကားကျယ်ကျယ်ပြောလျှင်ပင် ကြားနိုင်လောက်သော အနေ အထားမှာရှိသည်။ ချောက်ချားသောစိတ်ကို ဖြေဖျောက်ရန်အလို့ငှာ တခြားအခန်းမှ လူနာများကို သွားရောက်စကားပြောရင်းဖြင့် အချိန်ဖြုန်းနေလိုက်သည်။ သို့သော် ည (၁၀) နာရီခန့်ရှိသောအချိန် တွင်ကား အိပ်ချိန်ရောက်နေပြီဖြစ်သဖြင့် ကိုယ့်နေရာကိုယ် အလိုက် တသိ ပြန်နေရတော့သည်။

ဘာသာခြားအမျိုးသမီးမှာခဲ့သော "ညီမ အခုသေရမယ် ဆိုတာ တခြားကြောင့်မဟုတ်ဘူး၊ လူတွေရဲ့ သာမန်မျက်စိနဲ့မမြင် နိုင်တဲ့ မကောင်းဆိုးဝါးတွေကြောင့်ပဲ" ဆိုသည့်စကားလုံးက ဒေါ်တင်၏ စိတ်နှလုံးကို တစ်ညလုံး ချောက်ချားစေခဲ့သည်။ ဟိုလူးဒီလိမ့်ဖြင့် ည (၁၂) နာရီ ထိုးသွားခဲ့လေပြီ။

ထိုအချိန်မှာပင် မိမိအခန်းဆီသို့ တရှပ်ရှပ်ဖြင့်လာနေသော ခြေသံကို ကြားလိုက်ရသဖြင့် ခေါင်းမြီးခြုံထားသော စောင်ကို ဖယ်၍ သေချာစွာကြည့်လိုက်ရာ ဘာကိုမှ မတွေ့ရ။

ခုတင်ပေါ်တွင် အသီးသီးအိပ်ပျော်နေကြသော လူနာများကို လည်း မှန်ခန်းစည်းမှ အတိုင်းသားမြင်နေရသည်။ ထူးခြားသည်က ခြေသံကိုသာကြားနေရသည်။ ခြေသံပိုင်ရှင်ကို မတွေ့ရဖြစ်နေခြင်း ပင်။ မိမိနေသော အရေးပေါ်အခန်း၀၊ လှူ၀င်တံခါးနားရောက်တော့ ခြေသံက ခဏပျောက်သွားသည်။

လှူ၀င်တံခါးကလည်း မှန်ကိုသာတပ်ထားသည်မို့ အပြင်ဘက် ကို အထင်းသားမြင်နေရပါသည်။ ခဏအကြာမှာပင် လှူ၀င်တံခါး ရှေ့မိမိအခန်း၀တွင် စုတ်ပြတ်ပေရေနေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ အေးစက်စက်နှင့် ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာထားကြီးကို မြင်လိုက်ရသည်နှင့် ဘယ်လိုက ဘယ်လိုဖြစ်သွား သည်မသိ။

ဒေါ်တင်၏ ညာလက်ညှိုးက ထိုမကောင်းဆိုး၀ါးရှိရာ တည့်တည့်ထိုးလျက် **သမ္ဗုဒ္ဓေဂါထာတော်**ကို နှုတ်တက်ရွရွရွတ်ဆို လျက်ရှိပါတော့သည်။ ဂါထာတစ်ခေါက်မဆုံးမီမှာပင် စိတ်ပျက် သောအမူအရာနှင့် ပြန်ထွက်သွားသည်ကို မျက်၀ါးထင်ထင် မြင်တွေ့ နေရသည်။

မိမိ၏မြင်ကွင်းမှ ကွယ်ပျောက်သွားသည်နှင့် ဂါထာကို အရွတ်ရပ်ပြီး နေခင်းကမှ သေဆုံးသွားသော ဘာသာခြားအမျိုး သမီး၏ ခုတင်ကိုလှမ်းကြည့်လိုက်မိသေးသည်။ ထိုအမျိုးသမီး၏ မှာကြားခဲ့သောစကားတို့မှာ သေခါနီး ကယောင်ချောက်ချားထင်မိ ထင်ရာပြောခဲ့ခြင်းမဟုတ်သည်မှာတော့ သေချာနေသည်။

မကောင်းဆိုး၀ါးကို မိမိကိုယ်တိုင် တွေ့လိုက်ရပြီမဟုတ်ပါ လား။ ဘာမှတော့ သိပ်ကြာလိုက်သည်မထင်ရ။ စောစောက လှူ၀င်

တံခါးမှပင် အဖြူရောင်အဝတ်စသဏ္ဍာန်ကို တွေ့လိုက်ရသလို ရှိသဖြင့် သေသေချာချာစိုက်ကြည့်လိုက်မိသည်။ သေချာသွားလေပြီ။

"မသေခင် ကိုယ့်ဘာသာ သရဏဂုံတင်ထားပြီး စွဲမြဲနေဖို့ပဲ အရေးကြီးတယ်၊ သေပြီးမှ သရဏဂုံတင်နေလို့ကတော့ သေသွားသူအတွက် ဘာမှအကျိုးမရှိဘူး၊ ကျန်ရစ်တဲ့ မိသားစုအတွက်ပဲ အကျိုးရှိတယ်" ဟူသော ဆရာတော်ကြီးများ၏ အဆုံးအမကို သတိရသည်နှင့် ဒေါ်တင်တစ်ယောက် အချည်းနှီးဖြစ်သော ရန်းကန်နေသည့်အလုပ်ကို ရပ်လိုက်ကာ–

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သံဃံ သရဏံ ဂစ္ဆာမိ၊

သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဟူ၍ နောက်ဆုံးဆောက်တည်နေခြင်းအနေဖြင့် အာရုံရရရွတ်ဆိုဆောက်တည်လိုက်ရာ သရဏဂုံအဆုံးမှာပင် သရဏဂုံသုံးပါး၏ အစွမ်းသတ္တိကို ကိုယ်တွေ့ကြုံလိုက်ရသော ဒေါ်တင်ကတော့ တခြားဘာကိုမှ အာရုံမထားနိုင်တော့ဘဲ သရဏဂုံသုံးပါးကိုသာ ဆက်တိုက် ရွတ်ဖတ်သရဇ္ဈာယ်နေတော့ရာ မည်မျှလောက် ကြာသွားသည် မသိတော့။

တာဝန်ကျ သူနာပြုလေးများနှင့် တခြားအခန်းမှ လူနာများ အခန်းထဲဝင်လာပြီး ဝိုင်းဝန်းမေးမြန်းပြုစုတော့မှပင် အရွတ်ရပ်နိုင်ပါတော့သည်။ ဘေးလူများကတော့ တခြားဘာကိုမှ မမြင်လိုက်ကြ။ သရဏဂုံသုံးပါးကို ပက်လက်ကြီးလှန်၊ လက်အုပ်ချီပြီး အသံကျယ်

ကြီးဖြင့် ဆက်တိုက်ရွတ်ဖတ်နေသောကြောင့်သာ အထူးအဆန်း ဖြစ်ပြီး ဝင်ရောက်မေးမြန်းကြခြင်းဖြစ်သည်။

ထိုရက်မှနောက်တွင်ကား ၎င်းအခန်းထဲတွင် မကောင်းဆိုးဝါး အန္တရာယ် လုံးဝကင်းရှင်းသွားကြောင်း၊ သူကိုယ်တိုင်လည်း ခွဲစိတ်ပြီးသည်အထိနေခဲ့ရသော်လည်း ဘာအနှောင့်အယှက်မှ ထပ်မတွေ့တော့ကြောင်းကို ဝမ်းသာအားရ ပြောပြခဲ့ပါသည်။ စာရှုသူအပေါင်းလည်း သရဏဂုံအစွမ်းဖြင့် မကောင်းဆိုးဝါး အန္တရာယ်မှ ကင်းဝေးကြပါစေသော်။

## အတ္တသန္နိယျာတနသရဏဂုံ ဆောက်တည်ပုံ

ဇီဝိတ ပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယန္တိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယန္တိကံ သံဃံ သရဏံ ဂစ္ဆာမိ၊

အသက်ဆုံးသည့်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

အသက်ဆုံးသည့်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

အသက်ဆုံးသည့်တိုင်အောင် သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဧတံ ခေါ သရဏံ ခေမံ၊
ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။ **(ဓမ္မပဒ)**

သရဏဂုံသုံးပါးသည် ဘေးအန္တရာယ်မှန်သမျှကိုကင်းရှင်းစေသောကြောင့် ကိုးကွယ်အားထားရာဖြစ်သည်။

သရဏဂုံသုံးပါးသည် ဂါထာ မန္တန်တို့တွင် အမြတ်ဆုံးဖြစ်သောကြောင့် ကိုးကွယ်အားထားရာဖြစ်သည်။

ဤသရဏဂုံသုံးပါးကို အကြောင်းပြု၍ ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းရာ နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုနိုင်သည်။

## လူနဲ့သရဲ ဘယ်သင်းက များ

လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံဟူသော သုဂတိ (၂၇) ဘုံတို့မှ သတ္တဝါတစ်ယောက်လျှင် အပါယ်လေးဘုံတို့မှ သတ္တဝါ အသင်္ချေကျထား၍ နှိုင်းယှဉ်သည်ရှိသော် သုဂတိ (၂၇)ဘုံ၌ သတ္တဝါတွေကုန်လေရာ၏။ အပါယ်လေးဘုံရှိ သတ္တဝါကား မကုန်လေရာ။ ဤမျှလောက် အပါယ်လေးဘုံသည် အသိုက်အအုံ ကြီးမားလှ၏။ **(ဘာဝနာဒီပနီမှ)**

**မှတ်ချက်။** ။အသင်္ချေ၏ အရေအတွက်မှာ အလျား အနံ အမြင့် (၁၂) မိုင်ရှိ ဂိုထောင်ကြီးထဲမှ အပြည့်ရှိနေသော မုန်ညင်းစေ့အရေ အတွက်ထက် ပို၍များပြားသေးသည်ဟု ဆိုထားပါသည်။ သရဲဆိုသည်မှာ အပါယ်ဘုံသား ပြိတ္တာများပင် ဖြစ်သောကြောင့် လူအရေအတွက်ထက် အဆပေါင်းများစွာ သာလွန်များပြားနိုင်ပါသည်။

* * *

## ၂။ မိုင်းဖုံး အန္တရာယ် သရဏဂုံကယ်

သူ့အမည်က ဒေါ်မြလေး၊ လှိုင်မြို့နယ် (၃) ရပ်ကွက်၊ ၁၀ လမ်းတွင် နေထိုင်သည်။ ယခုအချိန် (၁၉၉၂) တွင် အသက် (၇၀) ကျော်ခဲ့ပါပြီ။ ခင်ပွန်းဖြစ်သူက အဖွားထက် အသက်ပိုကြီးပါသည်။ ယခုအချိန်တိုင်အောင် ဇနီးမောင်နှံနှစ်ယောက်လုံး ကျန်းကျန်းမာမာ ရှိနေလျက်ပင်။

"အရှင်ဘုရားက သရဏဂုံအကြောင်းကို စာလဲရေး၊ တရားလဲ ဟောတယ်ဆိုတော့ တပည့်တော်ကိုယ်တွေ့တစ်ခုနဲ့ တပည့်တော်မတို့တစ်ယောက်ရဲ့ ကိုယ်တွေ့တစ်ခုကို အများအကျိုးအတွက် ပြောပြပါ့မယ်"

"တပည့်တော်မက မွန်လူမျိုးပါ၊ မော်လမြိုင်ဇာတိပါပဲ၊ သရဏဂုံသုံးပါးကို ရွတ်ဆိုပွားများ ပုတီးစိပ်ကြတာကတော့ သိတတ်တဲ့ အရွယ်ကတည်းကပါပဲ၊ တပည့်တော်မခင်ပွန်းလည်း တပည့်တော်မနဲ့ အိမ်ထောင်ကျစကတည်းက သရဏဂုံပုတီးစိပ်မြဲခဲ့တဲ့သူပါ။ ဒါ့ကြောင့်လည်း အခုပြောတော့မယ့် လက်တွေ့ဖြစ်ရပ်မှာ ဇနီးမောင်နှံနှစ်ယောက်လုံး သေဘေးကလွတ်ခဲ့ကြရတာပါ"

"နှစ်ကတော့ တော်တော်ကြာခဲ့ပါပြီဘုရား၊ လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀) ကျော်လောက်ကပေါ့၊ တပည့်တော်မတို့ လင်မယားနှစ်ယောက်

လုံးရထားစီးပြီး မော်လမြိုင်ကို ခေတ္တအလည်ပြန်ကြပါတယ်၊ တပည့်တော်မတို့ ဇနီးမောင်နှံမှာ မမေ့မလျော့တဲ့ ကျင့်စဉ်တစ်ခုရှိပါတယ်"

"အဲ ဒါကတော့ ခရီးထွက်သွားပြီဆိုရင် ယာဉ်ပေါ်ကို ရောက်တာနဲ့ သရဏဂုံသုံးပါးကို လိုရာခရီးမရောက်မချင်း ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့ အကျင့်ပါပဲ၊ ခရီးဝေးဝေး နီးနီး ဒီအကျင့်ကတော့ ဘယ်တော့မှ မပျောက်တော့ပါဘူး"

"သရဏဂုံအပါအဝင် ဂါထာမန်သမျှ ရွတ်ဖတ်သရဇ္ဈာယ်ကြမယ့်သူများကို တပည့်တော်က တစ်ခုလောက် လေးလေးနက်နက်သတိပေးစေချင်ပါတယ်၊ အဲဒါကတော့ ဂါထာမန္တန်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်တဲ့အခါမှာ ခလုတ်ထိမှ အမိတသဘောမျိုး၊ အရေးကြုံမှထရွတ်တာမျိုးတော့ မဖြစ်စေချင်ဘူး ဘုရား"

"မိမိက နေ့စဉ် စရဏမရှိဘဲ အရေးကြုံမှထရွတ်လို့ထင်သလိုဖြစ်မလာတဲ့အခါ ဘုရားဟောဂါထာတွေကို ဘာမှ မစွမ်းပါဘူး၊ အလကားပါပဲဆိုပြီး အပြစ်ပြောတတ်ကြပါတယ်၊ အဲဒါ ဘုရားဟောဂါထာကမစွမ်းလို့ မဟုတ်ပါဘူး၊ မိမိကနေ့စဉ် စရဏမရှိလို့ထင်သလိုဖြစ်မလာတာပါ"

"ဥပမာအားဖြင့် အမြဲတန်း ဓားထက်ထက်ကို အလွယ်တကူသုံးချင်ရင် အဲဒီဓားကို မကြာခဏ သွေးပေးနေရပါမယ်၊ ဒါမှလဲ မိမိလိုလို့သုံးတဲ့အခါ ပြတ်မှာပေါ့၊ အဲလိုမဟုတ်ဘဲနဲ့ ဓားကိုတော့ မသွေးမပြု ထားချင်သလိုပစ်ထားပြီး အသုံးလိုမှ ထုတ်သုံးလို့ကတော့ ဘယ်လိုမှ ပြတ်မှာ မဟုတ်ပါဘူး"

"အဲဒီမပြတ်တာဟာ ဓားရဲ့အပြစ်မဟုတ်ပါဘူး၊ မသွေးတဲ့လူရဲ့အပြစ်ပါ၊ အခုလဲ သရဏဂုံသုံးပါးကို ဝတ်ကလေးထားပြီး နေ့စဉ်တတ်နိုင်သလောက် အချိန်လေးမှာ ရွတ်ဖတ်သရဇ္ဈာယ်နေဖို့

လိုပါတယ်၊ သရဏဂုံသုံးပါးကတော့ မစွမ်းမှာဘာမှမပူပါနဲ့၊ စာလုံး တစ်လုံး–တစ်လုံးမှာ မြတ်စွာဘုရား ကျင့်ကြံတော်မူခဲ့တဲ့ လေး သင်္ချေကမ္ဘာတစ်သိန်းပါရမီအားတွေ တင်းပြည့်ကျပ်ပြည့် ပါနေလျက် ပါ”

“ကဲ–တပည့်တော်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်လေးကို အကျဉ်း ချုပ်ပဲပြောပါရစေတော့၊ တပည့်တော်တို့စီးတဲ့ရထား သူပုန်တွေ ထောင်ထားတဲ့ မိုင်းထိတယ်ပေါ့ဘုရား၊ ကံဆိုးချင်တော့ တပည့် တော်တို့စီးတဲ့ တွဲတည့်တည့်မှာ မိုင်းတစ်လုံးလာပေါက်တယ် ဘုရား”

“ဝုန်းဆိုတဲ့အသံနဲ့အတူ တပည့်တော်တို့စီးတဲ့ရထားတွဲကြီး အပေါ်ကို မြောက်တက်သွားလိုက်တာ တပည့်တော်စိတ်ထဲ တော်တော် ကြီးကိုကြာမယ်ထင်ပါတယ်၊ တပည့်တော်တို့ ဇနီးမောင်နှံ နှစ်ယောက် ကတော့ ဝုန်းဆိုတဲ့အသံကြားကတည်းက တစ်ယောက်လက် တစ်ယောက်ဆုပ်ပြီး သရဏဂုံသုံးပါးကိုပဲ မျက်စိမှိတ်ပြီး ရွတ်နေလိုက် ကြတယ်ဘုရား”

“မြေကြီးပေါ်ကို ပြန်ကျလိုက်တဲ့အရှိန်ကလဲဘယ်နည်းလိမ့် မလဲဘုရား၊ သေလိုက်ကြတာကတော့ အရှင်ဘုရားရယ် မြင်မကောင်း ရှုမကောင်းပါပဲ၊ သရဏဂုံကိုယ်လုံးခြုံထားတဲ့တပည့်တော်တို့ ဇနီး မောင်နှံမှာတော့ ဘာဒဏ်ရာဒဏ်ချက်မှ မရခဲ့ပါဘူးဘုရား၊ သရဏဂုံ သုံးပါးက ကယ်ခဲ့လို့သာ တပည့်တော်တို့ ဒီအသက်အရွယ်ထိ နေနေရတာပေါ့ဘုရား”

“မြန်မာနိုင်ငံက မိုင်းခွဲခံရတဲ့ရထားတွေထဲမှာတော့ တပည့် တော်တို့စီးတဲ့ ရထားလောက် လူသေများတာ ရှိမယ်မထင်ပါဘူး ဘုရား”

* * *

## ၃။ သရဏာဂုံတစ်ခဏ နတ်ပြည်တစ်ဘ၀

နေက တဖြည်းဖြည်းမြင့်လာပြီဖြစ်တဲ့အတွက် ကျွန်ုပ်ကိုယ်မှာ ချွေးသံတွေတရွှဲရွှဲဖြစ်လို့လာသည်။ နောက်ထပ် နှစ်မိုင်လောက်လျှောက်လိုက်လျှင်တော့ ရှေ့တည့်တည့်မှ မြင်နေရသော တောအုပ်ကို ရောက်ပေလိမ့်မည်။ ထိုတောအုပ်ထဲရောက်မှပဲ အမောအပန်းဖြေကာ ပါလာသောရိက္ခာထုပ်ကိုစားတော့မည်ဟူသော အတွေးဖြင့် အသွားနှုန်းကို အနည်းငယ်မြှင့်တင်လိုက်မိသည်။

ကျွန်ုပ်၏အမည်က ဆတ္တ၊ ဘာသာက ဗြာဟ္မဏ(ဟိန္ဒူ) ဘာသာ၊ ဇာတိက သေတဗျမြို့၊ ယခုသွားနေသည်က တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးထံ ပညာသင်ခ အသပြာတစ်ထောင်ပူဇော်ရန် တောအုပ်လေးထဲရောက်ခါနီး မိုင်ဝက်လောက်အလိုတွင် လွင်တီးခေါင်၌ စကြံလျှောက်နေသော အသက်ကြီးကြီး ရဟန်းတစ်ပါးကို တွေ့လိုက်ရသည်။

ဘာသာချင်းမတူသည်မို့ မသိချင်ယောင်ဆောင်ကာ ဆက်လျှောက်သွားမည် အပြုတွင်–

"ချစ်သား ဆတ္တ၊ အဘယ်အရပ်သို့ ခရီးဆက်မလို့ပါလဲ" ဟူသော အကျွန်ုပ်ရဲ့အမည်ကို ခေါ်ပြီး နှုတ်ဆက်မေးမြန်းလိုက်တဲ့

အသံကြောင့် ခေတ္တရပ်ပြီး ပြန်လည်ဖြေကြားရပါတော့တယ်။ တောအုပ်ထဲ မြန်မြန်ရောက်ချင်နေတာဆိုတော့ စိတ်ကတော့ တိုချင်ချင်ပဲ။

"တက္ကသိုလ်က ဒိသာပါမောက္ခဆရာကြီးကို ဉာဏ်ပူဇော်ခကန်တော့ရအောင် သွားမလို့ပါ ရဟန်းကြီး"

"သင်–ချစ်သားအတွက် အပန်းမကြီးဘူးဆိုရင် ငါဘုရားထံမှာ သရဏဂုံသုံးပါး ဆောက်တည်သွားပါလား"

ဩော်–လက်စသက်တော့ ဂေါတမဗုဒ္ဓကိုယ်တော်တိုင် ဖြစ်နေပါလား၊ ဘုရားဆိုရင် ကုဋေများစွာတန်တဲ့ ကျောင်းတိုက်ကြီးမှာ သူဌေးတွေ ဘုရင်တွေရဲ့ အကိုးအကွယ်ခံပြီး အေးအေးဆေးဆေး နေမယ်ထင်တာ အခုတော့ ဒီလိုမဟုတ်ပါလား။

လူသူမရှိတဲ့ တောကြီးမျက်မည်းထဲထိလာပြီး သာသနာပြုရှာပါလား၊ ပြီးတော့ ကျွန်ုပ်ထင်ထားတာက သူ့အယူဝါဒကိုလက်ခံတဲ့ ဗုဒ္ဓဘာသာတွေလောက်သာ မေတ္တာကရုဏာ ထားမယ်ထင်တာ၊ အခုတော့ ဒီလိုမဟုတ်ဘဲ ဘာသာခြားဖြစ်တဲ့ ကျွန်ုပ်လိုသာမန်ပုဂ္ဂိုလ်တစ်ယောက် အပေါ်မှာတောင် မေတ္တာကရုဏာထားပြီး လာရောက်နှုတ်ဆက်မေးမြန်းတရားဟောရှာပါလားဆိုတဲ့ အတွေးကြောင့် လေးစားရိုသေတဲ့စိတ်တွေ အလိုလိုပေါ်လာပြီး ကျွန်ုပ်ခြေထောက်တွေက အလိုလိုဒူးထောက်ပြီးသား ဖြစ်သွားတယ်။

ဘာသာခြားဖြစ်တော့ သရဏဂုံကို ချက်ချင်းမဆောက်တည်သေးဘဲ နည်းနည်းတော့ ဇောဒက တက်လိုက်မိသေးတယ်။

"အရှင်ဂေါတမ–အဲသလို သရဏဂုံ တည်ဆောက်တဲ့အတွက် ကျွန်ုပ်မှာ ဘယ်လိုကောင်းကျိုးတွေ ခံစားလာနိုင်ပါသလဲ"

"ချစ်သား ဆတ္တ–ချစ်သားကို ငါဘုရား ပြန်မေးပါ့မယ်၊ သင်ချစ်သား သဘောပေါက်သလို ဖြေနိုင်ပါတယ်၊ သင်ချစ်သား ဘယ်အသက်အရွယ်မှာ သေမယ်လို့ ကြိုတင်သိပါသလား"

"မသိနိုင်ပါ အရှင်ဘုရား"

"ဘယ်အနာရောဂါနဲ့ သေရမယ်ဆိုတာရော ကြိုတင်သိနိုင်ပါသလား"

"မသိနိုင်ပါ အရှင် ဂေါတမ"

"နံနက်၊ နေ့လယ်၊ ည ဘယ်ကာလမှာ သေမယ်လို့ရော ကြိုတင်သိနိုင်ပါသလား"

"မသိနိုင်ပါ အရှင်ဂေါတမ"

"သေပြီးတဲ့နောက် ဘယ်သင်္ချိုင်းမှာ သင်္ဂြိုဟ်မယ်ဆိုတာရော ကြိုသိနိုင်ပါသလား"

"မသိနိုင်ပါ အရှင်ဂေါမတ"

"သေပြီးတဲ့နောက် ဘယ်ဘုံရောက်မယ်လို့ရော ကြိုတင် သိနိုင်ပါသလား"

"မသိနိုင်ပါ အရှင်ဂေါတမ"

"ချစ်သားဆတ္တ–ပုထုဇဉ်မှန်သမျှ အဲဒီအခြင်းအရာ ငါးမျိုးကို ဘယ်သူမှ ကြိုတင်ပြီးမသိနိုင်ပါဘူး၊ အကယ်၍ သင်ချစ်သား အနေနဲ့ ငါဘုရားထံမှာ သရဏဂုံသုံးပါး ဆောက်တည်ပြီးလို့ အဲဒီ သရဏဂုံမြဲသွားပြီဆိုရင်တော့ ဘယ်အချိန်သေသေ ပုထုဇဉ်တိုင်း ကြောက်ရွံ့တဲ့ အပါယ်လေးဘုံ မရောက်တော့ပါဘူး"

အို–သရဏဂုံဆိုတာ သံသရာအတွက်ပါ အားကိုးရတဲ့ တရားကြီးပါလား၊ ကျွန်ုပ်သိပ်ပြီးတော့ အားရဝမ်းသာဖြစ်သွား

ပါတယ်။ ပြီးတော့ မြတ်စွာဘုရားက ဒီတောနက်ကြီးထဲထိရောက် အောင်ကြွပြီး ကျွန်ုပ်လို သာမန်ဘာသာခြားတစ်ယောက်ကို တရား ဟောတယ်ဆိုတာ ထူးခြားတဲ့အကြောင်းတစ်ခုရှိရမယ်ဆိုတာတော့ ကျွန်ုပ် သေသေချာချာ သတိထားလိုက်မိပါတယ်။

ဒါ့ကြောင့်လည်း ကျွန်ုပ်ဘုရားရှင်ထံမှာ သရဏဂုံသုံးပါးကို လေးလေးစားစား ဆောက်တည်ပြီး ဗုဒ္ဓဘာသာအဖြစ်ကိုခံယူလိုက် ပါတယ်။ ပြီးတော့ ကျွန်ုပ်တို့ လူမျိုးတွေရဲ့ အဆုံးအမစကားလေး တစ်ခုရှိတယ်၊ အဲဒီစကားလေးက–

> "အလုပ်တစ်ခုကို အတ္တဟိတလား၊ ပရဟိတလား ဆိုတာ ခွဲခြားသိချင်ရင် အဲဒီအလုပ်အပေါ်မှာ မေတ္တာ စေတနာ ဘယ်လောက်ပါသလဲ ဆိုတဲ့ ပေတံနဲ့ပဲ တိုင်းတာ ရမယ်" တဲ့။

အခု ရှင်တော်မြတ်ဘုရားကိုယ်တိုင် ဒီတောနက်ကြီးထဲထိ ကြွလာပြီး တရားဟောတယ်ဆိုကတည်းက ကျွန်ုပ်အပေါ်မှာထားတဲ့ မေတ္တာစေတနာထုထည် ဘယ်လောက်ထိ ကြီးမားတယ်ဆိုတာ ထင်ရှားနေပါပြီ။ ကိုယ့်ဘာသာဝင်ဦးရေ တိုးပွားရုံသက်သက် ကတော့ မြို့ပေါ်မှာ အသားကျနေပြီး ဆွဲဆောင်လဲဖြစ်တာပဲမဟုတ်ပါလား။

နောက်တစ်ချက်က ဗုဒ္ဓရဲ့ မျက်နှာတော်မှာထင်နေတဲ့ မေတ္တာ ကရုဏာ စေတနာဟာ ဘာသာလူမျိုး မခွဲခြားဘူးဆိုတာ ကျွန်ုပ် ရင်ထဲက အလိုလိုသိနေတယ်လေ။ ကြည်ညိုသပ္ပာယ်စရာကောင်း လှတဲ့ ဗုဒ္ဓရဲ့မျက်နှာတော်ကို အားရပါးရ ဖူးမျှော်ကန်တော့ပြီး ကျွန်ုပ်ရဲ့ရှေ့ခရီးကို ဆက်ခဲ့ရပါပြီ။ ဗုဒ္ဓရှင်တော်လဲမိုင်ပေါင်းများစွာ ဝေးတဲ့ ဇေတဝန်ရွှေကျောင်းကို ပြန်ကြွတော်မူခဲ့ပြီပေါ့။

ကျွန်ုပ်နားဖို့ရည်ရွယ်ထားတဲ့ တောအုပ်အစပ်ကို ဝင်လိုက်တယ်ဆိုရင်ပဲ ဗုဒ္ဓရှင်တော်မြတ် ကျွန်ုပ်ဆီကို ဘာကြောင့် ကြွလာရတယ်ဆိုတဲ့အဖြေကို ကျွန်ုပ်သိလိုက်ရပါပြီ။ တခြားဟုတ်ပါရိုးလား၊ ကျွန်ုပ်လာမယ့်သတင်းကို ကြိုရထားတဲ့ ခိုးသားဓားပြငါးရာတို့ ကျွန်ုပ်ကိုမြင်တာနဲ့ တပြိုင်နက် အဆိပ်လူးမြှားတွေနဲ့ ဝိုင်းပစ်လိုက်ကြတာ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ–

လို့ သရဏဂုံဆောက်တည်ရင်းပဲ ကျွန်ုပ်ဆတ္တတစ်ယောက် ဝိညာဉ်စဲလို့ သေပွဲဝင်ခဲ့ရပါပြီကော။ ဒါပေမယ့် ကျွန်ုပ်ဝမ်းမနည်းမိဘူး၊ ဘာကြောင့်လဲဆိုတော့ ငွေတစ်ကျပ်ဆုံးရှုံးရပေမယ့် ကုဋေပေါင်းများစွာ ပြန်ရတဲ့လူတစ်ယောက်လို လူ့ဘဝကဆုံးရှုံးသွားရပေမယ့် သေခါနီးမှာကပ်ပြီး ဆောက်တည်ခဲ့တဲ့ သရဏဂုံကုသိုလ်ကြောင့် လူသက်နဲ့ဆိုရင် နှစ်ပေါင်း သုံးကုဋေနဲ့ အနှစ်ခြောက်သန်းအသက်ရှည်တဲ့ တာဝတိံသာနတ်ပြည်ကို ရောက်ခဲ့ရလို့ပါပဲ။ ကျွန်ုပ်လို ဘာသာခြားတစ်ယောက်ကိုတောင် သေခါနီးလေးမှာကပ်ပြီး ဆောက်တည်တဲ့ သရဏဂုံကုသိုလ်က တာဝတိံသာနတ်ပြည်ထိ ပို့ပေးနိုင်ရင် နေ့တိုင်းသရဏဂုံဆောက်တည်နေတဲ့ ဗုဒ္ဓဘာသာဝင်တွေကတော့ ကျွန်ုပ်ထက်သာလွန်တဲ့ နတ်ဘုံတွေကို ရောက်မှာပဲလို့ ခဏခဏ တွေးကြည့်နေမိတာပါပဲ။

**မှတ်ချက်။** ။ ဝိမာနဝတ္ထုအဋ္ဌကထာ၊ ဆတ္တမာဏဝ ဝတ္ထုကို မှီငြမ်းပြု ရေးဖွဲ့ပါသည်။

## တပွရာယန သရဏဂုံ တည်ဆောက်ပုံ

အဇ္ဇအာဒိံကတွာ အဟံ ဗုဒ္ဓပရာယဏောတိ မံ ဓာရေထ။
အဇ္ဇအာဒိံကတွာ အဟံ ဓမ္မ ရာယဏောတိ မံ ဓာရေထ။
အဇ္ဇအာဒိံကတွာ အဟံ သံဃပရာယဏောတိ မံ ဓာရေထ။

ယနေ့မှစ၍ အကျွန်ုပ်သည် မြတ်စွာဘုရားသာလျှင် လဲလျောင်းရာရှိ၏ဟူ၍ အကျွန်ုပ်ကို မှတ်ကြကုန်လော။

ယနေ့မှစ၍ အကျွန်ုပ်သည် မြတ်တရားသာလျှင် လဲလျောင်းရာရှိ၏ဟူ၍ အကျွန်ုပ်ကို မှတ်ကြကုန်လော။

ယနေ့မှစ၍ အကျွန်ုပ်သည် မြတ်သံဃာသာလျှင် လဲလျောင်း ရာရှိ၏ဟူ၍ အကျွန်ုပ်ကို မှတ်ကြကုန်လော။

## ဘုရားရှိခိုးကြပါ

"အာနန္ဒာ– အစဉ်သနားစောင့်ရှောက်ထိုက်သူ၊ မိမိစကားနားထောင်မည့်သူ၊ ဆွေမျိုးသားချင်း သင်းပင်မိတ်ဆွေတွေကို ဘုရားမြတ်နိုးရှိခိုးပါစေ၊ အဲဒီလို ဘုရားရှိခိုးသူတို့မှာ ဆင်းရဲရာမှန် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံများကို မရောက်ကြရဘူး"

(အံ၊၁၊၂၂၃)

* * *

# ၄။ ဘိလူးဘုရင်နှင့် သရဏဂုံရှင်

သက္ကရာဇ် (၆၁၇) တွင် ပုဂံ၏နောက်ဆုံးမင်းဆက်အနေဖြင့် သုံးမည်ရမင်းတစ်ပါး ပေါ်ထွက်ခဲ့ပါတယ်။ သူကတော့ မင်းခွေးချေး (ခေါ်)တရုတ်ပြေးမင်း(ခေါ်)နရသီဟပတေ့မင်းပဲဖြစ်ပါတယ်။ သူ မင်းဖြစ် လာရခြင်းအတိတ်ကုသိုလ်ကံနဲ့ အစားကြီးခြင်း၊ ဒေါသကြီးခြင်းတို့ ဟာလဲ သိထိုက်တဲ့အကြောင်းလေးတွေ ပါတာမို့ အနည်းငယ် ပြောပြချင်ပါတယ်။

မြတ်စွာဘုရားပရိနိဗ္ဗာန်မဝင်စံမီက သာသနာထွန်းကားတဲ့ မြန်မာနိုင်ငံလို့ဖြစ်လာမယ့် ဒီနေရာဒီဒေသကို မကြာခဏကြွလာ တော်မူကြောင်း ရွှေစက်တော်၊ ကျောင်းတော်ရာအစရှိသော ဘုရား သမိုင်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားတာ ဖတ်မိဖူးပါ လိမ့်မယ်။ ဘာပဲပြောပြော မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓဘာသာ အရာမှာတော့ ကမ္ဘာမှာ အထွန်းတောက်ဆုံးဖြစ်နေတာတစ်ချက်နဲ့ပဲ အထက်ပါရေးသားချက်တွေကို လေးစားလက်ခံမိပါတယ်။

တစ်ခါတော့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ မြန်မာနိုင်ငံလို့ ဖြစ်လာမယ့် ဒီအရပ်ကိုကြွလာပြီး နောင်တစ်ချိန် ဒီနေရာ ဒီဒေသ ဟာ ငါဘုရားသာသနာ အထွန်းကားဆုံးဖြစ်လိမ့်ဦးမယ်ဆိုတာ

သိတော်မူလို့ တောင်ကြီးတစ်တောင်ပေါ်မှာတက်ပြီး ရှုစားတော်မူနေပါသတဲ့။ ဒီအချိန်မှာ ဘီလူးတစ်ကောင်ဟာ ဘုရားသခင်အပေါ်မှာ ကြည်ညိုစိတ်ဝင်စားပြီး ကြာရွက်ကြီးတစ်ရွက်ကိုချိုးကာ မြတ်စွာဘုရားကို နေမပူအောင် ဆောင်းမိုးပေးပါသတဲ့။

ဒီအခါ ဗုဒ္ဓက "ဒီဘီလူးဟာ ငါဘုရားကို အခုလို အရိပ်အာဝါသလှူခဲ့တဲ့ကုသိုလ်ကံကြောင့် နောင်တစ်ချိန် ဟောဒီ မြန်မာပြည်မှာ မင်းစည်းစိမ်ကို သုံးဘဝတိတိ ခံစားရလိမ့်မယ်" လို့ ဗျာဒိတ်ပေးတော်မူခဲ့ပါသတဲ့။ မြန်မာ့သမိုင်းကိုပြန်ကြည့်တဲ့အခါမှာလည်း တကယ်ကို သုံးကြိမ်တိတိ မင်းဖြစ်တာကို တွေ့ရပါတယ်။

ဒါပေမယ့် ဘီလူးဘဝကလာခဲ့တဲ့မင်းမို့လားမသိဘူး၊ မင်းဆိုးမင်းညစ်ချည်းပဲဖြစ်တာတွေ့ရပါတယ်။ အခု နရသီဟပတေ့မင်းဘဝဟာ တတိယမြောက်မင်းဖြစ်တဲ့ဘဝပေါ့၊ အစားကြီးလိုက်တာကလဲလွန်ရော၊ ဟင်းခွက်တောင် တစ်ရာပြည့်မှစားသတဲ့၊ ဒေါသကြီးတာကတော့ အဆိုး ဆုံးပဲတဲ့။

ဒါနဲ့ပတ်သက်ပြီး ပါးစပ်ရာဇဝင်လေးတစ်ခုတောင် ယခုထိပြောစမှတ်ပြုပြီးကျန်ခဲ့တာရှိတယ်။ အဲဒါကတော့ ဒီမင်းဟာ အိပ်ရာကနိုးလာရင် နိုးရာလူကို တွေ့တဲ့ပစ္စည်းနဲ့ ဆွဲပစ်တော့တာပဲတဲ့။ အဲဒါကြောင့် သူအိပ်ရာကနိုးရင် ပစ်ဖို့ရာအတွက် လုမ္ဗနီလို့ခေါ်တဲ့ အသီးရှည်ရှည်တွေကို အနားမှာ ထားပေးရသတဲ့။

တစ်ခါတော့ ဘုရင်အိပ်ရာကအနိုးမှာ တွေ့တဲ့ လုမ္ဗနီသီးကို ဆွဲယူပြီးပစ်လိုက်တာ အနီးဆုံးရောက်နေတဲ့ မိဖုရားတစ်ယောက်ရဲ့ ခါးကို အရှိန်ပြင်းပြင်းနဲ့ မှန်လိုက်တာ မိဖုရားရဲ့ခါးလေးကို ရမ်းသွားတာပဲတဲ့၊ အဲဒီကစပြီး လုမ္ဗနီသီးမခေါ်တော့ဘဲ ယခုချိန်ထိအောင် ခါးရမ်းသီး၊ ထိုမှတစ်ဆင့် ခရမ်းသီးလို့ ခေါ်ကြတာပါတဲ့။

ဒါကတော့ နရသီဟပတော့ရဲ့ ရှေးအတိတ်ကံနဲ့ ယခုဘဝ ဒေါသကြီးပုံ၊ အစားကြီးပုံတို့ကို သိရသလောက်ပြောပြတာပါ။ ဒါနဲ့စကားစပ်မိလို့ ဗုဒ္ဓလက်ထက်တော်က အစားကြီးတဲ့ ဘုရင် တစ်ပါးအကြောင်းကို ပြောပြဦးမယ်၊ မှတ်သားစရာလေးပါလို့ပါ။ သူကတော့ ဘုရားနဲ့ သက်တူရွယ်တူဖြစ်တဲ့ ပသေနဒီ ကောသလ မင်းပါ။

သူအစားကြီးပုံကို ဗုဒ္ဓဘာသာဝင်တိုင်း ပြောနေကြတာကတော့ ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင်တဲ့။ ဆန်တစ်စိတ်ကုန်အောင် စားတယ် ဆိုတာကတော့ စာထဲမှာ တိုက်ရိုက်ပါပါတယ်။ ဆိတ် တစ်ကောင် ဆိုတာကတော့ တိုက်ရိုက်မပါပါဘူး။ ဒါပေမယ့် ဆန်လေးပြည်ကုန်မှတော့ ဟင်းအနေနဲ့ ဆိတ်တစ်ကောင်နီးပါးတော့ ကုန်လောက်မယ်လို့ ခန့်မှန်းရပါတယ်။

အစားအားကြီးတော့ ခန္ဓာကိုယ်ကြီးကလဲ ဝချင်တိုင်း ဝနေ တာပေါ့၊ ဒါကြောင့် ဘုရားကျောင်းတော်လာပြီး တရားနာတဲ့အခါ ထမင်းအဆိပ်တက်ပြီး အိပ်ငိုက်နေတာသာ များပါသတဲ့။ ဒါကြောင့် တစ်နေ့တော့ ဘုရားရှင်ဟာ တခြားတရားကိုမဟောဘဲ စာရှုသူများ ပါ သိသင့်တဲ့ အစားအစာနဲ့ပတ်သက်တဲ့တရားကို သို့ကလို ဟော ကြားတော်မူပါတယ်။

မနုဇဿ သဒါ သတိမတော၊
လဒ္ဓံ ဓာနတော မတ္တဘောဇနံ။
တနုကဿ ဘဝန္တိ ဝေဒနာ၊
သဏိကံ ဇီရတိ အာယုပါလကံ။

"အရှင်မင်းကြီး–အစားအစာကို အတိုင်းအရှည်ကိုသိပြီး စားမယ်ဆိုရင် အနာရောဂါနည်းမယ်၊ အရွယ်လဲတင်မယ်၊ အသက် လဲရှည်မယ်၊ အတိုင်းအရှည်ကို မသိဘူးဆိုရင်တော့ အနာရောဂါ

များမယ်၊ အရွယ်လဲကျမယ်၊ အသက်လဲတိုမယ်" လို့ ဟောကြားလိုက်ပါသတဲ့။ အဲဒီလိုဟောကြားလိုက်ပြီးတဲ့နောက်မှာတော့ ပသေနဒီကောသလမင်းကြီးဟာ အစားအသောက်ကို လေးပြည်ကနေ တစ်ပြည်ကျအောင် လျှော့ချလိုက်နိုင်ပါတယ်။

ကဲ–နရသီဟပတော့မင်းအကြောင်းကို ဆက်ကြပါစို့။ သူ့မှာ စောလုံ၊ စောနန်း၊ ရှင်ပါး၊ ရှင်မောက်၊ ရှင်ရွှေဆိုပြီး မိဖုရား ငါးယောက်ရှိပါတယ်။ အဲဒီငါးယောက်ထဲမှာ အငယ်ဆုံးအချောဆုံး ဖြစ်တဲ့ စောလုံကိုတော့ နရသီဟပတော့က အချစ်ဆုံးပါတဲ့။ တစ်နေ့ တော့ လှိုင်ဝက်ဥမင်လိုဏ်ခေါင်းကနေ မင်းနဲ့ မိဖုရားတွေ မြစ်ထဲကို ရေချိုးဆင်းကြပါသတဲ့။

ဣန္ဒြေရှိတဲ့ စောလုံလေးက စောစောကတည်းက ရေချိုးထားပြီးဖြစ်လို့ ဘုရင်ကျေနပ်အောင် အဖော်အဖြစ်ပဲ လိုက်ခဲ့ပါသတဲ့။ မြစ်ထဲမှာ ဘုရင်နဲ့ ကျန်မိဖုရားလေးယောက်တို့ ပျော်မြူးနေကြပေမယ့် စောလုံကတော့ ကမ်းစပ်မှာ ဣန္ဒြေရရထိုင်နေလျက်ပါပဲ။ အဲဒါကိုပဲ ဘုရင်က စချင်နောက်ချင်တာနဲ့ မိဖုရားလေးယောက်နဲ့ တိုင်ပင်ပြီး ကမ်းစပ်မှာထိုင်နေတဲ့ စောလုံကို ရေနဲ့ဝိုင်းပက်လောင်းကြပါသတဲ့။

အပျော်လွန်နေတဲ့ဘုရင်ဟာ စောလုံ ဘယ်လိုတောင်းပန်ပေမယ့် မရတော့ဘဲ စောလုံးတစ်ကိုယ်လုံး စိုရွှဲပြီး ဆံပင်တွေအလှပျက်တဲ့အထိ ရေပက်လိုက်ပါသတဲ့။ အကျိစားသန်တော့ ရန်များတယ်ဆိုတဲ့စကားပုံဟာ အဲဒီဖြစ်ရပ်ကများ စခဲ့သလားလို့ ထင်စရာပါပဲ။ ဒေါသော အတ္တံ့ နဇာနာတိ–ဒေါသဖြစ်နေတဲ့သူဟာ အကျိုးအကြောင်း အဆိုးအကောင်း ဘာမှမတွေးတော့ဘဲ လုပ်ချင်ရာလုပ်တတ်တယ် လို့ဘုရားဟောတာဟာ တကယ့်ကို မှန်လှပါတယ်။

အဲဒီ ဘာမဟုတ်တဲ့ ရန်ငြိုးလေးကြောင့်ပဲ စောလုံဟာ ဘုရင်စားမယ့် ဟင်းခွက်တစ်ခုထဲမှာ အဆိပ်ခပ်လိုက်ပါတော့တယ်။ ဒါပေမယ့် ဘုရင်က သေချိန်မတန်သေးလို့ထင်ပါရဲ့၊ ပွဲတော်တည်ခါနီးမှာ နန်းတော်က ခွေးတစ်ကောင် ခြေဆတ်တာကို တွေ့တာနဲ့ မသက်ာဘူးဆိုပြီး အဆိပ်ခပ်ထားတဲ့ ဟင်းတုံးတစ်တုံးကို မိမိမစားသေးဘဲ ခွေးကိုအရင်ချကျွေးလိုက်ပါသတဲ့။

ခွေးလဲဟင်းတုံးကိုစားပြီး ခဏအကြာမှာပဲဆန့်ငင်ဆန့်ငင်ဖြစ်ပြီး သေသွားတော့တာပေါ့၊ အဲဒီကျမှစားတော်ကဲကိုခေါ်ပြီး ဇက်ပေါ်ခါးဝဲစစ်ဆေးတော့မှ စောလုံကလုပ်ကြံသတ်ဖြတ်ကြောင်း သိသွားတော့တာပေါ့၊ အဲဒီအခါမှာ စောလုံဆိကဒေါသက ဘုရင့်ဆီကိုရောက်သွားပြန်ပြီပေါ့။

"ငါ့အသက်ကိုလုပ်ကြံတဲ့ စောလုံကို မသေမချင်း သံကျပ်စင်နဲ့ မီးကင်သတ်စေ" ဆိုတဲ့ကြောက်မက်ဖွယ်အမိန့်ကြီးကို ချမှတ်လိုက်ပါတော့တယ်။ အမိန့်ချမှတ်ပြီးတာနဲ့ အာဏာပါးကွက်သားတွေက နန်းရင်ပြင်မှာ သံကျပ်စင်ကြီးကို ပြင်နေကြပါပြီ၊ သတ်တာကို ဘုရင်ကိုယ်တိုင်ကြည့်မှာဖြစ်တဲ့အတွက် နန်းရင်ပြင်မှာ သံကျပ်စင်ကို ပြင်ကြရတာပါ။

လုပ်ရဲရင် ခံရဲရမယ်ဆိုတဲ့ဝါဒကို လက်ကိုင်ထားတဲ့ စောလုံလည်း ဘုရင့်ဆီမှာ ဘာတစ်ခုမှအသနားမခံပါဘူးတဲ့။ သံကျပ်စင်ကြီးဆင်လို့ မပြီးခင်ရက်တွေမှာ ဆရာတော်တစ်ပါးပင့်ပြီး သရဏဂုံနဲ့ ငါးပါးသီလကို သေချာခံယူဆောက်တည်ပါတယ်။ စောလုံရဲ့ သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခြင်းတစ်ခုပေါ့။

အဲဒီနောက် သံကျပ်စင် ဆင်လို့ မပြီးမချင်း သရဏဂုံသုံးပါးကိုပဲ အဆက်မပြတ် ရွတ်ဖတ်သရဇ္ဈာယ် ဆောက်တည်နေပါတော့

တယ်။ သံကျပ်စင်ကြီးဆင်ပြီးပြီဆိုတဲ့အခါကျတော့ စောလုံကို လက်ပြန်ကြိုးတုပ်ပြီး သံကျပ်စင်ဆီကို ခေါ်ခဲ့ကြတယ်။ သရဏဂုံ ကိုယ်လုံးခြုံထားတဲ့ စောလုံကလဲ မကြောက်မရွံ့ နောက်မတွန့်ဘဲ တည်တည်ငြိမ်ငြိမ်ပါလာပါတယ်။

သံကျပ်စင်ကြီးတစ်ခုလုံး ရဲရဲညီးနေအောင် ပူကျက်လာပြီ ဆိုတာနဲ့ သရဏဂုံသုံးပါးကို တတွတ်တွတ်ရွတ်ဆိုလျက်ရှိတဲ့ စောလုံ ကို အာဏာပါးကွက်သားနှစ်ယောက်ကကိုင်ပြီး သံကျပ်စင်ထဲ ထိုးသွင်းလိုက်ပါတော့တယ်။ သရဏဂုံအစွမ်းကား အံ့မခန်းပါတကား။ သံကျပ်စင်ပေါ် စောလုံ၏ခန္ဓာကိုယ်ရောက်သွားသည်နှင့် တပြိုင်နက် တဖြိုင်ဖြိုင်တောက်လောင်လျက်ရှိသောမီးများမှာ ချက်ချင်းငြိမ်းသွား ပြီး ပူကျက်နေသော သံကျပ်စင်ကြီးမှာလည်း သီတာရေတမျှ အေးမြသွားပါတော့တယ်။

ဘုရင်နှင့် အာဏာပါးကွက်သားတို့မှာ ဘယ်လိုမှ တွေးမရ အောင် အကြံအိုက်သွားကြရလေပြီ။ သို့သော်လည်း ဘုရင့်အမိန့် နှင့် ဒုတိယအကြိမ်မြောက် မီးပြန်ဖိုပြီး စောလုံကို သံကျပ်စင်တွင်း သွင်းကြပြန်သည်။ ယခုအကြိမ်တွင်လည်း သရဏဂုံရွတ်ဆိုဆောက် တည်နေတဲ့ စောလုံရဲ့ခန္ဓာကိုယ်လေး သံကျပ်စင်ထဲရောက်သွားတာ နဲ့ မီးတွေအကုန်ငြိမ်းပြီး သံကျပ်စင်ကြီး အေးသွားပြန်ပါတယ်။

တတိယအကြိမ်လည်း ဒီအတိုင်းပါပဲ။ စတုတ္ထအကြိမ် သံကျပ်စင်ထဲ သွင်းမယ်အပြုမှာတော့ စောလုံက အခုလို အဓိဋ္ဌာန် ပြုလိုက်ပါသတဲ့။

"တပည့်တော်မီ ဒီသေဘေးက မလွတ်နိုင်ရိုးမှန်ရင် သံကျပ်စင် ပေါ်ရောက်သည်နှင့် တပြိုင်နက် တစ်ခဏအတွင်း ပြာအတိဖြစ်သွား ပါစေသား"

အဲဒီလိုအမိဋ္ဌာန်ပြီး စတုတ္ထအကြိမ်မြောက်မှာတော့ သရဏဂုံသုံးပါးကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းမပြုတော့ပါဘူးတဲ့။ အဲဒီအခါ ကျမှပဲ စောလုံကိုယ်လေးဟာ ပြာကျပြီး သေပွဲဝင်သွားရပါတယ်။ ဒါပေမယ့် သရဏဂုံဆောက်တည်စွဲမြဲတဲ့သူဖြစ်လို့ နတ်ပြည်ရောက်မှာကတော့ သေချာပါတယ်။ နရသီဟပတေ့လည်း နောက်ဆုံးမှာတော့ သားအရင်းကအဆိပ်ခတ်ပြီးသတ်လို့ အသေဆိုးနဲ့ သေရပါတယ်။ ဘာပဲပြောပြော စောလုံဆောက်တည်စွဲမြဲပြခဲ့တဲ့ သရဏဂုံအစွမ်းကတော့ ဘယ်သူမှ မေ့တော့မှာမဟုတ်ပါဘူး။

**ကျမ်းကိုး။** ။မဇ္ဈာစရိယ ဦးဌေးလှိုင်၏ ရတနာသုံးပါးကျေးဇူး။

## သီဿဘာဝုပဂမန သရဏဂုံ ဆောက်တည်ပုံ

အဇ္ဇအာဒိံ ကတ္វာ အဟံ ဗုဒ္ဓံ သ အန္တေဝါသိကော။
အဇ္ဇအာဒိံ ကတ္វာ အဟံ ဓမ္မဿ အန္တေဝါသိကော။
အဇ္ဇအာဒိံ ကတ္វာ အဟံ သံဃဿ အန္တေဝါသိကော။

ယနေ့မှစ၍ အကျွန်ုပ်ကို မြတ်စွာဘုရား၏ တပည့်ဟူ၍ မှတ်တော်မူကြကုန်လော။

ယနေ့မှစ၍ အကျွန်ုပ်ကို မြတ်တရား၏ တပည့်ဟူ၍ မှတ်တော်မူကြကုန်လော။

ယနေ့မှစ၍ အကျွန်ုပ်ကို မြတ်သံဃာ၏ တပည့်ဟူ၍ မှတ်တော်မူကြကုန်လော။

သရဏဂုံကို မိမိကိုယ်တိုင်က ယုံယုံကြည်ကြည်မခံယူ မဆောက်တည်ရင် ဘယ်ပုဂ္ဂိုလ်ကပဲပေးပေး သရဏဂုံကို မရနိုင်ဘူး၊ ယုံယုံကြည်ကြည် ခံယူဆောက်တည်မှသာ ရနိုင်တယ်။

စေတီ၊ ပုထိုး၊ ဘုရားဆင်းတုတော် စသည်မှာပဲဖြစ်ဖြစ်၊ ရဟန်းတော်တစ်ပါးပါးမှာပဲဖြစ်ဖြစ်၊ မိမိအလျောက် ဘာသာပဲဖြစ်ဖြစ် ယုံယုံကြည်ကြည် ခံယူဆောက်တည်ရင် သရဏဂုံကို ရနိုင်တာချည်းပဲ။

သရဏဂုံကို တစ်ကြိမ်တစ်ခါ ခံယူဆောက်တည်လိုက်တယ်ဆိုမှဖြင့် တစ်သက်လုံး သရဏဂုံတည်နိုင်တယ်။ ရတနာသုံးပါးကို အထွတ်အမြတ်ဆုံးဟု ယုံကြည်၍၊ သိ၍၊ ငါ့ရဲ့ကိုးကွယ်ရာပဲလို့ စိတ်၌ဖြစ်ပေါ်နေသမျှ ထိုသူမှာ သရဏဂုံတည်နေတော့တာပဲ။

ထိုစိတ်ကို မစွန့်သမျှကာလပတ်လုံး ဗုဒ္ဓဘာသာဝင်အဖြစ်ကိုစွန့်၍ အခြားဘာသာထဲသို့ မဝင်သမျှကာလပတ်လုံး သရဏဂုံ မပျက်ဘဲဆက်လက်တည်နေတယ်။

(မိတ္ထီလာမြို့နယ်၊ ကျေးရှားရှင် တောင်ပုလုတောရကမ္မာအေးဆရာတော်ဘုရားကြီး၏ သရဏဂုံတည်ခြင်း အကျိုးတရားတော် စာ–၂၆၊ ၂၇)

* * *

## ၅။ ဝမ်းတွင်းစုန်းနှင့် သရဏာဂုံရှင်

မြေလတ်ပိုင်း မြင်ကွန်းမြို့နယ် တောရွာတစ်ရွာ၌ ဆရာကြင် ခေါ် ဆီဆုံဆရာကြီးတစ်ဦးရှိသည်။ ဆီဆုံဆိုသည်မှာ မြေပဲ နှမ်း တို့ကို ဆီထွက်အောင် နွားတပ်၍ ကြိတ်ရသော သစ်သားဆုံကြီး ကို ခေါ်သည်။ ဆရာကြင်သည် လူကြီးလက်နှစ်ဖက်ဖြင့် မဖိနိုင် အောင် ကြီးမားသော ကုက္ကိုတုံးကြီးကို ဆီဆုံပြုလုပ်တတ်သော ဆရာကြီးဖြစ်သည်။

တစ်နေ့တွင် ဆီဆုံယူထားသော အခြားရွာသို့ ငွေယူရန် ရောက်သွားရာ ပစ္စည်းလက်ထဲရောက်နေပြီဖြစ်သော ဝယ်သူက ဈေးကိုမတန်တဆနှိမ်ထားသဖြင့် ကသိကအောက်ဖြစ်ကြရသည်၊ နောက်တွင်တော့ သူတော်ကောင်းဖြစ်သော ဆရာကြင်ကပင် အလျှော့ ပေးသဖြင့် ပြေလည်သွားခဲ့ပါသည်။ ငွေချေပြီးသည့်နောက် အိမ်ရှင် များက ထမင်းပြင်ကျွေးသဖြင့် အခြားအိမ်များတွင်လည်း စားနေကျ ဖြစ်သဖြင့် စားဖို့ရာပြင်ရပါသည်။

ဆရာကြင်ထမင်းစားခါနီးတွင် ဟင်းခွက်များကို တန်းမနှိုက် သေးဘဲ ထမင်းအဖြူကို အဆုပ်ကလေးသုံးဆုပ်ဆုပ်ပြီးလျှင် တစ်ဆုပ် ချင်း ဦးစွာစားပြီးမှ ကျန်သောထမင်းဟင်းများကို ဆက်လက်စား ပါသည်။ အိမ်ရှင်လင်မယားကလည်း ဆရာကြင်၏ထူးခြားသော အမူအရာကို သတိထားအကဲခတ်နေကြသည်။ ထမင်းစား၍ ဆယ်မိနစ်

ခန့်အကြာမှာပင် တစ်ခုသောထမင်းလုတ်သည် မျိုချ၍ ဘယ်လိုမှ မကျတော့ဘဲ လည်ချောင်းဝတွင် တစ်နေတော့သည်။

ချွေးစေးများကလည်း မနေနိုင်မထိုင်နိုင်အောင် ပြန်နေသဖြင့် အိမ်နောက်ဖေးသွားကာ အာခေါင်ကို လက်ညှိုးထိုးပြီး အန်ချလိုက်ရတော့သည်။ ထွက်ကျလာသောအရာများကို မြင်လိုက်ရသောအခါ ဆရာကြင်မှာ ကိုယ့်မျက်လုံးကိုပင် မယုံနိုင်လောက်အောင်ဖြစ်သွားပါသည်။ အဘယ့်ကြောင့်ဆိုသော် မျိုချတုန်းကထမင်းလုတ်သည် ယခုအန်ချလိုက်သောအခါ ကြွက်စုတ်အသေတစ်ကောင်ဖြစ်နေသောကြောင့်ပါတည်း။

ရွံလွန်းအားကြီးပြီး အော်ဂလီဆန်လှသောကြောင့် ဗိုက်ထဲရှိသမျှအစာများအားလုံးကုန်သည်အထိ ထိုးအန်နေမိသည်။ အိမ်ရှင်ယောကျ်ားဖြစ်သူမှာ အလွန်စိတ်မကောင်းဖြစ်ပြီး အားနာသွားဟန်ဖြင့် မျက်နှာပင်မထားတတ်အောင်ဖြစ်နေသည်ကို တွေ့ရသည်။ ဘာမှ မပြောနိုင်ဘဲ သောက်ရေအိုးကရေများကိုသာ တွင်တွင် ခပ်ပေးနေရှာသည်။

ဆရာကြင်ကတော့ ဘာမှမပြောတော့ဘဲ မိမိလွယ်အိတ်လေးကို ကောက်ကိုင်ကာ မိစ္ဆာအိမ်မှ ချက်ချင်းထွက်လာခဲ့တော့သည်။ မိမိကို စုန်းပညာဖြင့်သေအောင်လုပ်သည်ကို သိသွားပြီမဟုတ်ပါလော။ သူတစ်ပါးကိုလည်း အပြစ်မတင်၊ မိမိကိုလည်း အပြစ်မမြင်သော ဆရာကြင်၏စိတ်ဓာတ်ကား ချီးကျူးစရာပါပင်။

ထို့ကြောင့်ထင်ပါ၏။ တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်က–

"သဘောထားသေးသိမ်သောသူသည် သူတစ်ပါးအပြစ်ကိုသာ မြင်လေ့ရှိသည်။ သဘောထားကြီးမားသောသူသည် မိမိကိုယ်ကိုသာ အပြစ်မြင်တော့သည်။ အလုံးစုံသဘောထားပြည့်ဝသွားသောသူသည်

ကား မည်သူ့ကိုမျှ အပြစ်မမြင်တော့ပေ”ဟု ရေးသားထားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ဆရာကြင်ရွာသို့ပြန်ရောက်ပြီးနောက်တစ်ရက်မှာ ပင် အမျိုးသမီးကြီးတစ်ဦး ခြင်းကြီးတစ်လုံးဆွဲပြီး အိမ်ထဲဝင်လာ သည်ကို တွေ့လိုက်ရသဖြင့် သေချာကြည့်လိုက်ရာ မိမိကိုထမင်း ကျွေးလိုက်သောအိမ်မှ အိမ်ရှင်မိန်းမဖြစ်နေသည်ကို တွေ့ရသည်။

ဆရာကြင်ရှေ့ရောက်သောအခါ ခြင်းထဲမှပါလာသော ငှက်ပျောသီးအပါအဝင် စားသောက်ဖွယ်အချို့ကို ပန်းကန်ပြားတစ်ချပ် နှင့် သေချာပြင်နေသည်ကိုတွေ့ရသဖြင့် ဆရာကြင်တစ်ယောက် နားမလည်နိုင်အောင်ပင် ဖြစ်သွားသဖြင့် ထုတ်၍မေးလိုက်ရတော့ သည်။

“တူမကြီး ဘာလုပ်မလို့ပါလိမ့်”

“ဩော်–တခြားမဟုတ်ပါဘူး၊ ဦးကြီးအပေါ်မှာ ကျွန်မ ကျူးလွန်ခဲ့တဲ့အပြစ်တွေကို ကန်တော့တောင်းပန်မလို့ပါ”

“တူမကြီးက ဘာအပြစ်တွေ ကျူးလွန်ခဲ့လို့လဲ”

“ကဲပါဦးကြီးရယ်–အခုအချိန်မှတော့ ကျွန်မပွင့်ပွင့်လင်းလင်း ပဲပြောပါတော့မယ်၊ ကျွန်မယောကျ်ားကိုလဲ ဖွင့်ပြောခဲ့ပါပြီ၊ ကျွန်မဒီမကောင်းတဲ့ပညာတွေတတ်နေတာကို ကျွန်မယောကျ်ားတောင် အရင်ကမသိခဲ့ရှာပါဘူး၊ အခုကျွန်မဖွင့်ပြောမှပဲသိရှာတာပါ၊ ကျွန်မက မသင်ဘဲတတ်နေတဲ့ ဝမ်းတွင်းစုန်းတစ်ယောက်ပဲ ဦးကြီးရဲ့”

“အစကတော့ ကျွန်မကိုယ်တိုင် သတိမထားမိပါဘူး၊ နောက် တဖြည်းဖြည်းနဲ့ သူတစ်ပါးကို မကျေနပ်လို့ စိတ်ထဲက ကြိမ်ဆဲ လိုက်ရုံနဲ့ ကိုယ်ကြိမ်ဆဲတဲ့အတိုင်း တစ်ဖက်မှာ သွားသွားထိနေတာ တွေ့မှ ကိုယ့်ကိုယ်ကို တတ်မှန်းသိတော့တာပဲ”

"အဲဒီလိုနည်းနဲ့ ကျွန်မပြုစားလာတာ သေကုန်တာ တော်တော်များပြီ၊ ကျွန်မပြုစားမိထားပြီဆိုရင်လဲ ဘယ်ဆရာမှ ကုမရတော့ဘူး၊ အခု ဦးကြီးနဲ့ကျမှပဲ ကျွန်မပညာက အရှုံးပေးရတော့တာပဲ၊ ကျွန်မလဲ သံဝေဂတွေရသွားပြီဖြစ်လို့ ဒီပညာကို ဘုရားရှေ့မှာ သစ္စာပြုပြီး လွှင့်ပစ်ခဲ့ပါပြီ။ ကျွန်မသိချင်တာတစ်ခုက ကျွန်မရဲ့ပညာ တိုးမရအောင် ဦးကြီးဟာ ဘာဂိုဏ်းတွေဝင်ပြီး ဘာဆေးတွေထိုးထားသလဲဆိုတာပဲသိချင်တာပါ၊ ကဲ–ကျွန်မကျူးလွန်တဲ့အပြစ်တွေ ကျေပျောက်အောင် ဦးကြီးကို လက်ဆယ်ဖြာထိပ်မှာမိုးပြီး ရှိခိုးကန်တော့ပါတယ်"

"သာဓုပါကွယ်–သာဓုပါ၊ ငါ့တူမကြီး ကျန်းမာချမ်းသာ၍ လိုရာဆန္ဒပြည့်ဝပြီး ပညာရှိသူတော်ကောင်းမကြီး ဖြစ်ပါစေဗျာ"

"ကဲ–ကျွန်မလဲ ကျွန်မအကြောင်းကို အပြည့်အစုံပြောပြီးပြီ၊ ဦးကြီးလဲ ဦးကြီးရဲ့ပညာအကြောင်းတွေကို ဆရာစားမချန်ဘဲ ပြောပြပါဦး"

"ဆရာစားချန်စရာလဲမလိုပါဘူးဗျာ၊ ဘာကြောင့်လဲဆိုတော့ ဦးကြီးတစ်ယောက်တည်းနဲ့ဆိုင်တာမဟုတ်ဘဲ ဗုဒ္ဓဘာသာဝင်တိုင်းနဲ့ဆိုင်တဲ့ ရတနာသုံးပါးပညာဖြစ်နေလို့ပါပဲ၊ ဒီလို တူမကြီးရဲ့ ဦးကြီးဟာ ဘာဂိုဏ်းမှ ဝင်မထားသလို ဘာဆေးမှလဲ ထိုးမထားပါဘူး၊ ဦးကြီးငယ်ငယ်ကတည်းက မိဘဆရာတွေသင်ပြပေးထားတဲ့ နည်းကောင်းလေးတစ်ခုရှိတယ်"

"အဲဒါ ထမင်းစားခါနီးပြီဆိုရင် ဟင်းတွေကို ချက်ချင်း မနှိုက်သေးဘဲ ထမင်းအဖြူလေးကို သင့်တော်ရုံအဆုပ်လေး သုံးဆုပ်

ဆုပ်လိုက်တယ်၊ ပြီးတာနဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ,လို့ဆိုပြီး တစ်ဆုပ် စားတယ်။

ဓမ္မံ သရဏံ ဂစ္ဆာမိ,လို့ဆိုပြီး တစ်ဆုပ်စားတယ်။

သံဃံ သရဏံ ဂစ္ဆာမိ,လို့ဆိုပြီး တစ်ဆုပ်စားတယ်။

အဲသလို သရဏဂုံသုံးပါးရွတ်၊ ထမင်းဖြူသုံးဆုပ်စားပြီးမှ ကျန်တဲ့ထမင်းဟင်းတွေကို ဆက်စားတယ်၊ အဲသလိုကျင့်ခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူးပေါ့တူမကြီးရယ်၊ မိဘဆရာတွေကတော့ အဲသလိုကျင့်ပြီးစားရင် ရောဂါကင်းတယ်၊ စုန်းအောက်လမ်းပညာ တွေ လုပ်လို့မရဘူးလို့တော့ သင်ထားတာပဲ"

"ဒါပေမယ့် ဦးကြီးလဲလက်တွေ့တွေ တော်တော်များများ ကြုံလာမှ တကယ့်ကို ယုံယုံကြည်ကြည် ဖြစ်လာတာပါ"

"ဦးကြီးရယ် ကျွန်မလဲ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါပဲ၊ ဒါပေမယ့် သရဏဂုံသုံးပါး ဒီလောက်စွမ်းတယ်ဆိုတာ အခုမှ သိရတော့တာပါ၊ ဒါနဲ့ ကျွန်မအပြင်တခြားပညာသည်တွေနဲ့ရော ဦးကြီးတွေ့ခဲ့ဖူးသေးလား"

"မနှစ်ကကိုပဲတစ်ကြိမ်ကြုံလိုက်ရသေးတယ်၊ နွေခါကြီးပေါ့၊ ဦးကြီး မြင်ကွန်းကို လှည်းနဲ့ ပြန်အလာမှာ ယောကျ်ားတစ်ယောက် လှည်းကြုံစီးပြီးလိုက်လာတယ်၊ အဲဒါ ဦးကြီးအိမ်ဝိုင်းထဲလဲ လှည်းဝင် ရော အဲဒီယောကျ်ားဟာ လှည်းပေါ်က အလိုလိုကျွမ်းပြန်ကျသွားတော့ တာပဲ၊ အဲဒါ မြေကြီးပေါ်ရောက်မှ လက်အုပ်ချီပြီး ခွင့်လွှတ်ပါ ဆရာရယ်၊ ဆရာ့ကို ဒုက္ခပေးနိုင်ဖို့နေနေသာသာ ကျွန်တော် ဆရာ့ အိမ်စည်းဝိုင်းထဲတောင် ဝင်လို့မရဘူးလို့ပြောပြီး တစ်ချိုးတည်း လစ်တော့တာပဲ"

"ဒီလိုဆိုတော့ ဦးကြီးရဲ့ သရဏဂုံသုံးပါးက ကျွန်မတို့လို စုန်းမတောင်မကဘူး၊ အောက်လမ်းဆရာကိုတောင် နိုင်တာပဲဦးကြီးရဲ့၊ ကျွန်မလဲ ကနေ့ကစပြီး ဦးကြီးလိုပဲ သရဏဂုံကျင့်စဉ်ကိုကျင့်ပြီး သူတော်ကောင်းတရားကို တစ်သက်ပတ်လုံး ကြိုးစားတော့မယ်လို့ ဒီသရဏဂုံရှင် ဦးကြီးကို ကျွန်မကတိပေးခဲ့ပါတယ်ရှင်"

"သာဓုပါ တူမကြီး၊ သာဓု-သာဓုပါဗျာ"

(ထိုအကြောင်းကား မြင်ကွန်းမြို့ ဆရာတော် ဦးဝါယမ (ပေပင်စမ်းရွာ)၏ ထုတ်ဖော်ပြောပြချက်ဖြစ်ပါသည်။ ဆရာကြင် အား ၎င်းကိုယ်တိုင်မေးမြန်းပြီး ပြောပြခြင်းဖြစ်သည်။)

**မှတ်ချက်။** ။မေ့ဒူတဒုတိယတွဲ စာ ၁၈၃ ကို မှီငြမ်းပြု ရေးဖွဲ့ပါသည်။

### ပဏိပါတသရဏဂုံတည်ဆောက်ပုံ

"အဇ္ဇအာဒိံ ကတွာ အဟံ အဘိဝါဒန ပစ္စုပဋ္ဌာန
အဉ္ဇလိကမ္မ သာမိစိကမ္မံ ဗုဒ္ဓါဒိနံယေဝ
တိဏ္ဏံ ဝတ္ထုနံ့ ကရောမီတိ မံ ဓာရေထ"

"ယနေ့မှစ၍ အကျွန်ုပ်ကို ရတနာသုံးပါးအား ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လွန်စွာအရိုအသေပြုခြင်းရှိတဲ့သူဟု မှတ်ကြကုန်လောဟု လျှောက်ထား၍ကိုးကွယ်ဆည်းကပ်ခြင်းကို ပဏိပါတ သရဏဂုံ" ဟု ခေါ်သည်။

**မှတ်ချက်။** ။ဗဟုသုတအလို့ငှာ သရဏဂုံတည်ဆောက်နည်းအစုံ ကို ဖော်ပြနေခြင်းဖြစ်သည်။ ယခုကာလ သီလယူစ

ဆောက်တည် သော ဗုဒ္ဓံသရဏံဂစ္ဆာမိ စသောနည်းဖြင့် ဆောက်တည်လျှင်လည်း လိုအပ်သောကိစ္စ ပြီးတော့သည်သာ။

ဒွေမာ ဘိက္ခဝေ အာသာ ဒုပ္ပဇဟာ၊
ကတမာ ဒွေ လာဘာသာစ ဇီဝိတာသာစ၊
ဣမာ ခေါ ဘိက္ခဝေ ဒွေ အာသာ ဒုပ္ပဇဟာ။

(အင်္ဂုတ္တိုရ်၊ ၁၊ နှာ-၈၆)

အဓိပ္ပာယ်ကတော့ မိမိ၏အသက်၌ ကပ်ငြိတွယ်တာ အာသာ မက်မောတတ်တဲ့ အာသာကိုလည်း စွန့်နိုင်ခဲတယ်။ လာဘ်၌ မက်မောတတ်တဲ့ အာသာကိုလည်း စွန့်နိုင်ခဲတယ်။ ဒီလိုစွန့်နိုင်ခဲတဲ့အကြောင်းတရားနှစ်ပါးတို့တွင် တစ်ပါးပါးကို စွန့်ပြီး ရတနာသုံးပါးကို ယုံကြည်ခြင်း၄ာ စွမ်းနိုင်လို့ရှိရင် တရားကို အားမထုတ်ဘဲနဲ့ ရနိုင်တယ်။

(ဘောင်ပုလုဆရာတော်ဘုရားကြီး၏
သရဏဂုံတရား၊ စာ-၁၄၊ ၁၅၅)

ဘုရားဟောဒေသနာအရ သရဏဂုံပေးတဲ့ဆရာ၊ သောတာပတ္တိမဂ်ကို ရအောင် အားထုတ်စေတဲ့ဆရာ၊ အရဟတ္တမဂ်ကို ရအောင် အားထုတ်စေတဲ့ဆရာ အဲဒီဆရာသုံးမျိုးဟာ အင်မတန်ဂုဏ်ကျေးဇူးများတဲ့အတွက် အနန္တကျေးဇူးရှင် ဂိုဏ်းဝင်ဆရာတွေဖြစ်တယ်လို့ မှတ်သားအပ်တယ်။

(၄င်း၊ စာ-၂၄)

* * *

## ၆။ တံငါသည် နတ်သား

သိပ်ဟိုင်ဠ်ကျွန်း မစုအင်ဏာရွာ၌ ဒမိဠအမည်ရှိ တံငါသည် တစ်ယောက်ရှိသည်။ သိတတ်သောအရွယ်မှစ၍ အိမ်ထောင်ကျပြီး သေခါနီးအချိန်ထိ တံငါအလုပ်တစ်ခုတည်းဖြင့်အသက်မွေးခဲ့သူ တစ်ယောက်ပင်။ သူ့ဘဝတွင် ကုသိုလ်ဟူ၍ ဘာတစ်ခုမှမရှိခဲ့ပါပေ။ အိမ်သူဇနီးမယားက ရုပ်ကိုယ်တော်တစ်ပါးကို တစ်ရံတစ်ခါ ဆွမ်းလောင်းဖူးတာရှိခဲ့သော်လည်း သူ့အနေနဲ့ကတော့ ဘာမှမသိခဲ့။

"လင်ပြုသောကုသိုလ်ကို မယားကဝမ်းသာမှ မယားပါရသည်။ မယားပြုသောကုသိုလ်ကို လင်ကဝမ်းသာမှ လင်ပါရသည်"ဟုဆိုထားရာ မယားဆွမ်းလောင်းသည်ကို သိလည်းမသိ၊ ဝမ်းလည်းမသာသော ကြောင့် သူ့အနေဖြင့် ကုသိုလ်ဖြစ်စရာလမ်းမရှိတော့ပေ။

သူ တစ်ပါးအသက် သတ်သူများလည်း ဘဝဆက်တိုင်း-

ခြေလက်အင်္ဂါ ချို့ယွင်းခြင်း၊
မွဲပြာခြောက်သွေ့သော ရုပ်ရည်ရှိခြင်း၊
ပိန်လှီသေးညှက်၍ အင်အားမရှိခြင်း၊
လျင်မြန်ဖျတ်လတ်မှုမရှိဘဲ လေးလံထိုင်းမှိုင်းခြင်း၊
အမြဲတမ်းထိတ်လန့်ကြောက်ရွံ့နေရခြင်း၊
သူတစ်ပါးသတ်ဖြတ်တာခံရခြင်း၊

အနာရောဂါများခြင်း၊

အခြေအရံပျက်စီး၍ အထီးကျန်နေရခြင်း၊

အသက်တိုခြင်းဟူသော ဆိုးကျိုးတို့ကိုခံစားရမည်ဟု ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်းပင် ဒမိဠတံငါသည်ကြီးမှာ အသက် (၅၀) ကျော်ကျော်လေးမှာပင် သေဖို့ရန်အချိန်ရောက်ခဲ့ပေပြီ။ "သေခါနီးပုဂ္ဂိုလ်များသည် မိမိလားရောက်ရမည့်နေရာဌာနကို မသေခင်ကြိုတင်၍ မြင်တတ်ကြရသည်" စာလို ဂတိနိမိတ်ဟုခေါ်ပေသည်။

နတ်ပြည်ရောက်မည့်သူဖြစ်က နတ်သမီးနတ်သားဗိမာန်ပဒေသာပင်တို့ကို မြင်ကြရသည်။ လူပြန်ဖြစ်မည့်သူဖြစ်က အမိဝမ်းရေခပ်နီနီလေးကိုမြင်ကြရသည်။ ငရဲကျမည့်သူဖြစ်က ငရဲသားများ၊ ခွေးနက်ကြီးများ၊ မီးလျှံများကိုမြင်ကြရသည်။ တိရစ္ဆာန်ဖြစ်မည့်သူဖြစ်က မိခင်တိရစ္ဆာန်မ၏ ပုံသဏ္ဍာန်ကို မြင်လာတတ်သည်။

တစ္ဆေသရဲဟုခေါ်ကြသည့် ပြိတ္တာဘုံကိုရောက်မည်ဆိုပါက မြစ်ကြီး၊ ချောင်းကြီး၊ တောကြီး တောင်ကြီးများကို မြင်လာရတတ်သည်။ ယခု ဒမိဠတံငါသည်ကြီးမှာ ငရဲသို့ကျရောက်ရမည့်သူဖြစ်သောကြောင့် ခွေးနက်ကြီး၊ ငရဲမီး၊ ငရဲသားတို့ကို မြင်နေရပြီဖြစ်သောကြောင့် ထိတ်လန့်ကြောက်ရွံ့စွာနှင့် အော်ဟစ်မြည်တမ်းနေရှာလေပြီ။

သားမယားများကား ဘာမှလည်းမမြင်ရ၊ ဘာမှလည်း မတတ်နိုင်သဖြင့် လက်ပိုက်၍သာကြည့်နေကြရပေတော့သည်။ စားသုံးကြသည်ကတော့ မိသားတစ်စုလုံး၊ မကောင်းကျိုးခံစားရတော့မည်ဆိုတော့ ရှာဖွေသူတစ်ယောက်တည်းသာ လည်စင်း၍ခံရပေသည်။ ရှာဖွေကျွေးမွေးရသော အိမ်ထောင်ဦးစီးများ အထူးသတိပြုစရာအချက်ပင်။

မီးဘေး၊ ရေဘေး၊ ပြည်ပျက်ဘေးစသည်တို့နှင့် ရင်ဆိုင်ကြရသောအခါ သားနှင့်အမိ၊ သမီးနှင့်အဖ ဆယ်ရေးတစ်ရေး၊ ကိုးရေး တစ်ရာ ကယ်တင်နိုင်ကြသေးသော်လည်း အိုဘေး နာဘေး သေခြင်းဘေးတို့ကိုကား ဘယ်သူက ဘယ်သူ့ကိုမှ မကယ်နိုင်တော့ပေ။ ထို့ကြောင့်လည်း မန်လည်ဆရာတော်ဘုရားကြီးက မဃာဒေဝလင်္ကာသစ်တွင်–

"ရေဘေးမီးဘေး၊ ပြည်ပျက်ဘေးကား
ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏၊
အိုဘေးနာဘေး၊ သေခြင်းဘေးဟု၊
ဤဘေးသုံးပါး၊ လွန်ကြီးမားက၊
သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊
မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊
သက်ပင်ရေးပိုင်၊ မကယ်နိုင်ဘူး၊
လက်မှိုင်ချကာ၊ နေရစွာရှင့်"

ဟူ၍ စပ်ဆိုခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့ ငရဲနိမိတ်များထင်နေသည့်အခိုက်မှာပင် စူဠပိဏ္ဍပါတိကတိဿမည်သော ရဟန်းသည် ဆွမ်းခံရပ်ရင်းဖြင့် ဒမိဠတံငါသည်ကြီး၏အသံကို ကြားသွားသဖြင့် ငရဲသွားမည့်သူ၏အသံဖြစ်ကြောင်း သိလိုက်သည်နှင့်–

"ဤအိမ်သည်ကား ငါ့ကို ဆွမ်းလောင်းဖူးသောကြောင့် ယခုအော်ဟစ်နေသော ဒကာကြီးသည်လည်း ငါ၏ ဆွမ်းတကာပင်ဖြစ်သည်။ ဆွမ်းအလှူရှင်တစ်ယောက်သည် သူဆွမ်းလှူသော ရဟန်းတစ်ပါးရှေ့မှာ ငရဲသို့ကျခြင်းသည် ဘယ်လိုမှ မသင့်လျော်၊ ငါတတ်နိုင်သမျှ ငရဲမကျအောင် ကယ်လေမှ"

ဟူသောအတွေးနှင့်အတူ ဒမိဠတံငါသည် အနီး ထိုင်ခုံတွင် ဝင်ထိုင်ပြီးလျှင်–

"ဒကာကြီး ယခုပင်ဒကာကြီးကို သရဏဂုံနှင့် ငါးပါးသီလပေးပါမည်၊ ဆောက်တည်ပါမည်လား" ဟု မေးလိုက်ရာ တံငါသည်ကြီးက ဆောက်တည်ပါမည်ဘုရားဟု ဆိုသဖြင့် သရဏဂုံနှင့် ငါးပါးသီလကို စတင်ဆောက်တည်ပေးပါသည်။

သို့သော် သေဖို့ရာအချိန်က သိပ်နီးကပ်နေပြီဖြစ်သောကြောင့် သရဏဂုံသုံးပါးဆောက်တည်အပြီးမှာတင် စုတိစိတ်ကျ၍သေဆုံးသွားတော့သည်။ ငါးပါးသီလကိုဆက်၍ မဆောက်တည်ရပေ။ "အနန္တရမေဝ" ဟူသော ဗုဒ္ဓ၏ ဒေသနာတော်အတိုင်း ဤဘဝမှသေပြီးသည်နှင့် တစ်ပြိုင်နက် ကာလမခြားဘဲ လူသက်နှင့် အနှစ်ကိုးသန်း အသက်ရှည်သည့် စာတုမဟာရာဇ်နတ်ဘုံ၌ နတ်သားသွား၍ ဖြစ်ရသည်။

နတ်ပြည်၌နတ်သားဖြစ်မည့်သူသည် အသက်(၂၀)အရွယ် ဘွားကနဲချက်ချင်းဖြစ်ရသလို၊ နတ်သမီးဖြစ်မည့်သူ သည်လည်း (၁၆) နှစ်သမီးအရွယ် ဘွားကနဲတန်းဖြစ်နေသည်။ စာအလို ဥပပတ်ပဋိသန္ဓေဟု ခေါ်သည်။ တံငါသည်ကြီးသည် နတ်ပြည်သို့ရောက်သည်နှင့် "ငါကား တံငါသည်တစ်ယောက်ဖြစ်ပါလျက် အဘယ်ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရတာလဲ" ဟု ဆင်ခြင်ကြည့်ရာ ကျေးရွာရှင်မထေရ်ကို မြင်သဖြင့် ချက်ချင်းလူ့ပြည်သို့ဆင်းလာပြီးလျှင် မထေရ်အား ကျေးဇူးတင်စကား လျှောက်ထားသည်မှာ–

"အရှင်ဘုရားကျေးဇူးကြောင့် တပည့်တော်ဟာ ငရဲဘုံမရောက်ဘဲ နတ်ဘုံရောက်ခဲ့ရပါသည်။ ဒါတောင်တပည့်တော်ဟာ ငါးပါးသီလမရောက်ခင် သေသွားခဲ့လို့ပါ ငါးပါးသီလဆောက်တည်ပြီးမှ

သေခဲ့ရရင် ဒီထက်မြင့်တဲ့နတ်ဘုံကိုရောက်ရမှာပါ၊ ဒကာ ဒကာမ တွေအပေါ် အင်မတန်ကျေးဇူးများတဲ့ ဒီသရဏဂုံနဲ့ ငါးပါးသီလ အကြောင်းကို ဒကာ–ဒကာမတိုင်းသိအောင် ဟောကြားပေးပါဘုရား" ဟုလျှောက်ထားပြီးမှ နတ်ပြည်သို့ပြန်သွားခဲ့ပါသည်။ သေခါနီးမှ ကပ်ဆောက်တည်ပေးခဲ့သော သရဏဂုံသည်ပင်လျှင် ဤမျှ ကောင်းကျိုးပေးလျှင် နေ့စဉ်ဆောက်တည်နေသော သရဏဂုံဖြစ် ပါက မည်မျှကောင်းကျိုးကြီးနိုင်သည်ကို စာရှုသူများ စဉ်းစား၍ ကြည်ညိုသဒ္ဓါပွားကာ ကြိုးစားအားထုတ်နိုင်ကြပါစေ။

(အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒုတိယတွဲ၊ နှာ–၁၀၇ ကို မှီငြမ်းပြု ရေးဖွဲ့ပါသည်။)

"ငါဘုရားအပေါ် ယုံကြည်ရုံမျှ
ချစ်မြတ်နိုးရုံမျှဖြင့် နတ်ရွာ
သုဂတိသို့ လားရောက်နိုင်၏"

(မူလပဏ္ဏာသ၊
အလဂဒ္ဒူပမသုတ်)

## သေနည်းသင်တန်း တက်ထားပါ

ဘဝသံသရာမှာ မျောပါနေကြရတဲ့ သူသူငါငါ သတ္တဝါတွေ အတွက် မေတ္တာနဲ့နေနည်းကို ပြောပြီးပြီ၊ ခုတစ်ခါ သေနည်းကို ပြောမယ်၊ သေနည်းသင်တန်းတက်ထားဖို့လိုတယ်၊ ဒါအရေးကြီး ဆုံးပဲ။

လူလူတိုင်း တစ်နေ့မှာ သေရမှာမလွဲဘူး၊ ကြောက်ဖို့ မလို ဘူး၊ ကြောက်နေလို့လဲ မရဘူး။

၁။ ကြိုတင်ပြင်ဆင်ထားကြရအောင် သေနည်း သုံးမျိုး

ပြောမယ်၊ ငါတော့ ဒီတောင်ကမကျော်နိုင်ဘူးလို့ ကိုယ့်ဟာကိုယ် သိလာပြီဆိုလျှင် အနားမှာ ဘယ်သူမှမလာစေနှင့်၊ မိမိတစ်သက်တာ အတွင်းပြုလုပ်ဖူးတဲ့အလှူတွေကို စဉ်းစားကြည့်ပါ၊ ဒါနကို လှူတိုင်း လုပ်ဖူးကြတာချည်းမို့ မိမိစိတ်အကြည်လင်ဆုံး၊ အကျေနပ်ဆုံး အလှူတစ်ခုကိုပဲ ဆင်ခြင်နေ။

၂။ ဒါမှမဟုတ် ကိုယ်ရှုမှတ်နေကျ ဘာဝနာတစ်ခုခုကို နှလုံး သွင်းနေ၊ ဒါမှမဟုတ်လဲ–

၃။ ရောဂါပြင်းထန်နေလို့၊ ဆေးတွေလွန်နေလို့ သတိ မရ တစ်ချက် ရတစ်ချက်၊ ကယောင်ကတန်းဖြစ်နေတယ်ပဲထား၊ သတိရ လာတာနဲ့–

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ ရွတ်နေ၊ ဒါလုတိုင်း ရပြီးသား၊ ဒီနည်းသုံးနည်း တစ်နည်းနည်းနဲ့သေရင် အနည်းဆုံး နတ်ပြည်ရောက် မှာ သေချာပါတယ်။

ကျေးဇူးရှင် နယ်ခြားတောင်တန်းသာသနာပြု
အရှင်ဦးဥတ္တမသာရဆရာတော်ဘုရားကြီး။

* * *

# ၇။ သရဏာဂုံကိုကြီးနှင့် ကြာပွတ်မယ်သရဲမ

၁၃၅၀ ပြည့်နှစ် ပြာသိုလဆန်း (၁) ရက်နေ့ကပေါ့၊ ကျွန်တော့်ဘဝမှာ သေရေးရှင်ရေးနဲ့ပတ်သက်တဲ့ ရက်တစ်ရက်မို့ ဒီနေ့ဒီရက်ကိုတော့ ဘယ်သောအခါမှ မေ့နိုင်မယ်မထင်ပါဘူး၊ ကျွန်တော်တို့အိမ်က ပဲခူးမြို့ပေါ်မှာပါပဲ။ အိမ်အပေါ်ထပ် ပြူတင်းပေါက်ကနေ လှမ်းကြည့်ရင် ပဲခူးရွှေမောဓောစေတီကြီးကို ကြည်ညိုဖွယ်ရာဖူးတွေ့နိုင်တာမို့ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ စိတ်ချမ်းမြေ့စရာအကောင်းဆုံးနေရာလို့ ပြောရမယ်ထင်ပါတယ်။

အဖေက ကျွန်တော်ငယ်ငယ်ကတည်းက ဆုံးတာမို့ အခုအချိန်မှာတော့ အမေတစ်ခုသားတစ်ခုရယ်ပဲရှိပါတော့တယ်။ ငယ်ရွယ်စဉ်ကတည်းက လင်သားဆုံးခဲ့ပေမယ့် ကျွန်တော့်ကိုငဲ့ပြီး ယခုအရွယ်ထိ အိမ်ထောင်မပြုဘဲ ပြုစုလုပ်ကျွေးခဲ့တဲ့မိခင်ရဲ့ ကျေးဇူးတွေဟာ ကျွန်တော့်အပေါ်မှာ များပြားလှပါတယ်။

ဒါ့ကြောင့် ကျွန်တော်ကလဲ မိခင်ကို တစ်လှည့်တစ်ပြန်ကျေးဇူးဆပ်တဲ့အနေနဲ့ အခု အသက်(၃၀)အရွယ်ထိ အိမ်ထောင်မပြုသေးဘဲ မိခင်ကိုပြုစုလုပ်ကျွေးလျက်ပဲရှိပါသေးတယ်။ ကျွန်တော့်မိခင်မှာလည်း အားကိုးစရာဆိုလို့ ကျွန်တော်တစ်ယောက်တည်းရှိတာမဟုတ်လား။ ခုဆို မိခင်ကြီးအသက်က (၆၀) ကျော်လို့ (၇၀) ထဲရောက်နေပြီလေ။

ကျွန်တော်အခုအသက်အရွယ်ထိ အိမ်ထောင်မပြုဘဲ မိခင်ကို လုပ်ကျွေးနေတယ်ဆိုတော့ ပင်ကိုယ်ကကို စိတ်ကောင်းရှိတဲ့ သူတော်ကောင်းလေးလို့အများက ထင်ကြမှာပဲ။ တကယ်ကျတော့ ကျွန်တော့် ပင်ကိုယ်စိတ်နဲ့ဆိုရင် မိဘကျေးဇူးကို ဒီလောက်ထိသိဖို့ မလွယ်ကူလှပါဘူး။ ကျွန်တော် ကိုးတန်းကျောင်းသားအရွယ်လောက်တုန်းက မိခင်ရဲ့ကျေးဇူးအကြောင်း ဓမ္မကထိကဆရာတော်တစ်ပါးရဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆိုတဲ့ မိဘမေတ္တာဘွဲ့တရားတစ်ပုဒ်ကို နာကြားခဲ့ရပါတယ်။

အဲဒီတရားရဲ့အဆုံးအမကြောင့် ကျွန်တော့်အနေနဲ့ မိဘကို ယခုလို အသက်အရွယ်ထိတိုင်အောင် မြတ်မြတ်နိုးနိုး လုပ်ကျွေးမွေးမြူနိုင်တာပါ။

ဒီစာကိုဖတ်နေကြတဲ့ လူငယ်လူရွယ်များလည်း မိဘရဲ့ မေတ္တာနဲ့ကျေးဇူးကို ကျွန်တော့်လိုပဲသိစေချင်လွန်းလို့ ကျွန်တော့်နှလုံးသားထိ ရောက်ခဲ့ရတဲ့ ဟောပြောချက်အချို့ကို အနည်းငယ်ပြောပြပါရစေ။ ပထမဆုံး ကျွန်တော်သတိရတာကတော့ မိဘတွေအသက်ကြီးလာတဲ့အချိန် လုပ်ကျွေးမွေးမြူနိုင်စွမ်းရှိလျက်နဲ့ မလုပ်ကျွေးမမွေးမြူတဲ့ သားသမီးဟာ လူယုတ်မာဖြစ်တယ်ဆိုတဲ့ ဟောပြောချက်ပါပဲ။

အဲဒါနဲ့ပတ်သက်ပြီး ဆရာတော်ရွတ်ဖတ်ပြတဲ့ လင်္ကာလေးက–

“အနန္တဂိုဏ်းဝင် အဓိကထားရသည့်
မိဘနှစ်ပါးကြီးကျယ်စွာ
လက်ဦးဆရာ ဗြဟ္မာအလားသို့
ဘဂဝါဘုရားဟောခဲ့တာ
သူတို့မွေးတာကျေးဇူးအမြတ်ကို
ကြွေးအထူးဆပ်ဖို့ နားလည်ပါ

စွမ်းနိုင်လျက်သား အိုမင်းပြား
ပစ်ထားလူယုတ်မာ
အဲဒါကြောင့် ဗုဒ္ဓထုတ်ဟော
အယုတ်သဘောကင်းစေရာ" တဲ့။

**မှတ်ချက်။** ။ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ စတုတ္ထ စံကျောင်းဆရာတော်ဘုရားကြီးက ဝသလသုတ္တန်ကို ကြည့်၍ ရေးစပ်တော်မူခဲ့ခြင်းဖြစ်သည်။

**(စာရေးသူ)**

မိဘဆိုတာ ဖြဟ္မာနဲ့တူတဲ့ လက်ဦးဆရာကြီးပဲတဲ့၊ သူတို့ကျွေးမွေးခဲ့တဲ့ကျေးဇူးကို ဆပ်နိုင်တဲ့အချိန်မှာ ပြန်ဆပ်ကြရမယ်။ မိဘတွေအိုမင်းချိန်မှာ မလုပ်ကျွေးဘဲပစ်ထားတဲ့ သားသမီးဟာ ယုတ်မာတဲ့ သားသမီးလို့ မြတ်စွာဘုရားက ဟောခဲ့တယ်ဆိုကတည်းက ကျွန်တော့်စိတ်ထဲမှာ ဆုံးဖြတ်ချက်က ချထားပြီးသားပဲ။ အမေ့ကို မသေမချင်းလုပ်ကျွေးတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပဲပေါ့။

နောက်တစ်ခုမှတ်မိသေးတာက မိဘကိုလုပ်ကျွေးဖို့ အခွင့်အလမ်းဆိုတာ ရဖို့ရာမလွယ်ကူဘူးတဲ့။ အင်္ဂါလေးချက်နဲ့ ညီနေတဲ့ အခါမျိုးမှာသာ ပြုစုလုပ်ကျွေးနိုင်ပါသတဲ့။ အဲဒီအင်္ဂါလေးချက်ကတော့–

၁။ မိဘများ သက်ရှိထင်ရှားရှိနေသေးခြင်း၊
၂။ မိဘများက မိမိကိုမှီခိုနေခြင်း၊
၃။မိဘကိုလုပ်ကျွေးမွေးမြူချင်သော စေတနာ၊ သဒ္ဓါတရား မိမိမှာရှိခြင်း၊
၄။ လုပ်ကျွေးမွေးမြူနိုင်သော အသပြာဥစ္စာရှိခြင်းတို့ပါပဲ။

ဟုတ်လည်းဟုတ်ပါတယ်။ ဒီအင်္ဂါလေးချက် တစ်ချက်ချက် ချို့ယွင်းနေပြီဆိုတာနဲ့ မိဘကိုဘယ်လိုမှ လုပ်ကျွေးနိုင်ဖို့ မလွယ်ဘူး ဆိုတာ လူတိုင်းသဘောပေါက်နိုင်ပါတယ်။ နောက်တစ်ခု မှတ်မိ သေးတာကတော့ ဘုရားအလောင်း သာလိကေဒါရ ကျေးမင်း အကြောင်းပါပဲ။

တစ်ခါတော့ စပါးခင်းကိုပိုင်တဲ့ ပုဏ္ဏားတစ်ယောက်ဟာ ထူးဆန်းတဲ့ ကြက်တူရွေးတစ်ကောင်ကိုတွေ့တာနဲ့ ထောင်ပြီး ဖမ်း လိုက်တာ မိသွားရောတဲ့။ ထူးဆန်းတာကတော့ ဒီကြက်တူရွေးဟာ တစ်ခြားကြက်တူရွေးများလို စပါးကို မိမိစားရုံနဲ့မပြီးဘဲ စပါးနှံ အတော်များများကို ချီချီယူသွားတာ တွေ့ရလို့ပါပဲ။

ကြက်တူရွေးကို မိပြီးတဲ့အခါ ပုဏ္ဏားက မေးသတဲ့။

"အသင်ကြက်တူရွေး-တခြားကြက်တူရွေးတွေက အခင်းထဲမှာ စပါးကိုစားရုံနဲ့ ပြီးကြတယ်၊ သင်ကတော့ အခင်းထဲမှာ စပါးကိုစား ရုံနဲ့မပြီးဘဲ အပိုစပါးနှံတွေကို ချီချီသွားတာဟာ နေ့ဖို့ညစာသိမ်းထား ဖို့ ဂိုထောင်တွေများရှိနေလို့လား" လို့ဆိုတော့ ကျေးမင်းက-

"မဟုတ်ပါဘူး၊ သူ့မှာ 'ကြွေးသစ်လဲချရပါတယ်၊ ကြွေး ဟောင်းလဲ ဆပ်ရပါတယ်၊ ရွှေအိုးလည်းမြှုပ်နှံရပါတယ်' အဲဒီအလုပ် သုံးလုပ်ကြောင့် စပါးနှံတွေကို အပိုချီသွားရပါတယ်"လို့ ဖြေတော့ ကျေးမင်းရဲ့ သိမ်မွေ့တဲ့စကားသုံးခွန်းကို လယ်သမား နားမလည် နိုင်အောင်ဖြစ်နေလို့ ကျေးမင်းက အကျယ်ရှင်းပြနေပြန်တယ်။

'ကြွေးသစ်ချတယ်'ဆိုတာ သားသမီးတွေကို ကျွေးမွေးတာ ပါတဲ့။ 'ကြွေးဟောင်းဆပ်'တာကတော့ မိအိုဘအိုတွေကို ကျွေးမွေး တာပါတဲ့။ 'ရွှေအိုးမြှုပ်နှံတယ်'ဆိုတာကတော့ အလှူခံသမဏ၊

ဗြာဟ္မဏတွေကို လှူတာပါတဲ့။ အဲဒီအခါကျမှ စပါးခင်းရှင် ပုဏ္ဏားလည်း ကျေးမင်းရဲ့လုပ်ရပ်ကို ကြည်ညိုလေးစားပြီး သူ့အခင်းက စပါးတွေကို အလိုရှိသလောက် ယူခွင့်ပေးပါသတဲ့။

သာလိကေဒါရ ကျေးမင်းရဲ့နည်းကိုယူပြီး တရားနာပရိသတ်တွေလည်း ကြွေးသစ်လည်းချကြပါ၊ ကြွေးဟောင်းလည်း ဆပ်ကြပါ၊ ရွှေအိုးလည်းမြှုပ်နှံကြပါဆိုတဲ့အကြောင်း မှာကြားခဲ့တာကိုတော့ ကျွန်တော့်စိတ်ထဲမှာ ဘယ်တော့မှ မေ့တော့မယ် မဟုတ်ပါဘူး။

ကျွန်တော် နောက်ဆုံးမှတ်မိတဲ့အချက်လေးကတော့ "ဇနေတိ သဒ္ဒိသံ ပါကံ"တူသောအကျိုးကို ပေးတတ်ပုံ ဆရာတော့် ကိုယ်တွေ့ဖြစ်ရပ်လေးကို ဟောကြားသွားတာပါပဲ။ ဆရာတော်ရဲ့မိခင်ဟာ အမွှာမွေးဖြစ်လို့ ညီမတစ်ယောက်ရှိပါသေးသတဲ့။ မယ်တော်ရော အဒေါ်ရော စစ်ကိုင်းဇာတိတွေပါပဲ။

အမွှာမွေးညီမဖြစ်ပေမယ့် ရုပ်ချင်းလည်းမတူသလို စိတ်ချင်းလည်း မတူပါဘူးတဲ့။ သိတတ်တဲ့အရွယ်ကစပြီး အကြီးမက မိဘကိုပြုစုလုပ်ကျွေး ဂရုစိုက်သလောက် အငယ်မကတော့ အလှပြင်နဲ့ အပျော်အပါးနဲ့ အချိန်ကုန်တာပဲတဲ့။ ဒီကြားထဲ မိဘကဆုံးမရင် မနာခံဘဲ နှုတ်လှန်ထိုးသေးသတဲ့။

နောက်တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ အရက်သမားနဲ့ အိမ်ထောင်ကျသွားပြီး ဆင်းရဲနေပါရောတဲ့။ အကြီးမကတော့ မိဘတွေ ပေးစားတဲ့သူနဲ့ပဲ အချိန်ကျမှ အိမ်ထောင်ပြုခဲ့တယ်။ သူတို့နှစ်ယောက် သားသမီးတွေရတဲ့အခါ တူသောအကျိုးပေးတော့တာပဲတဲ့။ အငယ်မ မွေးတဲ့သားသမီးတွေဟာ တစ်ယောက်မှ အားကိုးမရဘဲ မိဘကိုဒုက္ခပေးမယ့်သူချည်းပဲတဲ့။

သားတွေဆိုရင် မိဘစကားကို နားမထောင်တဲ့အပြင် အရက်မူးလာရင် တစ်အိမ်လုံးရမ်းပြီးဆဲတော့တာပဲတဲ့။ အငယ်မကိုယ်တိုင်မိဘတွေအပေါ်ပြုခဲ့တဲ့အတိုင်း ပြန်အကျိုးပေးတာပဲပေါ့။

အကြီးမကတော့ သူကိုယ်တိုင် ငယ်ငယ်ကတည်းက မိဘကိုစိတ်ချမ်းသာအောင် ပြုစုလုပ်ကျွေးခဲ့တော့ သူမွေးတဲ့သားသမီးတွေကျတော့လည်း မိဘကိုပြန်ပြုစုတဲ့ သူတော်ကောင်းတွေချည်းပဲတဲ့။ အခုတော့ စိတ်ချမ်းသာစရာအကောင်းဆုံး၊ ကုသိုလ်ရစရာ အကောင်းဆုံးဖြစ်တဲ့ ဓမ္မကထိက သားဘုန်းကြီးထံမှာပဲ အသက်ထက်ဆုံးနေနေတဲ့အကြောင်းကို ဆရာတော့်ကိုယ်တွေ့ကို ပြောသွားတာကတော့မမေ့နိုင်အောင်ပါပဲ။

မိဘကျေးဇူးနဲ့ပတ်သက်ပြီး ပေရှည်သွားမိတာကို ခွင့်လွှတ်ပါ၊ ကျွန်တော့်လိုလူငယ်တွေ မိဘရဲ့မေတ္တာနဲ့ ကျေးဇူးကို နားလည်ပြီး ကျေးဇူးဆပ်စေချင်လွန်းလို့ပါ။ ကျွန်တော်ရဲ့ သရဏဂုံ ကိုယ်တွေ့ကို ဆက်ကြပါစို့။ တစ်ခါတော့ ကျွန်တော့်မှာ နာတာရှည်ရောဂါတစ်ခုစွဲကပ်လို့ အိပ်ယာထဲလဲနေတဲ့အချိန်ပေါ့။

တစ်နေ့ ၁၃၅၀ ပြည့်နှစ် ပြာသိုလဆန်းတစ်ရက်နေ့ပေါ့၊ ကျွန်တော် ရောဂါသည်းပြီး တစ်ယောက်ထဲ လူးလိမ့်နေအောင်ခံစားနေရတယ်။ တစ်ဖက်ခန်းက အမေသိပြီး စိတ်ဆင်းရဲမှာစိုးလို့ကျိတ်မှိတ်ပြီး ခံစားနေတာပါ၊ အဲဒီအချိန်က ဆောင်းတွင်းဆိုတော့ညနေ ၆ နာရီသာသာရှိသေး၊ နေကဝင်သွားပါပြီ။

ဒီအချိန်မှာပဲ ကျွန်တော်တို့အိမ်ထဲကို ကြာပွတ်မည်းမည်းကြီးတစ်ခု ကိုင်ထားတဲ့ မိန်းမတစ်ယောက်ရယ်၊ ခါးတောင်းကျိုက်ထားတဲ့ ရောမလူကြီးနှစ်ယောက်ရယ် စုစုပေါင်း လူသုံးယောက်ဝင်လာကြတယ်။ မိန်းမရဲ့ခေါင်းပေါ်မှာတော့ ရွှေရောင်သရဖူလိုဟာမျိုး

တစ်ခုဆောင်းထားတာကိုတွေ့ရတယ်။ ကျွန်တော့်ကို တွေ့တွေ့ချင်းပဲ အဲဒီမိန်းမက–

"မင်းဒီရောဂါဝေဒနာကြီးကို ခံစားနေရမယ့်အတူတူ ငါတို့နဲ့ တစ်ခါတည်း လိုက်ခဲ့ပါလား၊ ဟိုမှာဆိုရင် မင်းဒီထက်အများကြီး စိတ်ချမ်းသာမယ်" လို့ ပြောတယ်။

**မှတ်ချက်။** ။ဤနေရာ၌ လူမမာက လူ့ဘဝကို စိတ်ပျက်နေပြီး လိုက်မယ်ဟုပြောလိုက်သည်နှင့် ချက်ချင်းသေသွားတတ်ပါသည်။ တစ္ဆေ၊ သရဲ၊ ပြိတ္တာတို့၏ ကမ္မဇိဒ္ဓိ=ကံကပေးသော တန်ခိုးဖြင့် သတ်ဖြတ်ခြင်းဖြစ်သည်။ ပြိတ္တာတိုင်းတော့ ထိုသို့မလုပ်နိုင်ပါ၊ အတန်အသင့် တန်ခိုးရှိသော ဝေမာနိကပြိတ္တာမျိုးများသာ ပြုလုပ်နိုင်ပါသည်။ သရဏဂုံမဲ့ပြီး ရောဂါတအားသည်းနေသော သူများကိုသာ ပြုလုပ်နိုင်သည်။ (စာရေးသူ)

"ကျွန်တော်က အမေ့ကို လုပ်ကျွေးရဦးမှာ မလိုက်နိုင်ဘူး" လို့လဲပြောလိုက်ရော သရဲမက အသာတကြည် မလိုက်တော့လဲ ခပ်ကြမ်းကြမ်းခေါ်ရတာပေါ့လို့ပြောပြီး သူ့လူနှစ်ယောက်ကို အချက်ပြလိုက်တယ်။ ဒီအချိန်မှာပဲသူ့လူနှစ်ယောက်က ကျွန်တော့်ကို မလှုပ်နိုင်အောင် ကြိုးနဲ့တုပ်လိုက်ကြတယ်။

ကြိုးနဲ့တုပ်ပြီးတာနဲ့ သရဲမက လွှဲတဲ့လွှဲတဲ့ပြီး ကျွန်တော့်ကို ကြာပွတ်ကြီးနဲ့ ရိုက်တော့တာပါပဲ။ နာတာကတော့လေ အသဲခိုက်တဲ့အထိပါပဲ။ ကျွန်တော့်ဘဝတစ်သက်မှာ အဲသလောက် အသားနာတာ တစ်ခါမှမကြုံခဲ့ဖူးပါဘူး။ ကြိုးနဲ့ကလဲတုပ်ထားတော့ ဘာမှ မတတ်နိုင်ဘဲ လူးလိမ့်ပြီးခံရတော့တာပါပဲ။

အခံရှိတဲ့ဝေဒနာရယ်၊ အရိုက်ခံရတဲ့ဝေဒနာရယ် ပေါင်းလိုက်တော့ ဒီတစ်ခါဖြင့် ငါတော့ သေရတော့မယ်လို့ စိတ်နှလုံး ဒုံးဒုံး

ချမိတော့တာပါပဲ။ ကြာပွတ်ဒဏ်ကို လူးလိမ့်ခံစားရင်း တစ်ခါမှာတော့ လေသာပြူတင်းကနေမြင်နေရတဲ့ ရွှေမော်ဓောစေတီကြီးကို ဖူးတွေ့လိုက်ရတာကတော့ ထူးခြားမှုတစ်ခုပေါ့။

ဒီအခါကျမှပဲ အားကိုးရာအစစ်ကို ကျွန်တော်သတိရသွားတယ်။ ဒါနဲ့ အချိန်မဆိုင်းဘဲ ချက်ချင်း–

"တပည့်တော်၏အသက်နဲ့ ခန္ဓာကိုယ်အား ရွှေမောဓော ဘုရားကြီးအား ရှူပါ၏" ဟု နှုတ်ကဆိုလိုက်မိတယ်။

ကျွန်တော် အဲလိုဆိုလိုက်ပြီးတာနဲ့တစ်ပြိုင်နက် မိစ္ဆာသုံးယောက်တို့ဟာ တစ်စုံတစ်ယောက်ကနေ သူတို့ကို နောက်ကရိုက်လိုက်သလို အသံနက်ကြီးတွေနဲ့အော်ပြီး ချက်ချင်းထွက်ပြေးကြတော့တာပါပဲ။ မကောင်းဆိုးဝါးတွေ ထွက်ပြေးသွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော့်အမေကို အလန့်တကြား အော်ခေါ်လိုက်မိတယ်။

အမေ ကျွန်တော့်နားရောက်တဲ့အခါမှာတော့ ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေကို ရွှဲနစ်နေပါပြီ။ ဒီထက်ထူးခြားတာက ကျွန်တော့်မှာရှိနေတဲ့ နာတာရှည်ရောဂါဟာ ချက်ချင်း လက်နဲ့ယူပစ်လိုက်သလို ပျောက်ကင်းသွားတာပါပဲ။ ခုတော့ မိခင်ကို ကျန်းကျန်းမာမာနဲ့ လုပ်ကျွေးပြုစုနိုင်ပါပြီ။

လူတစ်ယောက်ကို မသေမချင်း ရိုက်နေတာကို ထရံသာခြားတဲ့တစ်ဖက်ခန်းကလူမကြားအောင်စွမ်းတဲ့ မကောင်းဆိုးဝါးတွေရဲ့ ကမ္ဘဗိဒ္ဓိတန်ခိုးကို ကျွန်တော် တော်တော်လေးအံ့ဩမိတာအမှန်ပါ။ နောက်တော့ နားလည်တဲ့ ဆရာတော်များကို လျှောက်ထားကြည့်တော့မှ မိစ္ဆာတွေထွက်ပြေးခြင်း၊ ကျွန်တော့်ရောဂါပျောက်သွားခြင်းတို့ရဲ့ အဓိကအကြောင်းကို သိရပါတော့တယ်။

အဲဒါကတော့ တခြားမဟုတ်ပါဘူး၊ တပည့်တော်၏ အသက်နဲ့ ခန္ဓာကိုယ်အား ရွှေမောဓောဘုရားကြီးအား လှူပါ၏ဆိုတဲ့ ကျွန်တော်ရဲ့စကားက သရဏဂုံဆောက်တည်နည်း လေးမျိုးထဲမှာ အတ္တသန္နိယျာတန သရဏဂုံဆောက်တည်နည်းထဲ အကျုံးဝင်သွားလို့ပါပဲတဲ့။ အတ္တသန္နိယျာတနဆိုတာ မိမိခန္ဓာကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းလှူဒါန်းခြင်းပါပဲတဲ့။

ဒါတောင် ကျွန်တော် တည်ဆောက်တာက ဘုရားရတနာ တစ်ပါးပဲရှိသေးတာ၊ အကယ်၍ သုံးပါးလုံးသာ ဆောက်တည်နိုင်မယ်ဆိုရင် မကောင်းဆိုးဝါးတွေ အသက်များထွက်သွားလေမလားလို့ စဉ်းစားနေမိပါရဲ့ဗျာ။

**မှတ်ချက်။** ။မြတ်မင်္ဂလာစာစောင်၌ ဖတ်ရသော ကိုယ်တွေ့ဖြစ်ရပ်ကို ပြန်လည်တန်ဆာဆင်၍ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

## သရဏဂုံအနက် အရကျက်ပါ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်မြင်၍ မြင်စေဟောဖော် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။

သရဏံ၊ ဘေးရန်ပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးသော ကိုးကွယ်ရာဟူ၍။

ဂစ္ဆာမိ၊ ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။

သရဏံ၊ ဂစ္ဆာမိ=အနက်တူ။

သံဃံ သရဏံ ဂစ္ဆာမိ။

သံဃံ၊ သမ္မုတိ- အရိယာ နှစ်ဖြာသော သံဃာတော်မြတ် အပေါင်းကို။

သရဏံ၊ ဂစ္ဆာမိ=အနက်တူ။

## သဒ္ဓါစစ်ဆိုတာ

ကိုယ့်သန္တာန်မှာ ဉာဏ်ဘုရားပေါ်အောင်လုပ်ရမှာ မလုပ်ကြပါဘဲနှင့် ဟိုအနားဘုရားပေါ်တယ်ဆိုရင် သွားလိုက်ကြတာ ဆီးမရတားမရ၊ နွားမိတ်သင်းကြီးလိုပဲကွယ့်၊ ကောင်းလိုက်တဲ့သဒ္ဓါတရား၊ ပါတာအကုန်ချွတ်လှူတာပဲ၊ ပေါ်တော်မူအစစ်ဆိုတာ မှိုနဲ့မျှစ်သာ ရှိသကွယ့်။

အဲဒါကလွဲရင် ကိုယ့်ဘုရားကိုယ်မြှုပ်၊ ကိုယ့်အိပ်မက် ကိုယ်မြင်ပြီး လိမ်စားကြတာချည်းပဲ၊ ပေါ်တော်မူမှန်ရင် မြေထဲမြှုပ်လို့ မဆွေးတဲ့ ကျောက်ဆင်းတုနှင့် ဖန်သားဘုရားတွေချည်းပဲ၊ ကျွန်းသား ဆင်းတုမပါဘူး။

အဲဒီလိုမစဉ်းစားဘဲ အရမ်းကောင်းတဲ့ သဒ္ဓါတရားဟာ သဒ္ဓါရူး၊ သဒ္ဓါနှမ်းတဲ့၊ ငွေကုန်ပြီး ဘာမှအကျိုးမရှိဘူး၊ အကျိုးမရှိတဲ့နေရာမှာ သဒ္ဓါတွေက ကောင်း၊ အကျိုးရှိမည့်နေရာကျတော့ သဒ္ဓါတရား မကောင်း။

ဘယ်ကလာပြုန်ပြီး မြန်မာတွေ ကောင်းစားမလဲကွယ့်၊ ကြည့်ပါလား၊ အလှူပေးတာလဲ မြန်မာ၊ မွဲတာလဲ မြန်မာ၊ အဲဒါ သဒ္ဓါ အချိုးမကျလို့ကွယ့်။

မြတ်စွာဘုရားက ဆင်းရဲတဲ့လူတွေကို ကရုဏာနဲ့ ပေးကမ်းကြ၊ ထောက်ပံ့ကြတဲ့၊ ဒါမှ သဒ္ဒါအစစ်ကွယ့်၊ အခုတော့ မဟုတ်တာ လုပ်ပြီးညာရင် သဒ္ဒါတရားကောင်းပြီ၊ အဲဒါသဒ္ဒါအစစ်မဟုတ်ဘူး ကွယ့်၊ ဒိဋ္ဌိတဲ့။

(ကချင်ပြည်နယ်၊ နမ္မားမြို့၊ မင်္ဂလာရာမကျောင်း ဆရာတော် ဦးဉာဏ၏ တရားစစ်တမ်းဆွေးနွေးခန်း စာအုပ်မှ)

## ၈။ မိစ္ဆာဒိဋ္ဌိဘုရင်နှင့် သရက္ခာဂုံရှင်

ယခုဖော်ပြတော့မည့်ဖြစ်ရပ်ဟာ ဆန်းကြယ်မှုအသွယ်သွယ်နဲ့ပြွမ်းတီးနေတဲ့ ဖြစ်ရပ်မို့ စိတ်ကူးယဉ်ဒဏ္ဍာရီတစ်ခုလို့ ထင်မသွားဖို့တော့ စောစောက ကြိုတင်တောင်းပန်ထားပါရစေ။ ဘာကြောင့်လဲဆိုတော့ ဒီတကယ့်ဖြစ်ရပ်အကြောင်းကို မှတ်တမ်းတင်ခဲ့သူဟာ ဘာသာခြားလူမျိုးခြားတစ်ယောက် ဖြစ်နေလို့ပါပဲ။

သူကတော့ အင်္ဂလိပ်လူမျိုး သမိုင်းဆရာ ဂျီအီးဟားဘေးပဲဖြစ်ပါတယ်။ ဘာသာခြားလဲဖြစ်၊ လူမျိုးခြားလဲဖြစ်တဲ့အတွက် ဗုဒ္ဓနဲ့ပတ်သက်ပြီးတော့ လွန်လွန်ကဲကဲဂုဏ်တင်မရေးမှာကတော့ သေချာလှပါတယ်။ ယခုဖြစ်ရပ်ကို မြန်မာ့သမိုင်း အကျဉ်းချုပ်စာအုပ်မှာရေးသားခဲ့ခြင်းဖြစ်ပါတယ်။ မေ့ရသ၊ သုတရသ၊ ကရုဏာရသ၊ ဘယာနကရသ၊ ဝီရရသ စတဲ့ ရသမျိုးစုံကို ခံစားကြည့်ကြရအောင်ပါ။

### ဗုဒ္ဓဘာသာ နှစ်မျိုး

အေဒီ ၁၀၄၃–၁၀၅၇ လောက်ကပဲဖြစ်ပါတယ်။ ဒီအချိန်မှာမွန်တို့ဌာနီ ဟံသာဝတီမှာ စိုးမိုးအုပ်ချုပ်မင်းလုပ်နေတဲ့ ဘုရင်တစ်ပါးကတော့ တိဿပါတဲ့။ ဗုဒ္ဓဘာသာဝင်ပါပဲ၊ ဒါပေမယ့် တကယ့် ဗုဒ္ဓ

ဘာသာမဟုတ်ဘဲ မိရိုးဖလာဗုဒ္ဓဘာသာဖြစ်နေပါတယ်။ ဒီနှစ်မျိုး ထူးခြားပုံကို ရှင်းပြပါရစေ။

မိရိုးဖလာ ဗုဒ္ဓဘာသာဆိုတာက မိမိရဲ့ အဘိုးတွေ၊ အဘွားတွေ၊ အဖေတွေ အမေတွေက ဗုဒ္ဓဘာသာဖြစ်ခဲ့လို့သာ မိမိလည်း ဗုဒ္ဓဘာသာ ဖြစ်လိုက်ရတယ်။ သိတဲ့ တတ်တဲ့ ဆရာတော်ကြီးတွေကိုလည်း ဆည်းကပ်မေးမြန်းခြင်း၊ တရားနာခြင်းလည်း မရှိဘူး၊ တစ်ခါ ဘာသာရေးစာပေကိုလည်း တစ်လုံးတစ်ပါဒမျှ မလေ့လာဘူး၊ အဲဒီလိုမျိုး ဗုဒ္ဓဘာသာဟာ မိရိုးဖလာဗုဒ္ဓဘာသာပါ။

တကယ့်ဗုဒ္ဓဘာသာဆိုတာကတော့ အချိန်အားလေး ရခိုက်မှာ ဘာသာရေးစာပေအချို့ကိုလည်း ထိုက်သလောက်လေ့လာတယ်၊ တတ်သိနားလည်တဲ့ ဆရာတော်ကြီးတွေဆီ ဆည်းကပ်ပြီး မရှင်းလင်းတာ မေးမြန်းကယ်၊ ကြုံတဲ့အခါ တရားဒေသနာများကို နာကြားတယ်၊ အဲဒီအတွက် ဗုဒ္ဓကို တကယ်ကြည်ညိုလေးစားပြီး ဘာသာကိုလည်း အသက်ထက်တန်ဖိုးထားသွားတယ်၊ အဲသလို ဗုဒ္ဓဘာသာမျိုးကမှ တကယ့် ဗုဒ္ဓဘာသာပါ။

ဒီဗုဒ္ဓဘာသာနှစ်မျိုးဟာ သာမန်အချိန်မှာတော့ အတူတူပါပဲ။ ထူးသွားတဲ့အချိန်ကတော့ ဘာသာခြားနဲ့ အိမ်ထောင်ကျတဲ့အချိန်၊ တခြားဘာသာကနေ ဥစ္စာစည်းစိမ်တွေ၊ မိန်းမဆိုရင် ယောကျ်ား၊ ယောကျ်ားဆိုရင် မိန်းမနဲ့ ဆွဲဆောင်လာတဲ့အချိန်ပါပဲ။

အဲဒီအချိန်ရောက်ပြီဆိုရင်တော့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များဟာ ဘာသာခြားနောက်ကို ကောက်ကောက်ပါအောင် ပါသွားတတ်ပြီး တကယ့်ဗုဒ္ဓဘာသာဝင်များကတော့ ကျောက်တောင်

ကျောက်ခဲလို မယိုင်လဲဘဲ တည့်မတ်ပြီးနေနိုင်ပါတယ်။ အခု တိဿဘုရင်က မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ပဲဖြစ်ပါတယ်။

ဒါကြောင့်လဲအနားမှာ ခစားနေတဲ့ ဗြာဟ္မဏဘာသာဝင် အမတ်တွေက "အရှင်မင်းကြီး၊ အရှင်မင်းကြီးတို့ ကိုးကွယ်နေတဲ့ ဗုဒ္ဓဆိုတာဟာ လောကမှာ ရှိမှမရှိတော့ဘဲ၊ ဒါကြောင့် သေသွားတဲ့ သူရဲ့ရုပ်တုကို ကိုးကွယ်နေတယ်ဆိုတာ အသုဘရုပ်ကို ကိုးကွယ် နေတာနဲ့ အတူတူပါပဲ။ အဲဒါကို ကိုးကွယ်မယ့်အစား ကျွန်တော် မျိုးတို့ရဲ့ ဘယ်တော့မှမသေတဲ့ ထာဝရဗြဟ္မာကြီးကို ကိုးကွယ်တာက ပိုမိုမြင့်မြတ်တာပေါ့"

လို့ ရက်အတန်ကြာ ဆွဲဆောင်လိုက်တာနဲ့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် တိဿမင်းဟာ မိစ္ဆာဒိဋ္ဌိအယူကိုယူပြီး မြင့်မြတ်လှတဲ့ ဗုဒ္ဓဘာသာကို စွန့်လွှတ်လိုက်ပါတော့တယ်။

အတွေးအခေါ် အသိဉာဏ်နည်းပါးသူတွေရဲ့ လက်ထဲကို အာဏာ ရောက်သွားခြင်းဟာ နဂိုကမှ အကန်အကျောက်ဝါသနာပါတဲ့ မြင်းကို ချိုတပ်ပေးလိုက်သလို တစ်ပါးသူတွေ ပိုမိုဒုက္ခရောက်ဖို့ရာ ဖန်တီး ပေးလိုက်သလိုပဲဖြစ်ပါတယ်။ ခုလည်း ကြည့်လေ၊ သူကိုယ်တိုင် ဘာသာပြောင်းရုံနဲ့မပြီးသေးဘဲ ဟံသာဝတီမြို့သူမြို့သားအားလုံးကို ပါ သူ့လိုလိုက်ပြီး ဘာသာပြောင်းရမယ်လို့ အမိန့်ထုတ်တယ်။

သူထုတ်တဲ့အမိန့်အပြည့်အစုံက ယနေ့မှစ၍ ဟံသာဝတီ မြို့သူမြို့သားအားလုံးတို့သည် ဗုဒ္ဓအယူဝါဒကိုစွန့်၍ ဗြာဟ္မဏ အယူဝါဒကို ယူကြရမည်။ ဗုဒ္ဓဆင်းတုတော်များကိုလည်း အားလုံး ဖျောက်ဖျက်ပစ်ကြရမည်။ ဗုဒ္ဓဆင်းတုတော်များကို ကိုးကွယ်ဆည်းကပ် သူကို တွေ့လျှင် သေဒဏ်ပေးမည်တဲ့။

ဒီတော့လည်း ဗုဒ္ဓဝါဒထက် အသက်ကို ပိုမိုမြတ်နိုးသူအများစုတို့ဟာ ဗုဒ္ဓဆင်းတုတော်များကို ရေမျှောသူကမျှောတယ်၊ မီးရှို့သူက ရှို့တယ်၊ တောနက်ထဲသွားပစ်တဲ့သူပစ်ကြတယ်။ တစ်တိုင်းပြည်လုံးနီးပါး ဗုဒ္ဓဆင်းတုတော်များကို ဖျောက်ဖျက်ပြီး ဗုဒ္ဓအယူဝါဒကို စွန့်နေကြတဲ့အချိန်မှာ အသက်ထက် ဗုဒ္ဓဝါဒကို ပိုမိုမြတ်နိုးတဲ့ အာဇာနည်အမျိုးသမီးတစ်ဦးလည်း ပေါ်ပေါက်ခဲ့ပါတယ်။

## အသက်ထက် ဗုဒ္ဓဝါဒကို မြတ်နိုးသူ

သူကတော့ တခြားမဟုတ်ပါဘူး၊ သူဌေးသမီး ဟံသာဝတီမြို့သူလေး တလထော်ပဲဖြစ်ပါတယ်။ တလထော်ဆိုတာ မွန်နာမည်ပါ၊ မြန်မာလိုတော့ တရားသခင်မလို့အဓိပ္ပာယ်ရပါတယ်။ သူမကတော့ သူမနေတဲ့တိုက်ခန်းထဲမှာ ဗုဒ္ဓဆင်းတုတော်ကို ကိုးကွယ်လျက်ပါပဲ။ ဘယ်သူမှ တားလို့လဲမရပါဘူး။ တစ်နေ့တော့ တလထော်နဲ့ သူ့ရဲ့ အခြွေအရံတွေ မြစ်ထဲမှာ ရေချိုးနေကြပါတယ်။

အဲဒီအချိန်မှာ ဟိုးမြစ်ညာကနေ တလထော်တို့ ရေချိုးနေတဲ့ဆီကို ရွှေရောင်တလက်လက်နဲ့ ဗုဒ္ဓဆင်းတုတော် ရှစ်ဆူမျောပါလာတာကို တွေ့မြင်ကြရပါတယ်။ အသက်ဘေးကိုကြောက်တဲ့ ဗုဒ္ဓဘာသာဝင်တွေမျှောလိုက်တဲ့ ဗုဒ္ဓဆင်းတုတွေပဲပေါ့။ ဒီအခါမှာ တလထော်ဟာ မျောပါလာတဲ့ဆင်းတုတော်တွေကို သူကိုယ်တိုင်လည်း လိုက်ဆယ်တယ်။ သူ့အခြွေအရံတွေကိုလည်း လိုက်ဆယ်ခိုင်းတယ်။

ရံရွေတော်တွေက–

"အရှင်မ၊ တိသဘုရင်ကြီးက ဗုဒ္ဓဆင်းတုတော် ကိုးကွယ်တဲ့သူတွေကို သေဒဏ်ပေးမယ်လို့ အမိန့်ချမှတ်ထားပါတယ်၊ ဒါကြောင့်

ဆင်းတုတော်တွေကို မဆယ်ပါနဲ့" လို့ တားကြတဲ့အခါ တလထော်က "ညီမတို့ ဆယ်သာဆယ်ကြ၊ ဗုဒ္ဓဆင်းတုတော်ကို ကိုးကွယ်လို့ သတ်မယ်ဆိုရင် ကျွန်မ ဆယ်ပြန်သေရဲပါတယ်၊ ဒီဆင်းတုတော်တွေနဲ့ပတ်သက်လို့ ကျွန်မအားလုံး တာဝန်ယူပါတယ်" လို့ ပြောသတဲ့။

ဒီစကားကိုထောက်ကြည့်ရင် တလထော်မှာ ဗုဒ္ဓဝါဒနဲ့ ပတ်သက်လာရင် အရာရာကို ရင်ဆိုင်ရဲတဲ့သတ္တိတွေရှိနေတာကတော့ သေချာနေပါပြီ၊ ဒီသတ္တိတွေကို အသက်ငယ်ငယ်သာရှိသေးတဲ့ တလထော်တစ်ယောက် ဘယ်လိုများရလာသလဲလို့ တွေးကြည့်သင့်တယ်။ ဒီမေးခွန်းရဲ့အဖြေကိုတော့ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးရဲ့ အောက်ပါဩဝါဒထဲမှာ ရှာကြည့်နိုင်ပါတယ်။

## ဘုရားပေးတဲ့သတ္တိ

"တစ်မျိုးမျိုးသောအလုပ်ကိစ္စရှိရင် ဘုရားကို အမှတ်ရနေပါ။ အခါမရွေး အမှတ်ရနေရင် ကောင်းပါတယ်။ ဒီလိုဘုရားအာရုံ ယူနေတော့ သတ္တိအလိုလိုထက်မြက်လာတယ်။ စိတ်တွေဟာ ဘုရား အာရုံအမြဲယူနေရတော့ တည်ကြည်မှု (သမာဓိ) ကို ရလာတယ်။

ဒီလိုတည်ကြည်လာတော့ ရဲရင့်ထက်မြက်တဲ့သတ္တိကောင်းတွေ ပေါ်လာရတာပဲ။ သွားလာရာမှာ ဘုရားအာရုံနဲ့သွားရင် ကြမ်းတမ်းတာမရှိပါဘူး"

ဒီဩဝါဒကိုကြည့်လိုက်ရင်ပဲ တလထော်ရဲ့သတ္တိတွေ ဘယ်လိုက ဘယ်လိုရလာသလဲဆိုတဲ့ မေးခွန်းရဲ့အဖြေကို သိလောက်ပါပြီ။ တစ်နည်းအားဖြင့် တလထော်ဟာ အထက်တန်းစား တကယ့် ဗုဒ္ဓဘာသာဖြစ်တဲ့အတွက်ကြောင့်လည်း ဗုဒ္ဓဆင်းတုတော်များကို ယခုလို ရဲရဲဝံ့ဝံ့ပူဇော်ရဲခြင်းဖြစ်တယ်လို့ ယူဆရပါတယ်။

အထက်တန်းစား တကယ့်ဗုဒ္ဓဘာသာဝင်တွေက ကုသိုလ်ကံကြောင့် ကောင်းကျိုးခံစားရမယ်၊ အကုသိုလ်ကံကြောင့် မကောင်းကျိုးခံစားရမယ်ဆိုတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ဟာ လင်းလင်းချင်းချင်းရှိကြတယ်။ အောက်တန်းစား ဗုဒ္ဓဘာသာဝင်တွေကတော့ ကောင်းကျိုးခံစားရရင် နတ်မ,လို့၊ ဘိုးတော်မ,လို့ယူဆပြီး၊ မကောင်းကျိုးခံစားရပြန်တော့ ပါပဂြိုဟ်ထဲရောက်လို့၊ စီးပွားပျက်ကိန်းကြုံနေလို့ စသောအားဖြင့် အမှားတွေကိုယုံပြီး ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ဟာ လုံးလုံးကွယ်ပျောက်နေကြရတယ်။

တလထော်ကတော့ အဲဒီထဲမှာမပါဘူး၊ ဒါ့ကြောင့်လည်း ဗုဒ္ဓဆင်းတုတော်ရှစ်ဆူကို ရဲရဲဝံ့ဝံ့ပူဇော်ရဲတာပေါ့။ ဗုဒ္ဓဆင်းတုတော်တွေ သူကိုးကွယ်တာဟာ ကုသိုလ်အလုပ်ပဲ၊ ကုသိုလ်အလုပ်ဖြစ်တဲ့အတွက် ပေးမယ့်ပေးရင် ကောင်းကျိုးပေးရမယ်၊ မကောင်းကျိုးကတော့ ဘယ်လိုမှမပေးနိုင်လို့ ရဲရဲဝံ့ဝံ့ ယုံကြည်တဲ့သဒ္ဓါတတ်မျိုးကလည်း လူတိုင်းမှာတော့ ရှိဖို့မလွယ်လှပါဘူး။

နောက်ပြီး "တလထော် နင် ရတနာသုံးပါးစွန့်မလား၊ ခေါင်းဖြတ်အသတ်ခံမလား"လို့မေးခဲ့ရင် တလထော်ဟာ ခေါင်းသာဖြတ် အသတ်ခံမှာပါ၊ ရတနာသုံးပါးကို မစွန့်ပါဘူး၊ အဲဒီလို သဒ္ဓါမျိုးကို စာကဆိုတာကတော့ အဝေစ္စပသန္န=ရတနာသုံးပါးကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းလို့ ဆိုပါတယ်။

စာရှုသူများလည်း အဲဒီသဒ္ဓါမျိုးကို မိမိသန္တာန်မှာရှိအောင်ကြိုးစားထားမယ်ဆိုရင် တလထော်ကျော်ဖြတ်ခဲ့တဲ့အန္တရာယ်အမျိုးမျိုးကို စာရှုသူများလည်း ကျော်ဖြတ်နိုင်ပါလိမ့်မယ်။ တလထော်ဟာ ရေထဲက ဆယ်လို့ရတဲ့ ဗုဒ္ဓဆင်းတုတော်များကို အမွှေးနံ့သာများနဲ့ ရေသပ္ပာယ်ပြီး သူနေတဲ့တိုက်ခန်းမှာ ကိုးကွယ်ထားလိုက်ပါတော့တယ်။

နောက်တစ်နေ့မှာပဲဒီသတင်းကိုရသွားတဲ့ တိဿဘုရင်ကြီးဟာ လွန်စွာဒေါသထွက်ပြီး တလထော်ကိုချက်ချင်းဖမ်းခိုင်းလိုက်ပါတယ်။ ရဲမက်တွေလာဖမ်းကတည်းက တလထော်ဟာ မိမိရဲ့ပွားများနေကျ ဖြူစင်အေးမြတဲ့မေတ္တာဓာတ်ကို တိဿဘုရင်ကြီးနဲ့တကွ နန်းတွင်းသူနန်းတွင်းသားအားလုံးထံကို ပို့လွှတ်ထားလိုက်ပါတယ်။

စိတ်ဆိုးတဲ့ဒေါသကို မိမိသန္တာန်မှာ လုံးဝအဖြစ်မခံပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒေါသဟာ အကုသိုလ်ဆိုတော့ မကောင်းကျိုးပဲပေးမယ်၊ မေတ္တာက ကုသိုလ်ဆိုတော့ ကောင်းကျိုးပေးမယ်၊ ဒါကြောင့်လည်း ဒေါသအဖြစ်မခံဘဲ မေတ္တာကိုသာ တွင်တွင်ပွားနေတာပါ။ မေတ္တာပို့တာနဲ့ လုံလောက်ပြီလို့ မယူဆပဲ သရဏဂုံသုံးပါးကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဆောက်တည်နေပါတော့တယ်။

နန်းရင်ပြင်ရောက်တာနဲ့ ဒေါသဖြစ်နေတဲ့ တိဿဘုရင်နဲ့ ဗြဟ္မဏအမတ်တွေဟာ စစ်ဆေးမေးမြန်းခြင်းပင် မပြုလုပ်တော့ဘဲ တလထော်ကို သူတို့ရှေ့မှာတင် မသေမချင်းဆင်နင်းသတ်ဖို့ အမိန့်ချမှတ်လိုက်ပါတော့တယ်။ လက်ပြန်ကြိုးတုပ်ထားတဲ့ တလထော်ရှိရာကို အရက်မူးအောင်တိုက်ထားတဲ့ လူနင်းသတ်နေကျ ဆင်ကြမ်းကြီးတစ်ကောင်ကို မောင်းခေါ်လာခဲ့ပါပြီ။

ဒီအချိန်မှာ တိဿဘုရင်နဲ့ မိစ္ဆာများကတစ်ဖက်၊ တလထော်ကတစ်ဖက်ဖြစ်နေပါပြီ။ တလထော်နောက်မှာ ဘယ်သူမှမနေရဲတော့ပါဘူး၊ ဒါကိုလည်း တလထော်သိပါတယ်။ ဒါကြောင့်လည်း ဘယ်သူ့ကိုမှ အားမကိုးဘဲ သရဏဂုံသုံးပါးကိုသာ ရွတ်ဖတ်သရဇ္ဈာယ်နေခြင်းဖြစ်ပါတယ်။ ဟုတ်ပါတယ်၊ တလထော်နောက်မှာ မားမားမတ်မတ် နေတာဆိုလို့ ရတနာသုံးပါးပဲရှိပါတော့တယ်။

နင်းသတ်ဖို့လာတဲ့ ဆင်ကြီးဟာ တလထော်နားကို ရောက်တာနဲ့ မနင်းရဲတော့တဲ့အပြင် ရှူးရှူးဝါးဝါးတစ်ချက်တည်းအော်ပြီး နောက်ပြန်လှည့်ပြေးတော့တာပဲ။ ဆင်ဦးစီးလဲ ဘာမှမတတ်နိုင်တော့ပါဘူး။ တိဿဘုရင်နဲ့ ဗြာဟ္မဏအမတ်တွေကတော့ ဘယ်မှာအခဲကျေလိမ့်မတုံး။

"မင်းတို့ ကြောက်တတ်တဲ့ဆင်ကိုမှ ခေါ်လာတာကိုးကွ၊ သွား– ဒီထက်ဆိုးတဲ့ဆင်ကြမ်းတစ်ကောင်ကို ထပ်ခေါ်နင်းခိုင်းစမ်း" ဆိုတဲ့ တိဿဘုရင်ရဲ့အမိန့်နဲ့အတူ နောက်ထပ် ကြမ်းပေ့ဆိုတဲ့ ဆင်တစ်ကောင်ကို ခေါ်လာခဲ့ပြန်ပါပြီ။ နောက်ခေါ်လာတဲ့ ဆင်ဟာလဲ တလထော်နားကိုရောက်တာနဲ့ ရှူးရှူးဝါးဝါးအော်ပြီး လှည့်ပြေးပြန်တာပါပဲ။ ဘုရားတရားသံဃာ သရဏဂုံသုံးပါးကို ကိုယ်လုံးခြုံထားတဲ့အတွက် တလထော်ကို ဆင်ရိုင်းတွေက မနင်းရဲတာပါ။ ဒါကို တိဿဘုရင်နဲ့ဗြာဟ္မဏအမတ်တွေ မသိကြပါဘူး။

ဒါကြောင့်လည်း ဗြာဟ္မဏအမတ်များက တိဿဘုရင်နားကပ်ပြီး "အရှင်မင်းကြီး၊ ဒီမိန်းမဟာ သာမန်မိန်းမ မဟုတ်လောက်ဘူး၊ ပညာသည် စုန်းမဖြစ်ပါလိမ့်မယ်၊ စုန်းမများဟာ ရိုးရိုးသတ်လို့မသေပါဘူး ဘုရား" လို့ လျှောက်တော့ တိဿဘုရင်က–

"ဒါဖြင့် ဘယ်လိုသေအောင်သတ်ရမလဲ"

"မှန်ပါ၊ မီးရှို့သတ်ရင် သေနိုင်ကြောင်းပါ"

"ကိုင်း–ဆင်နင်းသတ်မရတဲ့ တလထော်ကို မသေမချင်း မီးရှို့သတ်ကြစေ" လို့ အမိန့်တော်ထပ်မှတ်ပြန်ပါတယ်။ ဒီအခါမှာ အာဏာသားများက လောင်စာထင်းတွေအသင့်ပြင်ပြီး ကြိုးတုပ်ထားတဲ့ တလထော်ကို ထင်းပုံပေါ်တင်ကာ မီးတင်ရှို့လိုက်ကြပြန်ပါပြီ။

လောင်စာထင်းများကား တဖျင်းဖျင်းမြည်ကာ တောက်လောင်နေကြလေပြီ။ သရဏဂုံသမီးပျိုကား ဒေါသတစ်ချက်မဝင်၊ သရဏဂုံအရွတ်တစ်ချက် မပျက်ခဲ့ပါပေ။

လောင်စာထင်းများ ပြာကျကာကုန်သွားသော်လည်း သရဏဂုံကိုယ်လုံးခြုံထားသော တလထော်၏ မွေးညှင်းတစ်ပင်ကိုပင် မီးမလောင်ခဲ့ပါ။ တိဿဘုရင်နှင့် ဗြာဟ္မဏအမတ်များ ချွေးပြန်နေကြပြီ။ နောက် လူတွေကြောက်လန့်သွားအောင် စံပြအနေဖြင့် ရက်ရက်စက်စက် သတ်ပြကာမှ မသေဘူးဖြစ်နေရာ မည်သို့သေအောင်သတ်ရမည်ကို မတွေးတတ်အောင် ဖြစ်နေကြသည်။

ဗြာဟ္မဏအမတ်တစ်ယောက်က–

"အရှင်မင်းကြီး၊ ဒီမိန္ဓာမ မသေလို့တော့မဖြစ်ဘူး၊ တော်ကြာကျန်တဲ့ဗုဒ္ဓဘာသာတွေပါ ကမ်းတက်လာနိုင်တယ်၊ အဲဒီတော့ တစ်ခါတည်း မြေမြှုပ်ပြီးသာ အဆုံးစီရင်ခိုင်းပါတော့ ဘုရား"

ထိုအမတ်ကြီး၏အကြံပေးချက်ဖြင့်ပင် တလထော်ကား နက်လှသော ကျင်းကြီးထဲတွင် အပြီးတိုင် မြေဖို့အသတ်ခံရန်ရောက်ရှိနေလေပြီ။ မြေဖို့သတ်ရန် အာဏာသားများ အသင့်ပြင်နေကြစဉ်မှာပင် ဗုဒ္ဓဘာသာဖြစ်ခဲ့ဖူးသော တိဿဘုရင်ကား ကျင်းထဲမှ ဒေါသကင်းစင် ဖြူမွတ်ဝင်းစင်နေသည့် သရဏဂုံသမီးပျိုတလထော်၏ မျက်နှာလေးကို တစ်ချက်ကြည့်မိသွားသည်နှင့် မဝေခွဲနိုင်သောအတွေးများက အလျှိုအလျှို ဝင်ရောက်လာကြသည်။

"အင်း–ဒီမိန်းကလေးဟာ တော်တော်ကို ထူးခြားတာပဲ၊ တို့က သူ့ကို ဒီလောက်မသေမချင်းသတ်နေတာတောင် သူ့မျက်နှာမှာ ဒေါသဖြစ်တဲ့အသွင် တစ်ချက်မှမတွေ့ရဘူး၊ တကယ့်သူတော်

ကောင်းတွေရဲ့ အသွင်အပြင်မျိုးပဲ၊ ပြီးတော့ ရတနာသုံးပါးအပေါ် ယုံကြည်တဲ့သူ့ရဲ့သဒ္ဓါတရားကလည်း အံ့မခန်းပါပဲလား"

"ဒီလောက်ရက်ရက်စက်စက် မသေမချင်းသတ်နေတာတောင် ကြောက်လန့်ပြီး ရတနာသုံးပါးကို စွန့်ပါတော့မယ်လို့ တစ်ချက် မပြောဘူး၊ တစ်ချက်မတောင်းပန်ဘူး၊ သာမန်မိန်းမမျိုးဆို လန့်တာနဲ့ တောင် သေသွားလောက်တယ်"

"ရတနာသုံးပါးအပေါ် ဒီလောက်ယုံကြည်အားကိုးနေတဲ့ မိန်းကလေးကို ငါတို့က အခွင့်အရေးတစ်ခုတော့ ပေးသင့်တယ်"

ထိုအတွေးနှင့်အတူ မြေဖို့ရန်ပြင်နေကြသော အာဏာသား များကို ခေတ္တတားမြစ်လိုက်ကာ တလထော်ကို ချထားသော ကျင်းနှုတ်ခမ်းသို့သွားကာ–

"ဒီမှာ မိန်းကလေး၊ မင်းဗုဒ္ဓအပေါ်မှာ ဒီလောက်ယုံကြည် နေတယ်ဆိုရင် မင်းကို အခွင့်အရေးတစ်ခုပေးမယ်၊ မင်းကိုးကွယ်ထား တဲ့ မင်းအိမ်က ဗုဒ္ဓဆင်းတုတော်ရှစ်ဆူကို ဟောဒီနန်းတော်ထဲ ကောင်းကင်ကကြွလာအောင် မင်းပင့်ပြနိုင်မလား၊ အကယ်၍ အဲဒီလို ကောင်းကင်ကနေ ကြွလာအောင် ပင့်ပေးနိုင်မယ်ဆိုရင် မင်းအသက် ကို ချမ်းသာပေးမယ်၊ ငါလည်း ဗုဒ္ဓဘာသာအယူကို ပြန်ယူမယ်"

ဟုပြောလိုက်ပြီး တလထော်မျက်နှာလေးကို သေချာစိုက်ကြည့်လိုက် သည်။ တိဿဘုရင် မျှော်လင့်ထားသည်က–

"အရှင်မင်းကြီး မဖြစ်နိုင်တာတွေကို ခိုင်းနေမယ့်အစား တစ်ခါတည်းသာ မြေဖို့သတ်လိုက်ပါတော့" ဟု ညှိုးငယ်သော မျက်နှာလေးနှင့် ပြောလိုက်မည့် တလထော်၏ သနားစဖွယ်စကားသံ။

သို့သော် တိသဘုရင် မျှော်လင့်သလိုကား ဖြစ်မလာခဲ့ မျှော်လင့်ချက်ရောင်ခြည်လက်သွားသော ဝင်းပသည့်မျက်နှာလေးဖြ တလထော်လျှောက်ထားလိုက်သည်က–

"အရှင်မင်းကြီး၊ မင်းမှာသစ္စာ၊ လူမှာကတိဆိုတဲ့စကား အတိုင်း အရှင်မင်းကြီးသာ ပြောထားတဲ့စကားအတိုင်း သစ္စာတည်ပါေ ကိုးကွယ်ထားတဲ့ ဗုဒ္ဓဆင်းတုတော်များကို ကောင်းကင်က ကြွလ အောင် ကျွန်တော်မျိုးမ ပင့်ပေးပါမယ်၊ လောလောဆယ် ကျွန်တေ မျိုးမလက်မှာ ချည်ထားတဲ့ကြိုးတွေကိုသာ ဖြေပေးပါ"

တလထော်စကားဆုံးသည်နှင့် တိသဘုရင်ကြီးမှာ အလိုေ လေးစားကြည်ညိုသောစိတ်များ ပေါ်လာသဖြင့် ကိုယ်တိုင်ပ တလထော်လက်မှ ကြိုးများကို ဖြေပေးလိုက်ပါတော့သည် အနှောင်အဖွဲ့မှလွတ်သည်နှင့် တစ်ပြိုင်နက် တရားသခင်မခေ တလထော်ကား ဗုဒ္ဓဆင်းတုတော်များကို သစ္စာပြုကာ ပင့်လေပြီ

"အတုမဲ့ငြိမ်းအေးရာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီး ဘုန် တော်ကြီးသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်မသဉ အရှင်မြတ်ကိုယ်စား ရုပ်ပွား ဆင်းတုတော်များကို ကောငး ယူဆောင်ကြော၍ အသက်နှင့်လဲကာ ကိုးကွယ်ပူဇော်ခဲ့ပါသည်

ဗုဒ္ဓဂုဏော အနန္တော
ဓမ္မဂုဏော အနန္တော
သံဃဂုဏော အနန္တော

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုရား, တရား သံဃာ ရတနာမြတ်သုံးပါးသည် ပိုင်းခြားမထင် ဂုဏ်အင အနန္တ ဘုန်းတန်ခိုးတေဇော် ကြီးမြတ်တော်မူလှပါသည ဘုရား။

ဤမှန်ကန်သောသစ္စာစကားကို ဆိုရခြင်းကြောင့် အရှင်မြတ်ကိုယ်တော်စား ရုပ်ပွားတော်ရှစ်ဆူတို့သည် တိဿဘုရင်နန်းရင်ပြင်ပေါ်၌ ကောင်းကင်ထက်မှ ကြွလာ စံပယ်တည်နေတော်မူလှည့်ကြပါစေသား အရှင်မြတ်ဘုရား"

တလထော်၏သစ္စာစကားဆုံးသည်နှင့် ဗုဒ္ဓဆင်းတုတော်ရှစ်ဆူတို့ဟာ ကောင်းကင်ခရီးက ဈာန်ယာဉ်စီးပြီး ရွှေရောင်တဖိတ်ဖိတ်နဲ့ ကြွလာတော်မူလာကြပါတယ်။ ဒီအချိန်မှာပဲ ဟံသာဝတီပြည်သူပြည်သားအားလုံးတို့ဟာ "တလထော်သစ္စာပြုပြင့်လိုက်တာ ဗုဒ္ဓဆင်းတုတော်တွေ ကောင်းကင်က ကြွလာသတဲ့" ဆိုတဲ့စကားနဲ့အတူ လက်အုပ်ချီရှိခိုးရင်း တိဿဘုရင်ရဲ့ နန်းရင်ပြင်ထဲကို စုံပြုံရောက်လာကြပါတော့တယ်။

ဒီအချိန်မှာ ကောက်ကျစ်ယုတ်မာခဲ့ကြတဲ့ ဗြာဟ္မဏအမတ်တွေကတော့ ပြေးပေါက်မှားနေကြပါပြီ။ သူတို့ဟာ အသောကမင်းကြီးရဲ့ ရေးထိုးခဲ့တဲ့ ကျောက်စာထဲက အဆုံးအမမျိုးလေးရထားခဲ့ရင် ဒီလောက်ဆိုးကြမယ် မထင်ဘူး၊ အဲဒီကျောက်စာ အဆုံးအမလေးက–

"ဘာသာတရားဟူသမျှသည် တစ်မျိုးမဟုတ် တစ်မျိုးသောအကြောင်းများကြောင့် ကြည်ညိုလေးစားထိုက်သည်ချည်းဖြစ်၏။ သို့ရာတွင် ဘာသာဝင်တစ်ဦးတစ်ယောက်သည် မိမိ၏ဘာသာတရားကို အထွတ်အထိပ်သို့ ရောက်အောင်ဆောင်ရွက်စဉ် အခြားဘာသာဝင်များ၏ ဘာသာတရားများကိုလည်း မြင့်မားအောင် ဆောင်ရွက်ခွင့်ပြုရ၏"တဲ့။

ဘယ်လောက်များ သူတော်ကောင်းပီသတဲ့ အဆုံးအမလေးလဲလို့ ဒီလိုအဆုံးအမမျိုးပေးနိုင်တာ ဘာ့ကြောင့်လဲလို့ မေးလာခဲ့ရင်

တော့ သိရိခေတ္တရာသောကမင်းကြီးဟာ ဗုဒ္ဓဘာသာဖြစ်လို့ပဲလို့ အကျဉ်းချုပ်ဖြေရမှာပါ။ ကဲ–ဆက်ကြပါဦးစို့။

တိဿဘုရင်ကြီးလည်း ကောင်းကင်ကကြွလာပြီးပလ္လင်ထက်မှာ စံပယ်တော်မူနေတဲ့ ဗုဒ္ဓဆင်းတုတော်များကို ပီတိမျက်ရည်တရွှဲရွှဲနဲ့ ပူဇော်ကန်တော့ပြီး ကျင်းထဲက သရဏဂုံမယ်တလထော်လေးကို ကိုယ်တော်တိုင် ဆယ်ယူတောင်းပန်ပြီး ဘဒြာဒေဝီဆိုတဲ့အမည်နဲ့ တောင်ညာစံ ဒေဝီမိဖုရားကြီးအဖြစ် မြှောက်စားချီးမြှင့်တော်မူပါတယ်။

အဝိညာဏက အသက်မရှိတဲ့ ဆင်းတုတော်တွေတောင် ဒီလောက်တန်ခိုးစွမ်းအားရှိခဲ့ရင် သဝိညာဏကအသက်ရှိတဲ့ ဗုဒ္ဓကိုယ်တော်တိုင်ဆိုရင် ဘယ်လောက်များ တန်ခိုးအာနိသင် ကြီးလိုက်မလဲလို့ မှန်းဆကြည်ညိုရင်း တိဿဘုရင်ကြီးဟာ ချက်ချင်းဗုဒ္ဓဘာသာဝင် ပြန်ဖြစ်သွားပါတယ်။ တလထော်ကို အကြောင်းပြုပြီး ရှင်ဘုရင်နဲ့အတူ တိုင်းသူပြည်သားအားလုံးတို့ဟာ ဗုဒ္ဓဘာသာဝင်ပြန်ဖြစ်ခဲ့ကြရပါတယ်။

ခန္တီတရားလက်ကိုင်ထားတဲ့ ဗုဒ္ဓဘာသာဝင်များမို့ ဗြဟ္မဏအမတ်တွေကိုလည်း သတ်ဖြတ်ခြင်းမပြုဘဲ တိုင်းပြည်ကနေပဲနှင်ထုတ်လိုက်ကြပါတယ်။ အရာရောက်လာတဲ့ တလထော်ဟာ ဟံသာဝတီမြို့ (ယခုပဲခူးမြို့) ပတ်ဝန်းကျင်မှာ စေတီအပါအဝင်သာသနိကအဆောက်အအုံတွေ များစွာလှူဒါန်းခဲ့ပါတယ်။

နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်လို့ ပျက်စီးပျောက်ကွယ်သွားတဲ့ စေတီပုထိုးဘုရားတွေက များပါတယ်။ မှတ်မှတ်ရရ ဂုဏ်ယူဖွယ်ရာကျန်နေသေးတာကတော့ ပဲခူးက ရွှေသာလျောင်းဘုရားကြီးပါပဲ။ အဲဒါ တလထော်လှူဒါန်းခဲ့တဲ့ ဘုရားများစွာထဲက တစ်ဆူပဲဖြစ်ပါ

တယ်။ ပုဂံအနော်ရထာမင်းကြောင့် မြန်မာတွေ ထေရဝါဒဗုဒ္ဓဘာသာဖြစ်ခဲ့ရတာမို့ အနော်ရထာမင်းဟာ မြန်မာအားလုံးရဲ့ ကျေးဇူးရှင်တစ်ဦးပါ။

ထို့အတူ တလထော်ဟာလည်း မြန်မာတွေရဲ့ ဘာသာရေးကျေးဇူးရှင်တစ်ဦးပါ။ ဘာကြောင့်လဲဆိုရင် အဲဒီအချိန်က တလထော်သာ အသက်နဲ့လဲပြီး ရတနာသုံးပါးကို မကာကွယ်ခဲ့ဘူးဆိုရင် ဗုဒ္ဓဘာသာဟာ မွန်တွေရဲ့လက်ထဲမှာတင် ပျောက်သွားလောက်ပါပြီ။ မွန်တွေဆီမှာ ဗုဒ္ဓဘာသာမရှိတော့ဘူးဆိုရင် ပုဂံက အနော်ရထာမင်းဟာလည်း မြန်မာတွေဆီရောက်အောင် ဗုဒ္ဓဘာသာကို ဆောင်ပေးနိုင်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် တလထော်လည်း မြန်မာတွေအပေါ် ပုဂံအနော်ရထာလို ကျေးဇူးများခဲ့တဲ့အတွက်ကြောင့် ရာမညအနော်ရထာလို့ ခေါ်ဝေါ်သင့်ကြောင်းပါ။

**ကျမ်းကိုး။** ။ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရတနာသုံးပါးကျေးဇူး။

## ရတနာသုံးပါးဆိုတာ

ဘုရားအစစ်ဆိုတာ ဗုဒ္ဓေါ သဗ္ဗညုတဉာဏ်။
တရားအစစ်ဆိုတာ ဓမ္မော လောကုတ္တရာနဝ။
သံဃာအစစ်ဆိုတာ သံဃော မဂ္ဂဖလဋ္ဌောစ။
(ဝေဘူဆရာတော်)

## သဗ္ဗညုတဉာဏ်တော်အစွမ်းသုံးပါး

(က) သိရန်မှန်က၊ မကျန်ရအောင်၊
လုံးဝစုံလင်၊ အကုန်မြင်၊
သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။

(ခ) သိသည့်တရား၊ များအပြား၌၊
ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊
ချယ်လှယ်စုံလင်၊ အကုန်မြင်၊
သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။
(ဂ) ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊
လှနွေ့စရိုက်၊ သူ့အကြိုက်ကို၊
နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊
သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။
ဉာဏ်တော်စွမ်းပကား၊ ဤသုံးပါးကြောင့်၊
အများဝေနေ၊ ကျွတ်လွတ်စေဖို့၊
မနေမနား၊ သက်တော်အားဖြင့်၊
ကြီးမားလေ့ဘိ၊ ရှစ်ဆယ်ပြည့်၍၊
ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊
ဘုန်းခေါင်ငါတို့ဘုရားတည်း။

(အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်)

## တရားတော်ကို ကြည်ညိုရင်

ဘုရားဟောထက် ဗေဒင်ကို ယုံသူတွေ၊ နမက္ခာကျမ်းကို ယုံသူတွေက များပါတယ်။ တစ်နှစ်တစ်ခါထုတ်တဲ့ သင်္ကြန်စာမှာ ဗြဟ္မာမင်းကြီးက ဦးခေါင်းပြတ်ကြီးကို နတ်သမီးများ တစ်ယောက်လက် တစ်ယောက်ကမ်းနေတာမြင်တယ် မဟုတ်လား။ မြတ်စွာဘုရားက နတ်၊ ဗြဟ္မာတို့၏ခန္ဓာကိုယ်သည် ကမ္မဇရုပ်တွေချည်းမို့ သေလျှင် မီးတောက်သဖွယ် ပျောက်ကွယ်တတ်တာလို့ ဟောတယ်။

ဗေဒင်က ယခုထိ ခေါင်းပြတ်ကြီးက မပုပ်သေးဘူး၊ မြန်မာပြည်က ယုံကြည်လက်ခံသမျှ ပုပ်မှာမဟုတ်ဘူးကွယ့်၊ ဗေဒင်က ရက်ရာဇာနှင့် ပြဿဒါးကို ပဓာနထားသကွယ့်၊ မြတ်စွာဘုရားက ကုသိုလ်နဲ့အကုသိုလ်ကို ပဓာနထားသကွယ့်၊ ဗေဒင်က မဟာဘုတ်ကို ပဓာနထား၍ ထူသကွယ့်၊ မြတ်စွာဘုရားက သမ္ဗုဒ္ဓေလးပါးကို အဓိကထား၍ ထူသကွယ့်။

ကဲ–မဆန့်ကျင်ပါလား၊ မြတ်စွာဘုရားနှင့် ဆန့်ကျင်တာကို ယုံလျှင် ဘုရားတရားကို မယုံရာကျမှာပေါ့။ မြတ်စွာဘုရား ဟောတာ "သဗ္ဗေ ကမ္မသကာသတ္တာ၊ ကမ္မံ သတ္တေ ဝိဘဇတိ" တဲ့။ ကဲ–ဘယ်မှာ လဲကွယ့် နဂါးခံတွင်းကျရင် ပျက်စီးတတ်တယ်ဆိုတာလဲမပါ။ မသာကို စုန်ချရင် တစ်လောင်းနှင့်မပြီးတတ်ဘူးလို့လဲ မပါ။

အိမ်တိုင်ထူတာ နက္ခတ်မကောင်းရင် ပျက်စီးတတ်တယ်လို့လဲမပါ၊ မင်္ဂလာဆောင်တာ ရက်မရွေးရလို့ ပျက်စီးရတယ်လို့လဲမပါ၊ မြွှာ၊ သောက၊ အင်းဝ၊ ရာဇာ ကျလို့ ပျက်စီးတာလဲမပါ၊ သားဦးစနေ မီးလိုမွေ့ဆိုတာလဲမပါ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါဆိုတာတွေဟာ ပညတ်သင်္ကေတတွေပဲ၊ လူကို ကောင်းအောင် ဆိုးအောင် မလုပ်နိုင်ပါဘူး။

ကုသိုလ်ကံကသာ ကောင်းအောင်လုပ်နိုင်၍ အကုသိုလ်ကံကသာ မကောင်းအောင်လုပ်နိုင်တယ်။ ဒီတော့ အကုသိုလ်ဆိုရင် မြွေဆိုး၊ ကင်းဆိုးကဲ့သို့ ကြောက်လန့်ပြီး ကုသိုလ်ကံကို ဣစ္ဆာသယ ပတ္တမြားကဲ့သို့ သဘောထားကာ အားကိုးကြမှ ဓမ္မံ သရဏံ ဂစ္ဆာမိ ဖြစ်မှာမဟုတ်လား။

## အရိယာသံဃာဆိုတာ

အရိယာပုဂ္ဂိုလ်ရှစ်ယောက်ဆိုရင် လူဖြစ်ဖြစ်၊ ဘုန်းကြီးဖြစ်ဖြစ်၊ မယ်သီလဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် ပရမတ္ထသံဃာကွယ့်၊ သိမ်ထဲမှာ ကမ္မဝါစာနှင့်သမုတ်၍ ဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်ဆိုရင် အရိယာဖြစ်ဖြစ်၊ ပုထုဇဉ်ဖြစ်ဖြစ် သမ္မုတိသံဃာကွယ့်၊ အရေးကြီးတာက အပါယ်ကလွတ်ဖို့ အေးဖို့ မဟုတ်လား။

ပရမတ္ထသံဃာကို တွေ့အောင်ရှာပြီး သစ္စာလေးပါးတရားကိုသာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်အောင် နာကွယ့်၊ အဲဒါ သံဃ သရဏဂစ္ဆာမိပဲကွယ့်၊ ပရမတ္ထသံဃာမရှိပါက သစ္စာလေးပါးကို ပရမတ္ထသံဃာတွေသိတာနှင့်လျော်ညီစွာ ဟောနိုင်သော စူဠသောတာပန်ပုဂ္ဂိုလ်ကို တွေ့အောင်ရှာ၍ မိုဝဲဆည်းကပ်မေးမြန်းဆွေးနွေး တရားနာကွယ့်၊ အဲဒါ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိပဲကွယ့်။

စူဠသောတာပန်ပုဂ္ဂိုလ်မရှိပြန်ရင် (၂၂၇) သွယ်သော သိက္ခာပုဒ်ကို ထိန်းသိမ်းစောင့်ရှောက်၍နေသော သမ္မုတိသံဃာကို ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့လည်း ဤအသွင်ပဲဟု အောက်မေ့သောအားဖြင့်လည်းကောင်း၊ မြတ်စွာဘုရား၏ ပညတ်တော်မူသော သိက္ခာပုဒ်တွေကို ထိန်းသိမ်းရှာပေတယ်ဟု သီလကို ကြည်ညိုသောအားဖြင့်လည်းကောင်း၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးတို့ကို ချီးမြှင့်ထောက်ပံ့ရမယ်ကွယ့်၊ အဲဒါ တတိယမ္ပိ သံဃံသရဏံဂစ္ဆာမိကွယ့်။

(ကချင်ပြည်နယ်၊ နမ္မားမြို့၊ မင်္ဂလာရာမကျောင်း ဆရာတော် ဦးဉာဏ၏ တရားစစ်တမ်းဆွေးနွေးခန်းစာအုပ်မှ)

* * *

## ၉။ သရဏာဂုံအစစ် ရေမနစ်

အချိန်ကား ၁၂၉၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ရမ်းဗြဲကျွန်း၊ ကျောက်ချောင်းကုန်းဘောင် ရွာသူလေးဖြစ်သော မစိန်ညွန့်သည် သူနှင့်ရွယ်တူ အကြည်မေအမည်ရှိ ကလေးမလေးနှင့်အတူ မန်အောင်ကျွန်းမှ ကူးတို့ဖြင့် ရမ်းဗြဲကျွန်းသို့ ပြန်ရန်ပြင်ဆင်နေကြသည်။ မစိန်ညွန့်နှင့် အကြည်မေတို့သည် (၁၁) နှစ်သမီးအရွယ်လေးများဖြစ်ကြသော်လည်း မိုင် (၃၀) ပင်လယ်ရေလမ်းခရီးက သူတို့အတွက် ကြောက်စရာမဟုတ်တော့။ မကြာခဏသွားနေကျဖြစ်သောကြောင့်ပင်။

မစိန်ညွန့်လေးတို့ မန်အောင်ကျွန်းထိ လာကြရသည်က ဈေးဝယ်ရန်အတွက်သာဖြစ်ပါ၏။ ဝယ်စရာတွေစုံသွားပြီဖြစ်သည့်အတွက် အတူလာသူ ဒေါ်ခိုင်ဖြူတစ်ယောက်ကိုသာ ဆိပ်ကမ်းမှ စောင့်နေကြသည်။ ခဏကြာတော့ဒေါ်ခိုင်ဖြူတစ်ယောက် ဖတ်သီဖတ်သီနှင့် ရောက်လာသည်။ ဈေးဝယ်ပြီးသေးဟန်မတူ။

"ကဲ-ကူးတို့ဆရာ ကိုချက်စူနဲ့ ကိုအေးမှိုင်းရေ ကျွန်မဈေးဝယ်စရာမပြတ်သေးဘူး၊ စောင့်မနေနဲ့တော့၊ နက်ဖြန်မှပဲ ပြန်တော့မယ်၊ လောလောဆယ် ကျွန်မဝယ်ထားတဲ့ ကုန်တွေသာ တင်သွားတော့"

"သမီးတို့ရော ပြန်ချင်ပြီလား၊ နေခဲ့ဦးမလား"

"အိမ်က မျှော်နေမယ် အဒေါ်ရေ၊ ကျွန်မတို့ ပြန်နှင့်မယ်"

သို့နှင့် ကူးတို့သမားကြီးနှစ်ယောက်၊ မိန်းကလေးနှစ်ယောက်နှင့် ကုန်အချို့ပါသော ကူးတို့လှေလေးသည် ပင်လယ်ပြင်တွင် စတင်ပြေးလွှားနေလေပြီ။ တဖြေးဖြေးလျော့ခတ်လာရင်း ခရီးသုံးမိုင်လောက်အပေါက်တွင် မမျှော်လင့်ဘဲ ရာသီဥတုကချက်ချင်းဖောက်ပြန်လာတော့သည်။ နာရီဝက်အတွင်း လေသည် ပြင်းထန်သထက်ပြင်းထန်လာသည်။

ကောင်းကင်တစ်ပြင်လုံးလည်း မိုးသားတိမ်လိပ်များဖြင့် မဲမှောင်လာတော့ရာ တစ်ယောက်နှင့်တစ်ယောက်ပင် ကောင်းကောင်းမမြင်ကြရသဖြင့် ပို၍ပင် အားငယ်စရာဖြစ်လာသည်။

လှိုင်းလုံးများကလည်း အိမ်ငယ်တမျှ ကြီးမား၍လာရာ လှေသမားကြီးနှစ်ဦးမှာ လှေမမှောက်အောင် မနည်းကြီး သတိထားနေကြရသည်။

"ဦးကြီးတို့ရေ–ကျွန်မတို့ကို မကယ်နိုင်ကြတော့ဘူးလား၊ ကျွန်မတို့ သေရပါတော့မယ်"

ကလေးမလေးနှစ်ယောက်က ကြောက်လန့်တကြား ငယ်သံပါအောင် အော်ဟစ်ငိုကြွေးလိုက်ကြရာ လှေသမားကြီးနှစ်ယောက်မှာ မိမိတို့ကိုယ်တိုင် ကြောက်ရွံ့နေသည့်မှန်သော်လည်း–

"မကြောက်ပါနဲ့ ကလေးတို့ရယ်၊ ဦးကြီးတို့ရှိပါတယ်၊ တော်ကြာ လှိုင်းတွေငြိမ်သွားမှာပါ" ဟု အားပေးလိုက်ကြရှာသေးသည်။ သို့သော် သူတို့အားပေးသံမှာပင် ဝမ်းနည်းကြေကွဲရိပ်ကဖုံးမရအောင် ပေါ်နေသည်။ အကြောက်ပြေလိုပြေငြား ဘိန်းကြပ်

ကလေးကိုဖွင့်ပြီး လှေသမားကြီးနှစ်ယောက် တစ်ယောက်တစ်လုံး မျှလိုက်ကြသည်။

တကယ့်သေဘောနဲ့ကြုံလာပြီဆိုတော့ ဘိန်းကလည်း ကြောက်စိတ်ကို ဘယ်လိုမှမတားနိုင်တော့။ လှိုင်းလုံးတွေကလည်း ကြီးသထက်ကြီးလာသည်။ လေကတအားထန်လာသည့်ကြားထဲ မိုးကပါ သဲကြီးမဲကြီးရွာချလိုက်ပြန်ရာ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဟူသောစကားအတိုင်းဖြစ်နေတော့သည်။

ရေကလည်း မကူးတတ်၊ အသက်ကလည်းငယ်ရှာသည့် မစိန်ညွန့်တို့ကလေးနှစ်ဦးမှာ လှေနံကိုတအားဖက်ထားရင်း လှေသမားကြီးနှစ်ယောက်ကိုသာ တစာစာအော်ဟစ် ကယ်ခိုင်းနေမိကြသည်။ လှေမှောက်မလို သုံးလေးကြိမ်ဖြစ်ပြီးသည့်နောက်မှာတော့ လှေသမားကြီးနှစ်ဦးထံမှ အဖေအမေတ,ကာ အော်ဟစ်ငိုယိုလိုက်သောအသံကို မိန်းကလေးနှစ်ယောက်လုံး အတိုင်းသားကြားလိုက်ကြရသည်။

ထိုအချိန် မစိန်ညွန့်လေးမှာ ကြောက်လန့်စိုးထိတ်သောစိတ်မှ အံ့ဩဆန်းကြယ်သောစိတ်သို့ ချက်ချင်းပြောင်းသွားတော့သည်။

"ဩော်-တကယ့်သေဘောကျတော့ ဒီဦးကြီးတွေလဲ ငါ့ကိုကယ်ဖို့နေနေသာသာ သူတို့ကိုယ်သူတို့တောင် မကယ်နိုင်လို့ ငိုယိုနေကြပါလား၊ ငါအားကိုးရာ မှားနေတာပါလား၊ ငါတကယ်အားကိုးရမှာက ခြောက်နှစ်သမီးအရွယ်ကတည်းက အဘွား သီလရှင်ကြီးဒေါ်မာလာ သင်ပေးခဲ့တဲ့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးပဲ။

"မြေးလေး သရဏဂုံသုံးပါးမြဲနေတဲ့သူကို သရဏဂုံသုံးပါးက ခုဘဝမှာလဲ ဘေးဆိုးအမျိုးမျိုး မကျရောက်အောင် ကယ်တင်နိုင်သလို၊ သံသရာကူးသွားတဲ့အခါမှာလည်း အပါယ်လေးပါး မကျ

ရောက်အောင် ကယ်တင်ပေးနိုင်တယ်၊ ဒါကြောင့် မြေးလေးက ခုဘဝအတွက်ရော၊ နောင်သံသရာအတွက်ပါ ဒီသရဏဂုံသုံးပါးကို အားကိုးရမယ်"

အဘွားသီလရှင်ကြီး၏ ဆုံးမစကားကို ပြန်လည်အမှတ်ရလိုက်သည်နှင့် မစိန်ညွှန့်တစ်ယောက် ကြောက်စိတ်များ အလိုလို လွင့်စင်သွားသည်။ ဘယ်သူ့ကိုမှလည်း တမ်းတပြီး မကယ်ခိုင်းတော့။ မျက်လုံးအစုံကိုမှိတ်၊ လက်အုပ်လေးကို ရိုရိုသေသေချီပြီးလျှင်–

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။
သံဃံ သရဏံ ဂစ္ဆာမိ။
သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"

ဟူသော မစိန်ညွှန့်၏ သရဏဂုံဆောက်တည်သံလေးက မုန်တိုင်းကြားထဲတွင် တစ်ချက်တစ်ချက် ပေါ်ထွက်လာသည်။

မစိန်ညွှန့် သရဏဂုံတည်ပြီးစမှာပင် တောင်ကြီးတစ်တောင်လောက်ရှိသော လှိုင်းလုံးကြီးတစ်လုံးက ဖုံးအုပ်သွားသဖြင့် လှေလေးမှာ ရေထဲနစ်သွားပါတော့သည်။ မစိန်ညွှန့်လေးကတော့ ရေထဲနစ်သွားလည်း သရဏဂုံကတော့ ရွတ်နေလျက်ပင်။ ခဏကြာတော့ မွန်းခြင်းပြုခြင်းမရှိဘဲ ရေပေါ်ကို မျက်နှာလေးတင်ပေါ်ကာ ပေါ်လောမျောနေသော မိမိကိုယ်ကို သတိထားမိသွားသည်။

"ရတနာသုံးပါးကျေးဇူးကြောင့် ငါမသေနိုင်တော့ဘူးဟူသော အတွေးနှင့်အတူ မစိန်ညွှန့်လေးတစ်ယောက်သည် သရဏဂုံသုံးပါး

ကိုသာ ဆက်တိုက်ရွတ်ဖတ်သရဇ္ဈာယ်နေမိတော့သည်။ သရဏဂုံ အစွမ်းအံ့မခန်းပါတကား။ ရေပင်မကူးတတ်ရှာသော မစိန်ညွန့်လေး သည် ခြောက်နာရီခန့်ကြာအောင် ပင်လယ်ထဲမှာ မျက်နှာလေး ပေါ်လျက် မျောပါနေခဲ့သည်။

ထိုကဲ့သို့ မျောပါနေလျက်က တစ်နေရာအရောက်တွင် ဘာစီးစုံ တစ်ယောက်က ခြေထောက်ကိုဆွဲပြီး သဲပြင်ပေါ် ထိုးပေးလိုက် သကဲ့သို့ဖြစ်သွားသဖြင့် သေချာအောင် ခြေထောက်ဖြင့်စမ်းကြည့် လိုက်ရာ သဲသောင်ပြင်ကြီးတစ်ခုဖြစ်နေသည်ကို ဝမ်းမြောက်ဘွယ်ရာ တွေ့လိုက်ရပါတော့သည်။ မိမိအသက်ကို ယခုလို ကယ်ဆယ် လိုက်သောကျေးဇူးရှင်ကား သရဏဂုံသုံးပါးမှတစ်ပါး အခြားမဟုတ် နိုင်သည်ကို လက်တွေ့သိမြင်သွားသော မစိန်ညွန့်လေးတစ်ယောက်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊

ကို တစ်ညလုံးရွတ်ဖတ်သရဇ္ဈာယ်ရှိခိုးရင်းဖြင့် မိုးစင်စင်လင်းခဲ့ရ ပါသည်။ မိုးလင်းသောအခါတွင်မှ တံငါလုပ်သားကြီးတစ်ယောက် က တွေ့ရှိသွားသဖြင့် အိမ်အရောက် ပို့ပေးခဲ့ပါသည်။ ရွာရောက် မှ ကြားသိရသည်ကား လှေသမားကြီးနှစ်ယောက်နှင့် အဖေ မိန်းကလေးတို့၏ ငါးစားထားသဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အလောင်းများကို ရှာဖွေတွေ့ရှိရပြီဟူပါ၏။

**ကျမ်းကိုး။** ။မွှောစရိယ ဦးဒွေးလှိုင်၏ ခရီးဖော်စာ ၅၈ ကို မှီငြမ်းပြု ရေးဖွဲ့ပါသည်။

## အောက်မေ့ရမယ့်အရာ

သရဏဂုံ၌ပါသော သရဏသဒ္ဒါသည် စဉ်းစားတွေးတော ခြင်း၊ ကြံစည်အောက်မေ့ခြင်း၊ သတိရခြင်းအနက်ကို ဟောသည်။ လောက၌ စဉ်းစားတွေးတောစရာ၊ ကြံစည်အောက်မေ့စရာ၊ သတိရ စရာ မဆုံးနိုင်အောင်ရှိရာတွင် သရဏဂုံသုံးပါးသည်သာလျှင် တကယ့် စဉ်းစားတွေးတောစရာ၊ တကယ့်ကြံစည်အောက်မေ့စရာ၊ တကယ့် ကို အမြဲတမ်းသတိရနေရမယ့်အရာအစစ် ဖြစ်လေတော့သည်။

(အဘိ-ဋ္ဌ-၁၊ ၁၉၁)

## ကောင်းကျိုးပေးတယ်ဆိုတာ

အရိယာနဲ့ ပုထုဇဉ်အမြင်ချင်းမတူပုံကို ပြောဦးမယ်၊ ပုထုဇဉ် ဆိုတာ စေတီချင်းအတူတူဖြစ်ပါလျက် ဆုတောင်းပြည့်ဘုရားဟု ဆိုင်းဘုတ်တပ်ထားရင် ပိုပြီးအထင်ကြီးသတဲ့ကွယ့်၊ ဂေါတမ ရုပ်ပွားချင်း အတူတူဖြစ်ပါလျက် မဟာမုနိမှ ပိုပြီးအထင်ကြီးသကွယ့်၊ ဒါကြောင့် အရူးလို့ဆိုတာပေါ့။

ရုပ်ပွားမှန်သမျှ လူလုပ်တာချင်းအတူတူပါပဲကွယ့်၊ ဟိုရုပ်ပွား လည်း အဝိညာဏကပါပဲ၊ ဒါပေမယ့် ပုထုဇဉ်ကစိတ်ကူးက ရူးနေလို့ ထူးတယ်လို့ထင်တာကွယ့်၊ ဥပမာ မဟာမုနိရုပ်ပွားက တစ်ဆူ၊ ဇောဓိရုပ်ပွားကတစ်ဆူ၊ တစ်ခုသောအာရုံခံမှာ အတူတူ ထားကွယ့်။

မိမိ၏စေတနာက မိမိကိုအကျိုးပေးတာကွယ့်၊ ရုပ်ပွားတွေ က ပေးတာမဟုတ်ဘူး၊ ဒါကြောင့် စိတ်ထားတတ်မှ မြတ်တယ်လို့ ပြောတာ၊ ရုပ်ပွားဆိုတာ အာရုံပြုရရုံပါပဲ။ အဲဒီလို မိမိစေတနာကသာ

မိမိအား အကျိုးပေးတာကိုမသိပါဘဲ ရုပ်ပွားစေတီအပေါ်မှာ စေတနာမညီမျှသောကြောင့် “ပုထုဇ္ဇနော ဥမ္မတ္တကော”လို့ ဟောတော်မူတာကွယ့်။

(နမ္မားဆရာတော် အရှင် ဉာဏ၏
တရားစစ်တမ်း ဆွေးနွေးခန်းစာအုပ်မှ)

* * *

## ၁၀။ သရဏဂုံရထား နတ်ပြည်သွား

အချိန်ကား ၁၃၄၁ ခုနှစ်၊ တန်ခူးလဆန်း၅ ရက် ဗုဒ္ဓဟူးနေ့၊ နေရာကား ချင်းပြည်နယ် ဖလမ်းမြို့၊ ခန္တီးတောင်ပေါ်ရှိ တောင်တန်းသာသနာပြုဆရာတော်ကြီး သီတင်းသုံး မွေ့လျော်ရာ တောကျောင်းလေးအတွင်းပင်ဖြစ်သည်။ ဆရာတော်ကြီး၏ရှေ့တွင် ချပြင်ထားသော လှူဘွယ်ဝတ္ထုများက ဘုန်းကြီးစီး ဖိနပ်တစ်ရံ၊ ပုန်းရည်ကြီးလေးထုပ်၊ ဆန် လေးပြည်။

ဆရာတော်ကြီးကို ထိခြင်းငါးပါးဖြင့် ရှိခိုးပြီးသိမ်မွေ့စွာထိုင်လိုက်သော အသက်လေးဆယ်ကျော်ခန့်ရှိအမျိုးသား၏ ဥပမိသွင်ပြင်ကို ဆရာတော်ကြီးက ကရုဏာမျက်ဝန်းဖြင့် တစ်ချက်ကြည့်လိုက်သည်။ ရိတ်ထားသော နှုတ်ခမ်းမွှေးစိမ်းစိမ်းများဖြင့် ခန့်ညားတည်ကြည်သော မျက်နှာကို တစ်ချက် သတိထားလိုက်မိသည်။

"ဘုန်းကြီးဆီမှာ တရားအားထုတ်ရင်းပြုစုခွင့် တောင်းထားတဲ့ ပခုက္ကူဘက်က ပင်စင်စား တပ်ကြပ်ကြီးလှရွှေပါဘုရား"

"အင်း–ဟုတ်ပြီ၊ ဒကာထည့်လိုက်တဲ့စာ ရောက်ပါတယ်၊ ဒါနဲ့ ဘုန်းကြီးဆီမှာ လာနေချင်တဲ့ ဒကာရဲ့ ရည်ရွယ်ချက်ကိုလဲ သိချင်သေးတယ်"

"မှန်ပါ၊ သိတတ်တဲ့အရွယ်ကတည်းက စစ်ထဲဝင်ခဲ့တော့ သောက်လိုက်၊ စားလိုက်၊ သတ်လိုက်၊ ဖြတ်လိုက်နဲ့ပဲ အချိန်ကုန်ခဲ့ရပါတယ်ဘုရား၊ ဒဏ်ရာရပြီး တပ်ကပင်စင်ယူပြီးတဲ့အချိန်မှာ ဓမ္မဗျူဟာမှာ ဆရာတော်ကြီးရေးတဲ့ ဆောင်းပါးတွေဖတ်ပြီး ဘာသာရေးကို စတင်စိတ်ဝင်စားခဲ့ပါတယ်"

"နောက်တော့ သေခြင်းတရားဆိုတာ အမြဲကျရောက်လာနိုင်တယ်၊ အသေတရားမဦးခင် အားကိုးစရာတရားတစ်ခုခု ရှာသင့်တယ်လို့ဆုံးဖြတ်ပြီး ဆရာတော်ကြီးထံကို လာခဲ့တာပါဘုရား၊ တစ်ဆက်တည်း တပည့်တော်တောင်းပန်ချင်တာက အသက်လေးဆယ်ကျော်မှ ဘာသာရေးကို စခဲ့ရတဲ့တပည့်တော်အတွက် အပါယ်လေးပါး မကျနိုင်တဲ့ အလွယ်ကူဆုံးကမ္မဋ္ဌာန်းကို ပေးသနားတော်မူပါဘုရား"

"ဘဝသံသရာတစ်လျှောက်လုံး အပါယ်လေးပါး မကျစေတဲ့ ကမ္မဋ္ဌာန်းကတော့ ဝိပဿနာကမ္မဋ္ဌာန်းပဲရှိတယ်၊ အနည်းဆုံး သောတာပတ္တိမဂ်လောက်ရသွားရင် ဘယ်ဘဝရောက်ရောက် အပါယ်မကျနိုင်တော့ဘူး၊ တစ်ခုတော့ရှိတယ်၊ မဂ်မရခင်စပ်ကြား သေဘေးနဲ့ကြုံခဲ့ရင် တစ်ဘဝတော့ အပါယ်ဘေးက ကယ်တင်နိုင်တဲ့ သရဏဂုံသုံးပါး တရားကိုလည်း စွဲမြဲနေအောင် ပွားထားရမယ်"

သို့နှင့် တပ်ကြပ်ကြီးလှရွှေမှာ ဆရာတော်ကြီးထံ သုံးလေးနှစ်ခန့်နေရင်း မေတ္တာ၊ ဝိပဿနာ၊ သရဏဂုံသုံးမျိုးလုံးကို ကျွမ်းကျင်ပိုင်နိုင်သည်အထိ ပွားများအားထုတ်ခဲ့သည်။ တစ်ရက်တွင်တော့ တပ်ကြပ်ကြီးလှရွှေက ဆရာတော်ကြီးကို ခွင့်ပန်လာသည်။

"ဆရာတော်ဘုရား၊ တပည့်တော်အနေနဲ့ အခုလောက် ကြိုးစားအားထုတ်ထားတယ်ဆိုတော့ အရင်တုန်းကနဲ့စာရင် သေရဲသွားပါပြီ

ဘုရား၊ အဲဒါကြောင့် တပည့်တော်အရွယ်ရှိတုန်း ကလေးမြို့မှာ အခြေချပြီး စီးပွားရေးတစ်ခုခုလုပ်ဦးမယ်ဘုရား၊ ပြီးတော့ အိမ်ထောင်ပြုဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်ဘုရား"

တပည့်အတွက် စိတ်ချနေပြီဖြစ်သည့် ဆရာတော်ကြီးက အလွယ်တကူပင် ခွင့်ပြုလိုက်ပါသည်။ သူပျိုရွယ်စဉ်အခါက မွန်ပြည်နယ်တွင် မွန်မတစ်ယောက်နှင့် အိမ်ထောင်ကျဖူးကြောင်း၊ သို့သော် ကလေးတစ်ယောက်အရမှာပင် တိုက်ပွဲဖြစ်၍ ဇနီးရော ကလေးပါ ဆုံးသွားသည့်အကြောင်းကိုတော့ ဆရာတော်ကြီးအား လျှောက်ထားဖူးသည်။

ကလေးမြို့ ဗိုလ်ချုပ်လမ်းဘေးတွင် ဖိနပ်ချုပ်ဆိုင်လေးဖွင့်ပြီး စီးပွားရေးအစပျိုးစအချိန်မှာပင် ရှေ့တန်းက ရခဲ့ဖူးသော ငှက်ဖျားရောဂါပိုးက အပြင်းအထန်နှိပ်စက်သဖြင့် ကလေးမြို့ဆေးရုံကြီးတွင် တင်လိုက်ရသည်။

## သရက္ကာဂုံလက်နက်

၁၃၄၅ ခု၊ တော်သလင်းလပြည့်ကျော် (၃) ရက်၊ စနေနေ့သည်ကား တပ်ကြပ်ကြီး လှရွှေတစ်ယောက် သူ့ဘဝတွင် အကြီးအကျယ်ဆုံးဖြစ်သော စစ်ပွဲကို ဆင်နွှဲနေရလေပြီ။

စစ်သားဘဝ တိုက်ပွဲတုန်းကတော့ သေနတ်လက်နက် အမျိုးမျိုးကိုကိုင်ပြီး တိုက်ပွဲဝင်ခဲ့ရသည်။ ယခုသေမင်းနှင့် တိုက်ရသော စစ်ပွဲတွင်တော့ တောင်တန်းဆရာတော်ကြီး သင်ပြပေးသော သရက္ကာဂုံလက်နက်တစ်ခုကိုသာ အားပြုပြီး တိုက်နေရပေပြီ။

ရောဂါက ပြင်းထန်လွန်းသောကြောင့် သတိမေ့နေသည့်အချိန်ကများသည်။ သတိတစ်ချက်ရသည်နှင့် တပ်ကြပ်ကြီးလှရွှေ ရွတ်ဆိုနေသည်က–

* ဗုဒ္ဓေါ မယှံ သုခံဒေတု။
သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
* ဓမ္မော မယှံ သုခံ ဒေတု။
သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
* သံဃော မယှံ သုခံ ဒေတု။
သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ
သံဃံ သရဏံ ဂစ္ဆာမိ။

ရွတ်ဆိုရင်းဖြင့် တစ်ချက်မျက်ဖြူလန်ပြီး သတိလစ်သွားလိုက်၊ နောက်တစ်ဖန် သတိရသောအခါ သရဏဂုံရွတ်ဆိုလိုက်နှင့် ရှိနေရာ ညနေ ၃ နာရီထိုးအချိန်ရောက်သောအခါကျမှ သရဏဂုံ ဆောက်တည်ရင်းဖြင့် ဘဝတစ်ပါးပြောင်းသွားရရှာသည်။

သို့သော် ဆရာတော်ကြီးအနေဖြင့် ဝမ်းနည်းစရာမှ ဝမ်းသာစရာတစ်ခုကိုလည်း တွေ့လိုက်ရသည်။ ထိုအရာကား ဆေးရုံကို ဦးစီးဦးဆောင်ပြုပြီး တင်ပေးခဲ့သော တက်တိုးဆံသဆိုင်ပိုင်ရှင် ဦးသန်းထွန်း၏သားအငယ် မောင်နေလင်းအား တပ်ကြပ်ကြီး လှရွှေက နတ်ဝတ်နတ်စားများဖြင့် စည်းစိမ်ချမ်းသာများ ခံစားနေရသည်ကို အိပ်မက်လာပေးသောကြောင့်ပါတည်း။

**မှတ်ချက်။** ။တောင်တန်းဆရာတော်ကြီး၏ ချမ်းမြေ့စွာ ဘဝ နေနည်း၊ စာ–၂၄၃ ကို မှီငြမ်းပြုရေးဖွဲ့ပါသည်။

## သင်ရော ဘယ်လောက် ကြည်ညိုသလဲ

တို့ဘုရားသာသနာဟာ နေပူအောင်လုပ်လည်း ရတယ်၊ မိုးရွာအောင်လုပ်လည်း ရတယ်၊ လူလာအောင်လုပ်လို့လည်းရတယ်၊ လူမလာအောင်လုပ်လို့လည်းရတယ်၊ မင်းတို့ဘုရားကြည်ညိုတာက မတည့်တဲ့သူငယ်ချင်းအိမ်လာလည်သလောက်မှ မကြည်ညိုကြလို့ မင်းတို့မှာ ဘာအကျိုးထူးမှ မခံစားရဘူး။

မတည့်တဲ့သူငယ်ချင်းလာလို့ ကိုယ်ကမခေါ်ချင်တာတောင်မှ စားချိန်ကျရင် မင်းဒကာမကိုတော့ ဟိုကောင်ကို ထမင်းကျွေးလိုက် ဆိုပြီး ခိုင်းမယ်၊ စားပြီးလည်း ဟိုဟာတွေ သိမ်းတော့ ဆည်းတော့ လို့ပြောမယ်၊ ခု မင်းတို့ဟာက ဘုရားမှန်မှန်ဆွမ်းမကပ်ဘူး။

ကပ်ပြီးဆွမ်းတော်ပွဲကို တစ်နေကုန်ပစ်ထားတာမဟုတ်လား၊ ဘုရားကိုသာ တကယ်သက်ရှိထင်ရှားရှိတဲ့ ပုဂ္ဂိုလ်လို့သဘောထားပြီး လုပ်ရင် မင်းတို့ ဒီလောက်ဒုက္ခမရောက်ဘူး။

(ဝေဘူဆရာတော်ဘုရားကြီး)

## ဘုရားသခင် မလုပ်နိုင်တာ လူလုပ်လို့ရတယ်

ဗမာလိုအရှင်းဆုံးအတိုဆုံးပြောရရင်တော့ လောကစကား ရေများရေနိုင်၊ မီးများမီးနိုင်ဆိုတာရှိတယ်၊ ယခု ဒီမှာလဲပဲလူတိုင်း လူတိုင်းမှာ ယခုဘဝနေ့စဉ်နဲ့အမျှလုပ်နေတဲ့ ကာယကံ၊ ဝစီကံ၊

မနောကံ အကောင်းအဆိုးတွေရှိတယ်၊ ထို့အတူ သံသရာကပါလာခဲ့တဲ့ အပရာပရိယကမ္မသတ္တိခေါ်တဲ့ ကောင်းကံ ဆိုးကံ သတ္တိတွေ အသီးသီး ရှိနေကြတယ်။

သိတတ်တဲ့အချိန်ကစပြီး ကောင်းကံတွေကို ကြိုးစားပြုလုပ်ပေးနိုင်လျှင် ကံဆိုးတွေအကျိုးပေးအရှိန်ပျော့သွားမယ်၊ လျော့သွားမယ်၊ တချို့ကံအရှိန်အစော်တွေ လုံးဝသော်လည်း ပျောက်သွားစေနိုင်ပါတယ်။

မကောင်းမှုဒုစရိုက်တွေ ရှောင်ရှား၊ အင်အားကောင်းသထက်ကောင်းတဲ့ကံတွေထူထောင်ရမယ်၊ လေ့ကျင့်ရမယ်၊ ဒီနေရာမှာ အရေးကြီးဆုံးမှတ်ဖို့က ရှေးကပြုမှားခဲ့တဲ့ အကုသိုလ်ကံတွေကို လွှမ်းမိုးချေဖျက်နိုင်စွမ်းရှိတဲ့ အလွန်အင်အားထက်တဲ့ ကုသိုလ်ကံတွေ ဗုဒ္ဓဘာသာမှာ အမှန်တကယ်ရှိနေပါတယ်။ အဲဒါကို သတိထားကြရမယ်။

မိမိလုပ်ခဲ့တဲ့ မကောင်းမှုကို ဘယ်ဘုရားသခင်ကမှ ပေါ့သွားအောင်လုပ်မပေးနိုင်ဘူး၊ ကိုယ့်ဟာကိုယ် လုပ်ယူမှရတယ်၊ လုပ်ယူလျှင်ရတယ်၊ ဒီနည်းဗုဒ္ဓဘာသာမှာရှိတယ်၊ အဲဒီကံက ဘာတွေလဲဆိုတော့ အချုပ်အားဖြင့် မဟဂ္ဂုတ်ခေါ်တဲ့ အပ္ပနာဈာန်ဆိုက်အောင် မြင့်မြတ်တဲ့မေတ္တာဘာဝနာ။

အာနာပါနဘာဝနာတွေ လောကမှာ အထက်ဆုံးကံတွေလို့မှတ်ကြ၊ တစ်ဆင့်တက်ပြီး လောကုတ္တရာ ဝိပဿနာဘာဝနာမဂ်ကုသိုလ်ကံတွေ ဒီကံတွေဟာ လောကကြီးထဲမှာ နေချင်နေ၊

လောကထဲကထွက်ချင်ထွက်၊ အမြဲတမ်းကို လက်ကိုင်ထားရမယ့် အထက်မြက်ဆုံး လက်နက်ကြီးတွေပဲ။

(တောင်တန်းဆရာတော်ဘုရားကြီး၏ ကမ္မနိယာမ တရားတော်၊ စာ–၈၂၊ ၈၃ မှ)

* * *

## ၁၁။ ဥပဇ္ဈေဒကရန်လုံ့ သရဏဂုံ

ဂျပန်ခေတ် ဒုတိယကမ္ဘာစစ်ကြီးအတွင်းကပေါ့၊ ဘုန်းကြီး ကျောင်းထိုင်သာသနာပြုနေတာက ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ကျွန်းရင်းရွာကျောင်းပေါ့၊ ကျွန်းရင်းရွာကျောင်း ဆရာတော် ဦးဝါယမ ဆိုရင် တော်တော်အလှမ်းဝေးတဲ့ရွာတွေကအစ သိကြပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဘုန်းကြီးက ဓမ္မကထိကတစ်ပါးဖြစ်နေ လို့ပါပဲ။

ရွာနီးချုပ်စပ်က ကျောင်းတွေနဲ့ယှဉ်လိုက်ရင် ဘုန်းကြီးကျောင်း က အကောင်းဆုံးပေါ့၊ ကျောင်းအသုံးအဆောင်ပစ္စည်းနဲ့ အစား အသောက်ကလည်း ပေါမှပေါ၊ ရွာနီးချုပ်စပ် အလှူအတန်း အခမ်း အနားရှိလို့ကတော့ ဘုန်းကြီးကျောင်းကိုပဲပစ္စည်းလာငှားကြရတယ်။ တစ်ချိန်ကတော့ ဒါတွေဟာ ဘုန်းကြီးအတွက် ဝမ်းသာဂုဏ်ယူ စရာပေါ့။

စစ်ကြီးအတွင်း တစ်ရက်မှာတော့ ဒီဝမ်းသာစရာတွေဟာ ဘုန်းကြီးအတွက် ဝမ်းနည်းစရာဖြစ်ခဲ့ရပြီ။ အဲဒီညက လလဲသာသာ ပါပဲ၊ သိပ်လည်း ညဥ့်မနက်သေးတော့ ကျောင်းတံခါးတွေ ဘာတွေ မပိတ်ရသေးပါဘူး၊ ဒီအချိန်မှာပဲ ဓားလှံလက်နက်အစုံကိုင်ထား

ကြတဲ့လူဆယ်ယောက်လောက်ဟာ ကျောင်းကြီးပေါ်ကို တက်လာကြတယ်။

ကျောင်းပေါ်ရောက်တာနဲ့ ဘာမပြော ညာမပြော ဘုန်းကြီးတစ်ကိုယ်လုံးကို မလှုပ်နိုင်အောင် ကြိုးတွေနဲ့တုပ်ကြတယ်၊ ပြီးတော့ ဘုန်းကြီးအနားမှာ ဓားပြန့်စ်ယောက်က စောင့်နေပြီး ကျန်တဲ့လူတွေက ဘုရားခန်းကပစ္စည်းများပါမကျန် ကျောင်းအပေါ်ထပ်က သူတို့လိုချင်တဲ့ပစ္စည်းမျိုးစုံကို ထုပ်ပိုးစုပုံနေကြတယ်။

သူတို့ယူလို့အားရပြီဆိုတော့မှ ပစ္စည်းတွေရော ဘုန်းကြီးကိုရော သူတို့နောက်ကို ခေါ်လာခဲ့တယ်။ ပစ္စည်း ယူတာတော့ ဟုတ်ပြီ၊ ဘုန်းကြီးကို ဘာ့ကြောင့် ခေါ်လာတာလဲဆိုတာ ဘုန်းကြီးစဉ်းစားလို့ မရဘူး၊ ထိတ်ခနဲတစ်ချက်ဖြစ်မိတာက သူတို့လူစုထဲမှာ ဘုန်းကြီးရဲ့မျက်နှာသိတချို့ပါနေတယ်။

ဒီအတွက် သဲလွန်စမကျန်ရအောင်များ. . .ဘုန်းကြီး ရှေ့ဆက်မတွေးရဲတော့ပါဘူး၊ ဒီအတိုင်းမဖြစ်ပါစေနဲ့လို့ ဆုတောင်းရတော့တယ်။ လျှောက်တာ တော်တော်လေးကြာတော့ တောတန်းကြီးတစ်ခုထဲဝင်လာပြီး မကြာမီမှာပဲ သူတို့အားလုံး ရပ်လိုက်ကြတော့ ဘုန်းကြီးလဲ ရပ်လိုက်ရတာပေါ့၊ ခေါင်းဆောင်က အမိန့်ပေးတယ်။

"ရှေ့နည်းနည်းတိုးပြီး ဖက်စင်းပေးထား"

သူပြောတဲ့အတိုင်း ရှေ့နည်းနည်းတိုးပြီးကြည့်လိုက်တော့ ကျင်းနက်နက်တစ်ကျင်းတူးထားတာကို တွေ့လိုက်ရတာပဲ၊ ဒါနဲ့ ပိုသေချာအောင် မေးလိုက်မိတယ်။

"မင်းတို့ ငါ့ကို ဘာလုပ်မှာလဲ"

"သတ်ပြီး တစ်ခါတည်း မြှုပ်ခဲ့မှာ" တဲ့။ ဘုန်းကြီးအနေနဲ့ ဘာမှတတ်နိုင်စွမ်းမရှိတော့ပါဘူး၊ အသတ်ခံဖို့ပဲရှိပါတော့တယ်။ စစ်ကြီးအတွင်းဆိုတော့ သူ့ ကိုယ်မကယ်နိုင်၊ ကိုယ့် သူမကယ်နိုင် အခြေအနေမျိုး မဟုတ်လား၊ ဘုန်းကြီးတစ်ခုတော့ သူတို့ကို တောင်းဆိုလိုက်တယ်။

"အရှင်မဟာမောဂ္ဂလာန်လို မထေရ်ကြီးတောင် အတိတ်ကဝင့်ကြွေးပါလာတော့ အခုဘဝခန္ဓာကိုယ်နဲ့ ပေးဆပ်ရတာပဲ၊ ငါလဲ ခုလို အသတ်ခံရတာ အတိတ်ကဝင့်ကြွေးလို့ပဲသတ်မှတ်ပါတယ်၊ မင်းတို့ကိုလည်း အပြစ်မမြင်ပါဘူး၊ ဒါပေမယ့် ဘုရားသားတော်ပီပီ မသေခင် နောက်ဆုံးအချိန်လေးမှာ ဘုရားရှိခိုးခွင့်လေးတော့ ပေးပါ"

ဒီအခါမှာ ခေါင်းဆောင်ဖြစ်သူက ငှက်ကြီးတောင်ဓားရှည်ကို အသင့်ပြင်နေတဲ့ ငယ်သားတစ်ယောက်ကို လက်ကာပြတာ တွေ့လိုက်ရတယ်။ ဘုန်းကြီးတောင်းဆိုချက်ကို ခွင့်ပေးတဲ့သဘောပေါ့။ ဒီညမှ လကလဲသာလိုက်တာ၊ ဘုန်းကြီးအတွက် သေပန်းပွင့်နေသလား အောက်မေ့ရတယ်။ ဘုန်းကြီးကိုရော၊ ဓားပြဆယ်ယောက်ကိုရော လင်းလင်းထင်းထင်းကြီးကို မြင်နေရတယ်။

ဒါပေမယ့် ဘုန်းကြီးမှာ ဒီသဘာဝအလှတွေခံစားရမယ့် အချိန်မဟုတ်တော့ပါဘူး၊ ဒါကြောင့်လည်း ကိုယ့်ကိုမြှုပ်မယ့် ကျင်းထိပ်မှာ ဒူးထောက်ထိုင်လိုက်ရင်း ငယ်ငယ်ကတည်းက ဘုန်းကြီးရွတ်ဆိုနေကျ အတိုဆုံး အကောင်းဆုံး ဘုရားရှိခိုးကို ရှိခိုးလိုက်ပါတယ်။

အရဟံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

အရဟံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

အရဟံ သံဃံ သရဏံ ဂစ္ဆာမိ။

ဘုရားရှိခိုးဆုံးတာနဲ့ ဘုန်းကြီးရဲ့ လည်ပင်းကို အသင့်အနေအထားဖြစ်အောင် စင်းပေးထားလိုက်တယ်။ စိတ်ထဲမှာကတော့ သရဏဂုံသုံးပါးမှတစ်ပါး ဘာမှမရှိတော့ပါဘူး၊ ဘုန်းကြီးမျက်စိကတော့ မှိတ်ထားရက်ပဲပေါ့၊ ဒါပေမယ့် ဓားသွားကျလာတာကို မတွေ့ရဘဲဓားပြများရဲ့ ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားကြတဲ့အသံကို ကြားရတာနဲ့ မျက်စိကို အသာအယာ ဖွင့်ကြည့်လိုက်တယ်။

အို-တကယ့်ကို အံ့ဩစရာပါလား၊ ဘယ်လိုကနေဘယ်လို မိုးမှောင်ကြီး ချက်ချင်းကျလာတယ်မသိဘူး၊ မဲမှောင်သွားလိုက်တာ တစ်ယောက်ကိုတစ်ယောက်တောင် မမြင်ရအောင်ပါပဲလား၊ ဘုန်းကြီးသိလိုက်ပါပြီ၊ တခြားအစွမ်းဟုတ်ပါရိုးလား၊ ဘုန်းကြီးရွတ်ဆိုကန်တော့လိုက်တဲ့ သရဏဂုံရဲ့အစွမ်းပဲပေါ့၊ ဓားပြတွေ အော်ဟစ်ပြေးလွှားနေတဲ့အသံတွေလည်း ဝေးသထက်ဝေးသွားတာကို သိနေရတယ်။

ဘုရား တရား သံဃာ ရတနာသုံးပါးအပေါ် ဘုန်းကြီးရဲ့ ကြည်ညိုလေးစားမှုဟာ အတိုင်းအဆမရှိ ကြီးမားသွားတယ်။ တခြားဘာကိုမှသတိမရတော့ဘဲ သရဏဂုံသုံးပါးကိုပဲစိတ်စိုက်ပြီး ဆက်လက် ရှိခိုးနေမိတယ်။ ထပ်ဆင့်အံ့ဩစရာတွေ တွေ့ပြန်ပြီ၊ သရဏဂုံသုံးပါးရွတ်ဆိုရှိခိုးရင်းပဲ ဘုန်းကြီးတစ်ကိုယ်လုံးမှာ တုပ်နှောင်ထားတဲ့ နှောင်ကြိုးတွေလဲ အလိုလိုပြေကျကုန်ကြတယ်။

ဒီအချိန်မှာပဲ "အန္တရာယ်တွေ ကင်းပါပြီ၊ ပြန်ကြွလို့ရပါပြီ" လို့ မပြောသော်လည်း ပြောသကဲ့သို့ လမင်းကြီးကလည်း စောစောကလို ပြန်ပြီး လင်းထိန်လာပြန်ပါတယ်။ ချက်ချင်းကျလာတဲ့

မိုးမှောင်တွေဟာ ချက်ချင်းပြန်ပျောက်သွားကြပြန်ပြီလေ။ ဘုန်းကြီး ဘေးပတ်ပတ်လည်မှာတော့ ဓားပြတွေ သယ်လာကြတဲ့ အထုပ်အပိုးတွေက ဝိုင်းလို့၊ ဘုန်းကြီး ကောက်ယူဖို့နေနေသာသာ လှည့်တောင်မကြည့်တော့ဘူး၊ ရွာကျောင်းကိုလဲဘုန်းကြီး မပြန်တော့ဘူး၊ ဘုန်းကြီးဦးတည်လျှောက်လှမ်းနေတာက ဘာအဖိုးတန်ပစ္စည်းမှမရှိတဲ့ နေရာ၊ တကယ့်ကြောက်ရမယ့်အရာဟာ ဓားပြသူခိုးမဟုတ်ဘဲ ဥစ္စာပစ္စည်းတွေပဲဆိုတာ ဘုန်းကြီးလက်တွေ့သိသွားပြီ မဟုတ်ပါလား။

(ချမ်းမြေ့စွာဘဝနေနည်း၊ စာ–၂၅၈ ကို မှီငြမ်းပြုရေးဖွဲ့ပါသည်။)

## လက္ခဏာဆရာတစ်ယောက်ရဲ့ ဖွင့်ဟဝန်ခံချက်

တဖန် ပရိဝါရ၊ အာယု၊ နဂရ၊ ဘုမ္မိ စသည်ဖြင့် မိမိ မွေးနံ့ရှိရာအရပ်မှ အရပ်ရှစ်မျက်နှာလှည့်ပြီးလျှင် အာယုအရပ်၌ အသက်ရှည်စေလိုသော် မွေးနံ့သစ်ပင်စိုက်ရသည်။ ဥပမာ–အင်္ဂါဂြိုဟ်သည် အရှေ့တောင်အရပ်ဖြစ်သည်။ မွေးနံ့အင်္ဂါမှ ရေတွက်သည်ရှိသော် တောင်အရပ်သည် အာယုဖြစ်သည်။

အာယုဖြစ်သောအရပ်၌ အင်္ဂါသားသည် ဆီးပင်စိုက်ရမည်။ အသက်ရှည်မည်ဟုဆိုသည်။ သစ်ပင်စိုက်ရုံနှင့် မည်သည့်နည်းနှင့် အသက်ရှည်မည်နည်း။ ဘုရားတရားတွေအားလုံး လွဲကုန်သည်။ ထောင်ကျနေသည်ကို လွတ်အောင် မီးထွန်းပေးသည်။ ထိုကဲ့သို့ မီးထွန်း၍လွတ်လျှင် ထောင်ထဲ၌ လူတစ်ယောက်မှရှိမည်မဟုတ်။

လွတ်မည်ဆိုလျှင် ဆယ်သိန်းပေးမည့်တရားခံတွေရှိသည်။ မသိသောသူများကို လိမ်လည်သောကိစ္စဖြစ်သည်။

ဘယ်နေ့သားသည် ဘယ်အသားကို ဘုရားထုကိုးကွယ်ရမည်၊ စီးပွားလာဘ်လာဘ တိုးတက်လာမည်ဟု လာပြန်သည်။ ဤကဲ့သို့ စာအုပ်ထဲပါသည့်အတိုင်း သူတို့ပြောသည့်အသားကို မွေးနံအလိုက် သင့်သော သစ်သားကိုထု၍ ဘုရားကိုးကွယ်က လူတွေအကုန်လုံး ချမ်းသာလာမည်။ ထိုအခါ လယ်လုပ်သူမရှိသဖြင့် လူတွေအားလုံး သေကုန်မည်။

ပုဗ္ဗေစ–ရှေးကအတိတ်ကံမပါလျှင် ဘာကိစ္စမှ ဖြစ်နိုင်သည် မဟုတ်ပေ။ "စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ" စေတနာကို ကံဟု ဘုရားက ဟောသည်။ ရွှေဆင်းတု၊ ကြေးဆင်းတု၊ ကျောက်ဆင်းတု၊ သို့မဟုတ် ပြက္ခဒိန်ထဲက ဘုရားပုံတော် မည်သည့်ဘုရားပင်ဖြစ်စေ ရှိခိုးပူဇော် ကိုးကွယ်သောသူမှာ မိမိ၏စိတ်၊ စေတနာ၊ ယုံကြည်မှု၊ ကြည်ညိုမှုအားကောင်းသလောက် အကျိုးပေးသည်။

နည်းနည်းကြည်ညိုလျှင် နည်းနည်းအကျိုးပေးသည်။ များများ ကြည်ညိုပြီး များများယုံကြည်လျှင် များများအကျိုးပေးသည်။ ဤကား ဘုရားဟောဖြစ်သည်။ မည်သည့်အသားကိုထုထု အတူတူပင်ဖြစ်သည်။ ကြည်ညိုသောသူ၏ သဒ္ဓါတရားက ဆုံးဖြတ်ပေးသည်။ ထို့ကြောင့် မိမိကိစ္စရှိလျှင်၊ အောင်မြင်ချင်လျှင် ဘုရားကို များများယုံကြည်၍ ဒါန၊ သီလပြုပါက ဘယ်ဘုရားဖြစ်ဖြစ်၊ ဘယ်စေတီတော်မှာပင် ဖြစ်ဖြစ် အတူတူပင်ဖြစ်သည်။

(နိုင်ငံကျော် လက္ခဏာနှင့်ဗေဒင်ဆရာကြီး ဆရာစန္ဒ၏ ဘဝခရီးနှင့် အတွေ့အကြုံများစာအုပ်၊ စာ–၁၉၅)

## စိတ်သာ ပဓာန

* လူ့ပြည်နတ်ပြည်၊ ဗြဟ္မာ့ပြည်၊
ကျင်လည်စိတ်ကြောင့်သာ။

* အပါယ်လေးပါး၊ ကျသူများ၊
မှတ်သားစိတ်ကြောင့်သာ။

* ကောင်းဆိုးယုတ်မြတ်၊ ဖြစ်လာတတ်၊
မှတ်ကြစိတ်ကြောင့်သာ။

* နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊
စိတ်ဆောင်ရောက်မည်သာ။

(တောင်တန်းသာသနာပြုဆရာတော်ကြီး
ဦးဥတ္တမသာရ)

* * *

## ၁၂။ ရဟန္တာဖြစ်ချင် သရဏဂုံဆင်

ကျုပ်ကတော့ အညတရ သာဝတ္ထိမြို့သားတစ်ယောက်ပါ၊ ဒါပေမယ့် ကျုပ်ပြောပြချင်တဲ့ အကြောင်းအရာကတော့ ဝိသေသ ပဲဗျို့၊ ထူးခြားလှတဲ့အကြောင်းအရာကို ကျုပ်မပြောပြခင်မှာ ခင်ဗျား တို့ ကျုပ်တို့ ပုထုဇဉ်တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဘုရား တရားအပေါ် မယုံမရဲစိတ်လေးကိုတော့ ကြိုတင်ဖယ်ရှားထားကြဖို့ တောင်းပန် ချင်တယ်။

ဘာ့ကြောင့်လဲဆိုတော့ ပုထုဇဉ်တွေဟာ များသောအားဖြင့် ရှေ့ကလည်းမသွားတတ်၊ နောက်ကလည်း မလိုက်ချင်၊ ဘေးတိုက် မှ လိုက်ချင်တဲ့ လွယ်အိတ်အမျိုးအစားတွေဖြစ်နေတတ်လို့ပဲ။ ဘေးက လိုက်တာတောင် ကောင်းကောင်းလိုက်တာမဟုတ်ဘူး၊ ပေါင်ကို တိုက်တိုက်ပြီးမှ လိုက်ချင်ကြတာလေ။

ပုထုဇဉ်ချင်းနှိမ်လှချည်လားလို့ ခင်ဗျားတို့က ထင်မယ်၊ နှိမ်တာမဟုတ်ပါဘူး၊ တကယ့်ကိုပြောနေတာ၊ တခြားဟာတွေ ထားပါ တော့၊ ပုထုဇဉ်တွေရဲ့သန္တာန်မှာ အယူမှားတဲ့ ဒိဋ္ဌိနဲ့ ရတနာသုံးပါး အပေါ် မယုံရဲတဲ့ဝိစိကိစ္ဆာ အကုသိုလ်နှစ်ခုရှိနေပြီဆိုကတည်းက မှားချင် တိုင်းမှားနေမှာပဲဆိုတာ ခင်ဗျားတို့ သဘောပေါက်လောက်ပါပြီ။

ဒီ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာက သောတာပန်ဖြစ်မှ ပယ်နိုင်တာကိုးဗျ၊ တခြားဝေးဝေးမကြည့်နဲ့၊ ဟောဒီ သာဝတ္ထိမြို့ထဲက အမျိုးသား တစ်ယောက်ကိုပဲကြည့်၊ တစ်နေ့တော့ အဲဒီလူက အိမ်ထောင်ရေး စိတ်ဆင်းရဲစရာ တစ်ခုတွေ့တာနဲ့ ဘုရားကျောင်းတော်ကို ရောက် သွားတယ်လေ၊ အဲဒီလူရဲ့စိတ်ဒုက္ခတွေ ပြေပျောက်ပါစေဆိုတဲ့ စေတနာ နဲ့ ဗုဒ္ဓက–

ပေမတော ဇာယတေ သောကော၊

ပေမတော ဇာယတေ ဘယံ။

ပေမတော ဝိပ္ပမုတ္တဿ၊

နတ္ထိ သောကော ကုတောဘယံ။

ချစ်ခင်နှစ်သက်မှုရှိလို့ သောကတို့ ဘေးတို့ဟာ ဖြစ်တာ၊ ချစ်ခင်နှစ်သက်မှုမရှိရင် သောကရော ဘေးရော နှစ်ခုစလုံး မရှိနိုင် ဘူးလို့ ဟောကြားလိုက်တယ်လေ။

ဒီလူက ဘုရားရှေ့မှာတော့ ရိုရိုသေသေနာလာပြီး ဘာမှ မပြောဘဲနဲ့ ကျောင်းကပြန်ပြီး သာဝတ္ထိမြို့ထဲရောက်မှ "ဘုရား ဟောတဲ့ တရားဟာ မဖြစ်နိုင်ဘူး၊ ချစ်ခင်နှစ်သက်မှုကြောင့် စိတ် ချမ်းသာစရာ၊ ကြည်နူးစရာတွေသာ ဖြစ်လာနိုင်တယ်၊ ချစ်ခင်နှစ်သက် မှုကြောင့် သောကတို့ ဘေးတို့ဖြစ်တယ်ဆိုတာ မဟုတ်နိုင်ဘူး" လို့ ဗုဒ္ဓနဲ့ သူ့ဝါဒကိုယှဉ်ပြီး လျှောက်ပြောနေတယ်။

လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းဖြည့်ကျင့်မှရရှိခဲ့တဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ဟောကြားခဲ့တဲ့တရားကိုများ သူလို မီးယပ်ပိန်

မီးယပ်ခြောက် တစ်ဘဝစာဉာဏ်လေးနဲ့ လိုက်တိုင်းတာရဲ့တာများ အံ့ပါရဲ့ဗျာ၊ ဒါနဲ့ အဲဒီဝါဒနှစ်ခုဟာ သာဝတ္ထိမြို့ထဲမှာ ခေတ်စားပြီး လူပြောများတဲ့ ဝါဒဖြစ်လာတော့တာပဲဗျ။

နောက်တော့ ဒီဝါဒနှစ်ခုဟာ ကောသလဘုရင်ရဲ့နန်းတော်ထဲတိုင်အောင်ရောက်သွားတယ်။ ခက်နေတာက ကောသလမင်းကြီးကိုယ်တိုင်က ချစ်ခင်နှစ်သက်မှုရှိရင် စိတ်ချမ်းသာစရာ၊ ကြည်နူးစရာတွေဖြစ်လာနိုင်တယ်ဆိုတဲ့ဝါဒကို သဘောကျနေတာပါပဲ။ တစ်ညတော့ မလ္လိကာမိဖုရားကြီးနဲ့ စကားပြောရင်း ကောသလမင်းကြီးက အဲဒီဝါဒနှစ်ခု ဘယ်ဟာကမှန်နိုင်မလဲလို့ မေးလိုက်သတဲ့။

မိဖုရားကြီးကတော့ တကယ်သိချင်လို့မေးတယ်ထင်လို့ ဘုရားဟောတဲ့ဝါဒသာ မှန်ပါတယ်လို့ပြောလိုက်တော့ ကောသလမင်းကြီးက စိတ်ဆိုးလိုက်တာလေ၊ မိဖုရားကြီးကိုငေါက်ငမ်းပြီးစက်တော်ခေါ်ရာအခန်းထဲ ဝင်သွားသတဲ့။ ဒီမင်းလဲ ကျုပ်ပြောခဲ့တဲ့ လွယ်အိတ်ပုထုဇဉ်ပဲကိုးဗျ။

ဆက်ကြပါစို့၊ မလ္လိကာမိဖုရားကြီးက ဘုရင်စိတ်ဆိုးသွားမှန်းသိလို့ နောက်တစ်နေ့မှာ အမတ်တစ်ယောက်ကို ဘုရားထံလွှတ်ပြီး အဲဒီဝါဒရဲ့အကျယ်တရားကို နာယူခိုင်းတယ်။ ပြီးမှ သူကတစ်ဆင့် ပြန်နာတယ်။ အကျယ်သိရပြီဆိုမှ နောက်တစ်ညမှ မိဖုရားက မေးသတဲ့။

"အရှင်မင်းကြီး ကျွန်တော်မျိုးမကို ချစ်ခင်နှစ်သက်ပါသလား"

"ချစ်ခင်နှစ်သက်လွန်းလို့သာလျှင် မိဖုရားခေါင်ကြီးအရာမှာ ထားတာပေါ့"

"အကယ်၍ ရန်သူတစ်ယောက်က ကျွန်တော်မျိုးမကို သတ်သွားမယ်ဆိုရင် အရှင်မင်းကြီးစိတ်ထဲမှာ ဘယ်လိုဖြစ်မလဲ"

"မိဖုရားကြီးရယ် ဘယ်လိုများပြောလိုက်ပါလိမ့်၊ စိုးရိမ်သောကတွေဖြစ်ပြီး သေရလိမ့်မယ်တောင် ထင်ပါတယ်"

"အရှင်မင်းကြီး စဉ်းစားဖြေပါ၊ တစ်နေ့က အရှင်မင်းကြီး ပြောတော့ ချစ်ခင်နှစ်သက်မှုကြောင့် ဝမ်းသာစရာ ကြည်နူးစရာပဲ ဖြစ်လာစရာရှိတယ်ဆို အခုတော့ ကျွန်တော်မျိုးမကို ချစ်ခင်နှစ်သက်ခြင်းကြောင့် အရှင်မင်းကြီးမှာ သောကတွေ၊ သေရမယ့်ဒုက္ခတွေသာ ဖြစ်နေပါလား" လို့ ပြောလိုက်မှ ကောသလဘုရင်ကြီးလည်း သူ့အမှားကို ဝန်ခံရသတဲ့။

ကျုပ်တို့ဘုရားရဲ့တရားက သဘာဝတရားဗျ၊ မိမိသန္တာန်မှာ ဘာအရောင်အသွေးမှ ဆိုးမထားဘဲ သဘာဝအတိုင်းကြည့်လေ ပိုမှန်လေပဲ။ ချစ်ခင်နှစ်သက်မှုရှိခြင်းကြောင့် သောကတွေ၊ ဘေးဒုက္ခတွေဖြစ်ရတယ်။ ချစ်ခင်နှစ်သက်မှုမရှိရင် သောကရော၊ ဘေးဒုက္ခရော မရှိတော့ဘူးဆိုတဲ့ ဘုရားဟောကြားချက်ကို ဘာသာရေး အသွေးအရောင် ဘာမှဆိုးမထားဘဲ သဘာဝအတိုင်းကြည့်ကြရအောင်။

ကဲဗျာ–ကိုယ့်ရဲ့အိမ်ရှေ့မှာ အလောင်းတစ်ခုဖြတ်သွားပြီတဲ့၊ အဲဒီသေတဲ့လူဟာ မိမိချစ်ခင်နှစ်သက်တဲ့ဆွေမျိုးသားချင်း မိတ်ဆွေ သင်္ဂဟထဲကဖြစ်နေရင် ဘယ်လောက်များ သောကရောက်လိုက်မလဲလို့၊ ဘာဖြစ်လို့ သောကဖြစ်ရတာလဲ သေချာတွေးကြည့်လိုက်၊ သေသွားတဲ့သူကို ချစ်ခင်နှစ်သက်လို့ဆိုတဲ့ အဖြေကတန်းနေတာပဲ။

အကယ်၍သေသွားတဲ့သူဟာ မိမိနဲ့ဘာမှမသိဘူး၊ ချစ်ခင်နှစ်သက်မှုလဲမရှိဘူးဆိုရင် ဘာသောက ဘာဒုက္ခမှ မဖြစ်တော့တာအသေအချာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ချစ်ခင်နှစ်သက်မှုမရှိလို့ပဲပေါ့။ ခုလဲကျုပ်ပြောချင်တဲ့ ထူးခြားတဲ့အကြောင်းကို လွယ်အိတ်ပုထုဇဉ်လို နားမထောင်ဖို့ ကြိုပြောချင်တာ တခြားကြောင့် မဟုတ်ပါဘူး၊ ယုံကြည်တဲ့သဒ္ဓါမရှိရင် တရားထူးမရနိုင်ဘူးလို့ ဘုရားက ဟောထားလို့ပါ။

ကျုပ်ပြောချင်တာက ဓမ္မပဒမှာ ဗုဒ္ဓဟောခဲ့တယ် မဟုတ်လား၊ "တေသရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ"သရဏဂုံသုံးပါး ယုံကြည်ကိုးကွယ်မှုကိုအကြောင်းပြုပြီး ဒုက္ခခပ်သိမ်းမှ ချုပ်ပြတ်ငြိမ်းရာနိဗ္ဗာန်ထိရောက်နိုင်တယ်ဆိုတာလေ၊ ဘယ့်နှယ်လဲ ခင်ဗျားစိတ်ထဲမှာလွယ်အိတ်ပုထုဇဉ်စိတ်လေး ဝင်မလာဘူးလား။

ဒီသရဏဂုံလေး ဆောက်တည်တဲ့ကုသိုလ်နဲ့ နိဗ္ဗာန်ကိုတောင်ရနိုင်တယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ အတွေးစိတ်လေးလေး၊ မယုံမရှိနဲ့ဗျို့၊ ကျုပ်က ကိုယ်တွေ့ဗျ။

ကျုပ်တို့သာဝတ္ထိမြို့မှာပါပဲ၊ ကျုပ်တို့မြို့မှာ ကုဋေကုဋာကြွယ်ဝချမ်းသာတဲ့ မဟာသာလသူဌေးမျိုးဆိုတာရှိတယ်။ အဲဒီထဲကအကြီးဆုံးသူဌေးကြီးရဲ့ ခုနစ်နှစ်အရွယ် သားလေးတစ်ယောက်ဟာတခြား ကလေးအဖော်တွေနဲ့ ဆော့ကစားရင်းနဲ့ ရဟန္တာအရှင်မြတ်တစ်ပါး သီတင်းသုံးနေတဲ့ ကျောင်းတိုက်တစ်တိုက်ထဲကို ဝင်သွားကြတယ်။

ကလေးတွေဆိုတော့ ရဟန္တာမထေရ်ကြီးနဲ့ မဖွယ်မရာတွေများ ဖြစ်နေမလားဆိုတဲ့ စိုးရိမ်မှုနဲ့ ကျုပ်လဲ မယောင်မလည်နဲ့ကျောင်းဘေးနားကကပ်ပြီး တစ်စေ့တစ်စောင်း အကဲခတ်နေရတယ်။

တွေ့ရတာကတော့ ရဟန္တာမထေရ်ကြီးကလည်း ကလေးတွေကို ပျူပျူငှာငှာနှုတ်ဆက်ပြီး ကလေးတွေနဲ့တန်တဲ့ ဆုံးမစကားပြောပြီး သရဏဂုံသုံးပါးသင်ပေးနေတာကို တွေ့ရတယ်။

အဲဒီမှာ ထူးခြားတာက တခြားကလေးတွေက သရဏဂုံ ဆောက်တည်ပြီး တခြားပြေးထွက်ကာ ဆော့ကစားနေကြသော်လည်း မဟာသာလသူဌေးကြီးရဲ့ ခုနစ်နှစ်အရွယ် သားလေးကတော့ ကျောင်း ထဲက ပြန်ထွက်မသွားဘဲ ရွှင်လန်းနှစ်သက်တဲ့ မျက်နှာလေးနဲ့ မျက်စိကိုမှိတ်ထားပြီး တရားမှတ်နေတာကို တွေ့ရတာပါပဲ။

စားကောင်းသောက်ကောင်း တရားမှတ်နေတာများ မထင် လိုက်နဲ့ဗျ၊ အဲဒီ(၇)နှစ်သားလေးဟာ ဗုဒ္ဓံသရဏံဂစ္ဆာမိစတဲ့ သရဏဂုံ သုံးပါးကို ကြားလိုက်ရတာနဲ့ ရင်ထဲမှာ နှစ်သက်မှုပီတိတွေ လှိုင်း တန်ပိုးထအောင် ဖြစ်လာသတဲ့။ နောက်တော့ အဲဒီပီတိတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုရင်း တစ်ထိုင်တည်း ရဟန္တာဖြစ်သွားခဲ့တာ ဗျို့။

ရဟန္တာဖြစ်သွားတော့ လူ့ဘဝမနေတော့ဘူးလေ၊ တစ်ခါတည်း ရဟန်းပြုတော့တာပေါ့၊ နောက် ဒီမထေရ်ဟာ ကျုပ်တို့ ထေရဝါဒဗုဒ္ဓ သာသနာမှာ သရဏဂမနိယ မထေရ်လို့ထင်ရှားကျော်ကြားခဲ့တယ် လေ။ သရဏဂုံကို အကြောင်းပြုပြီး ရဟန္တာဖြစ်တဲ့ မထေရ်လို့ပေါ့။ နောက်မှ မြတ်စွာဘုရားကိုယ်တိုင် ဟောကြားလို့ ဒီမထေရ်ရဲ့ နောက်ကြောင်းတွေကို ပြည့်ပြည့်စုံစုံသိခဲ့ရတယ်ပေါ့။

ဒီမထေရ်ဟာ အနောမဒဿီမြတ်စွာဘုရားလက်ထက်တော် အခါတုန်းက ဗန္ဓုမတီပြည်မှာ မျက်မမြင်မိဘနှစ်ပါးကိုပြုစုလုပ်ကျွေး နေတဲ့ သားတစ်ယောက်ဖြစ်ခဲ့ပါသတဲ့။ အဲဒီဘဝကနေ ရဟန်းတွေ မြင်တိုင်း ရဟန်းပြုချင်တဲ့စိတ်တွေ တားမနိုင်ဆီးမရ ပေါ်လာပါ

သတဲ့။ သို့ပေမယ့် မျက်မမြင်မိဘတွေကရှိနေတော့ ဘယ်လိုမှ ရဟန်း မပြုနိုင်ရှာခဲ့ဘူး။

မရနိုင်တာကို တမ်းတနေမယ့်အစား ရနိုင်တာကိုပဲ အရယူတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အရှင်နိသဘာအမည်ရှိတဲ့ အဂ္ဂသာဝကမထေရ်တစ်ပါးထံမှာ သရဏဂုံဆောက်တည်ပြီး တစ်သက်လုံး အဲဒီသရဏဂုံသုံးပါး စွဲမြဲစွာနဲ့နေခဲ့ပါသတဲ့။ အဲဒီဘဝကသေတော့ လူသက်နဲ့ နှစ်ပေါင်း သုံးကုဋေခြောက်သန်း အသက်ရှည်တဲ့ တာဝတိံသာနတ်ဘုံ ရောက်ရတယ်။

အဲဒီကမှ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရား (၇) ဆူကာလတစ်လျှောက်လုံး အပါယ်လေးပါး မလားရောက်ရဘဲ လူ့ပြည်နတ်ပြည်မှာပဲ လှည့်လည်ဖြစ်ခဲ့တယ်။ ခင်ဗျားတို့ ကျုပ်တို့ အလေးမထားမိကြတဲ့ သရဏဂုံရဲ့ ကောင်းကျိုးတွေပေါ့။ နောက်ဆုံး ယခုဂေါတမဘုရားလက်ထက်မှာ မဟာသာလသူဌေးမျိုးမှာ လာဖြစ်ပြီး (၇)နှစ်သားအရွယ်နဲ့ သရဏဂုံ ဆောက်တည်အပြီးမှာ ဝိပဿနာရှုရင်း တစ်ထိုင်တည်း ရဟန္တာ ဖြစ်ခဲ့တာပေါ့။

ကဲ–ကျုပ်ပြောချင်တဲ့ ဝိသေသ ထူးခြားတဲ့အကြောင်းဆိုတာ ဒါပါပဲ။ ထပ်မှာချင်တာကတော့ ခင်ဗျားတို့ ကျုပ်တို့ဟာ လွယ်အိတ်ပုထုဇဉ်အဖြစ်မခံကြဘဲ သရဏဂုံသုံးပါးကို ယုံယုံကြည်ကြည် ဆောက်တည်ကြပြီး ရဟန္တာဖြစ်တဲ့အထိ ကြိုးစားကြဖို့ပါပဲ။

**မှတ်ချက်။** ။(အပ၊ ၁။၈၂) ကို မှီငြမ်းပြုရေးဖွဲ့ပါသည်။
(အပ–ဋ္ဌ၊ ၂။၃၉)

## သရဏဂမနိယမထေရ် ခံစားရသော ကောင်းကျိုးများ

၁။ သိကြားမင်းအဖြစ် အကြိမ် ၈၀။
၂။ စကြဝတေးမင်းအဖြစ် အကြိမ် ၇၅။
၃။ သရဏဂုံတည်သောဘဝမှစ၍ (၉၁)ကမ္ဘာတိုင်တိုင် အပါယ်မလားခြင်း။
၄။ ပဒေသရာဇ် ဧကရာဇ်မင်းအဖြစ် အကြိမ် မရေတွက်နိုင်အောင် ဖြစ်ခဲ့ခြင်းတို့ ဖြစ်ပေသည်။

## နောက်ဘုရားမျှော်ရင်

ယခုဘဝ၌ မဂ်ကို ရစေခြင်းဌာ မနေမနား ကိုယ့်အသက်ကိုစွန့်စား၍မကျင့်ဘဲလျက် နောက် အရိမေတ္တေယျ ပွင့်တော်မူခါ လက်ဦးစွာဖူးတွေ့ရ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရလိုပါ၏ဟု အကြင်သူသည် ပတ္ထနာဆုကိုပြု၏။ ထိုသို့ပတ္ထနာဆုကိုပြုသူသည် ငါတို့ (ဂေါတမ) ဘုရားရှင်ကို အားမနာသောသူဟုမှတ်။

**(စတုဂီရိ၊ တောင်လေးလုံးဆရာတော်)**

## ဘယ်သူမှ မတွေးဖူးတဲ့ သူ့အတွေး

ကျွန်ုပ်သည် ရန်ကုန်ရောက်ခဲ့သော (၁၉၄၈) ခုနှစ်ကစ၍ နံနက် သုံးနာရီ အိပ်ရာမှထသည်။ တရားထိုင်ခြင်း၊ ပရိတ်တော်ရွတ်ဖတ်ခြင်းစသည်တို့ကို ရွတ်ဖတ်ပြီး၍ တစ်နာရီခွဲကြာအောင် လမ်းလျှောက်ပြီးလျှင် လေးနာရီခွဲသောအခါ အိမ်ဖော်များကိုနှိုး၍ အရဏ်ဆွမ်းချက်ပြီး ဆွမ်းတော်တင်လေ့ရှိသည်။ ထိုခေတ်က ပန်းသီးများအလွန်ပေါပါသည်။

အလွန်ကြီးသော ပန်းသီးကြီး ဆယ်လုံးမှာ ငါးကျပ်သာ ပေးရသည်။ ထို့ကြောင့် ပန်းသီးနှင့် အမြဲဆွမ်းတော်တင်သည်။ ကော်ဖီ၊ ပေါင်မုန့်ထောပတ်သုတ်ပါ ဆွမ်းတော်တင်သည်။ လူတွေက ကော်ဖီသောက်ပြီး ဘုရားကို ရေတော်ကပ်တာ ဘုရားကို သဒ္ဒါ မရှိရာရောက်သည်။

**(ဆရာစန္ဒြ၏ ဘဝခရီးနှင့် အတွေ့အကြုံများစာအုပ်မှ)**

၁။ ရန်သူကြီးအစစ်က လောဘ၊ ဒေါသ၊ မောဟ။
၂။ မိတ်ဆွေအစစ်က ဒါန၊ သီလ၊ ဘာဝနာ။
၃။ တကယ်တမ်းအားကိုးရမှာက ဘုရား၊ တရား၊ သံဃာ။
၄။ အမြဲပွားများရမှာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ။
ဘုရားဖက်၍ အသက်ရှည်ကြပါစေ။
တရားဖက်၍ အမျက်ပြေစိတ်ချမ်းသာကြပါစေ။
သံဃာဖက်၍ အခက်ဝေကြီးပွားတိုးတက်ကြပါစေ။

**(ညောင်ကန်အေးဆရာတော် အရှင်ဣန္ဒက)**

* * *

## ၁၃။ ဖိုးသမားနဲ့ သရဏဂုံ

ဒီဖြစ်ရပ်လေးကို မဖော်ပြမီ စာရှုသူများကို ကိုယ်လိုရာ ဆွဲမယူဖို့နဲ့ပတ်သက်ပြီး ပုံပြင်လေးတစ်ပုဒ်ပြောပြလိုပါတယ်။ တစ်ခါက မိသားစုတစ်စုရှိရာမှာ အကြီးဆုံးသားက အရွယ်ရောက်လာသော်လည်း ဘာစီးပွားရေးအလုပ်မှ မလုပ်တဲ့အတွက် ဖခင်ဖြစ်သူက မိဘကို ပြုစုလုပ်ကျွေးရန် ယခုလို ဆုံးမပါသတဲ့။

"ငါ့သား–မင်းအသက်လဲ တော်တော်ကြီးလာပြီ၊ လုပ်နိုင်ကိုင်နိုင်လဲရှိနေပြီပဲ၊ အဲဒီတော့ ကနေ့ကစပြီး မိဘကိုပြုစုလုပ်ကျွေးတဲ့အနေနဲ့ အလုပ်တစ်ခုခုစလုပ်ပါတော့၊ ဘုရားကလဲမင်္ဂလသုတ်မှာ မာတာပိတု ဥပဋ္ဌာနံ= မိဘကိုပြုစုလုပ်ကျွေးခြင်းဟာ ကုသိုလ်မင်္ဂလာဖြစ်တယ်လို့ ဟောကြားထားတယ်မဟုတ်လား" လို့ ပြောဆိုဆုံးမလိုက်သတဲ့။

ဒီအခါမှာ သားဖြစ်သူ ပြန်ပြောလိုက်တာက–

"အဖေက မင်္ဂလသုတ်ကို ဆုံးအောင်မှ မဆိုပဲကိုးဗျ၊ နောက်တစ်ပိုဒ်ကျန်သေးတယ်လေဗျာ၊ အဲဒီအပိုဒ်က ပုတ္တဒါရဿ သင်္ဂဟော= သားမယားကို ပြုစုလုပ်ကျွေးတာလဲ ကုသိုလ်မင်္ဂလာတဲ့၊ အဲဒီတော့ အဖေပဲကျွန်တော်တို့ သားအမိတစ်တွေကို ပြုစုလုပ်ကျွေးပေတော့"

တဲ့။ ဒီတော့ ဉာဏ်နည်းရှာတဲ့ အဖေဖြစ်သူဟာ ဘာမှ ဆက်ရှင်း မပြနိုင်ရှာတော့ဘဲ ခေါင်းလေးကုတ်ပြီး ညည်းလိုက်တာက–

"ဟင်–ဒီဘုရားကလဲ တို့သားအဖကို ရန်တိုက်ပေးခဲ့တာပဲ"တဲ့။

တကယ်ကျတော့ ဖခင်က သားမယားကို လုပ်ကျွေးသင့်တဲ့အချိန်၊ သားသမီးက မိဘကိုလုပ်ကျွေးသင့်တဲ့အချိန်ဆိုတာ ဘယ်လိုအချိန်ဆိုတာ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ အကျယ်သိပြီးသားပါ၊ ထပ်ရှင်းပြစရာမလိုတော့ပါဘူး။ ဒီနေရာမှာ ပြောချင်တာက တရားတော်တချို့ကို နာကြားဖတ်ရှုတဲ့အခါမှာ ကိုယ်လိုရာကို ထင်သလိုဆွဲယူပြီး မကျင့်သုံးဖို့ပါပဲ။

ခုပုံပြင်ထဲက သားဖြစ်သူလို မလုပ်ဖို့ပါပဲ။ ကဲ–စာရေးသူ ပြောပြချင်တဲ့ ဗုဒ္ဓကိုယ်တွေ့ဇာတ်လမ်းလေးကို စကြရအောင်ပါ။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးနေစဉ်အချိန်ကပဲဖြစ်ပါတယ်။ ဆွေတော်မျိုးတော်တွေကို တရားရေအေးအမြိုက်ဆေးကို တစ်ဝကြီး တိုက်ကျွေးနေချိန်ပဲဖြစ်ပါတယ်။ ထူးခြားတာတစ်ခုက အဲဒီမြို့မှာ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိနေတာပါပဲ။

မီးစတစ်ဖက်ဆိုတာက အဲဒီလူဟာ အရက်သမားတစ်ယောက် ဖြစ်နေတာပါပဲ။ ရေမှုတ်တစ်ဖက်ဆိုတာကတော့ သူက အရက်သာ သောက်တာ သရဏဂုံသုံးပါးကျတော့ စွဲမြဲ နေပြန်ရောတဲ့။ ဒါပေမယ့် သိတယ်မဟုတ်လား၊ များသောအားဖြင့် ပုထုဇဉ်တွေဟာ သူတစ်ပါးရဲ့ ဆီးစေ့လောက်ရှိတဲ့ မကောင်းကွက်ကိုတော့ ကပ်ကပ်သတ်သတ် ရှာကြံမြင်တတ်ပြီး မြင့်မိုရ်တောင်လောက်ရှိတဲ့ ကောင်းကွက်ကျတော့ မျက်စိကလျှံနေကြရော၊ မမြင်တော့ဘူး။

ဒီအကျင့်ဟာ မသေမချင်း အကုသိုလ်ဆက်တိုက်ဖြစ်စေမယ့် အကျင့်ဆိုးကြီးမို့ မြန်မြန်စွန့်လွှတ်သင့်တယ်။ ဗုဒ္ဓဟောထားတာက အကုသိုလ်ဖြစ်ခြင်းရဲ့အဓိကအကြောင်းဟာ အယောနိသော မနသိကာရ၊ သူတစ်ဖက်သားအပေါ်မှာ မကောင်းမြင်ဝါဒရှိခြင်းပဲတဲ့၊ ကုသိုလ်ဖြစ်ခြင်းရဲ့ အဓိကအကြောင်းကတော့ ယောနိသော မနသိကာရ၊ သူတစ်ဖက်သားအပေါ် အကောင်းမြင်ဝါဒရှိခြင်းပဲတဲ့၊

ဗုဒ္ဓကတော့ လမ်းညွှန်ပြသွားပြီ၊ စာရေးသူတို့တစ်တွေက လိုက်နာကျင့်သုံးရုံပဲရှိတာပေါ့။ ယခုလဲ ဗုဒ္ဓရဲ့ ဆွေတော်မျိုးတော် ကပိလဝတ်ပြည်သူပြည်သားအများစုဟာ အဲဒီလူရဲ့ သရဏဂုံသုံးပါး အပေါ် အသက်နဲ့လဲပြီး ယုံကြည်တဲ့ အဝေစ္စပသာဒ သဒ္ဓါကိုတော့ မမြင်ကြဘဲ အပေါင်းအသင်းတွေနဲ့ အရက်သောက်တဲ့အခါကိုပဲ မြင်နေကြတော့ ဒီဗိုးသမားကြီးသေရင်တော့ ငရဲကို တန်းနေမှာပဲလို့ ယူဆထားကြသတဲ့။

အဝေစ္စပသာဒသဒ္ဓါဆိုတာ ရတနာသုံးပါးကို စွန့်မလား အသက်အသေခံမလားဆိုရင် အသက်သာအသေခံမယ်၊ ရတနာသုံးပါး ကိုတော့ မစွန့်ဘူး၊ အဲဒီလိုသဒ္ဓါမျိုးကို အဝေစ္စပသာဒသဒ္ဓါလို ခေါ်တယ်။ အဲဒီ သဒ္ဓါမျိုးကို ဒီဗိုးသမားပိုင်ဆိုင်ထားတယ်ဆိုတာ ကိုတော့ အဆင့်မြင့်တဲ့ သူတော်ကောင်းလောကကပဲသိတယ်။ ဒါ ကြောင့် ဒီဗိုးသမားကို နာမည်ရင်းဖျောက်ပြီး သရဏဥပါသကာလို့ပဲ ခေါ်ကြသတဲ့။

တိုတိုပဲဆိုကြပါစို့၊ တစ်နေ့မှာတော့ သရဏဥပါသကာဟာ ရောဂါတစ်ခုနဲ့ဆုံးသွားပါရောတဲ့။ ကပိလဝတ်ပြည်သူပြည်သား အများစုကတော့ ဒီဗိုးသမား ငရဲသွားပြီလို့ အပြတ်ထင်ထားကြ ပေမယ့် ဗုဒ္ဓက တရားပွဲတစ်ခုမှာ သရဏဥပါသကာ တာဝတိံသာ

နတ်ပြည်ရောက်သွားကြောင်း ဟောသွားတော့ အမယ်–ကပိလဝတ် ပြည်သားအများစုက ဗုဒ္ဓဟောကြားချက်ကို မယုံကြဘူးတဲ့။

ဘာလို့မယုံကြလဲလို့ အကြောင်းတရားကို ဆန်းစစ်ကြည့်တော့ သူတို့ယူဆချက်နဲ့ မကိုက်ညီလို့ဆိုတဲ့ အဖြေကိုတွေ့ရတယ်။ ပုထုဇဉ်အများစု ကိုယ့်ကိုယ်ကိုအထင်ကြီးနေကြပုံများ တရားကျစရာ သိပ်ကောင်းပါတယ်။ ဇာတ်တော်ထဲက ချေးပိုးထိုးကောင် ကိုယ့်ကိုယ်ကိုအထင်ကြီးပြီး ဆင်ပြောင်ကြီးကို စိန်ခေါ်တဲ့အဖြစ်မျိုးပေါ့။

တစ်ခါတော့ အရက်သမားတွေ သောက်စားမူးယစ်ပြီး အန်ဖတ်ဗရပွနဲ့လဲနေကြသတဲ့။ အဲ ဒီအချိန် ချေးပိုးထိုးတစ်ကောင်ဟာ အရက်သမားတွေ ဖိတ်စင်ထားတဲ့ အရက်ကိုသောက်မိပြီး သူပါ မူးသွားရောတဲ့။ အဲဒီလိုမူးရင်းနဲ့ အရက်သမားတွေရဲ့ အန်ဖတ်တွေပေါ်တက်နင်းမိတဲ့အခါ ကျုံကျသွားတာပေါ့။ အဲဒီလိုကျုံကျသွားတာကို ချေးပိုးထိုးကောင်က ငါ့ခန္ဓာကိုယ်ရဲ့ အားကိုမခံနိုင်လို့ မြေကြီးတောင်ပြိုဆင်းသွားတယ်လို့ထင်ပြီး ကိုယ့်ကိုယ်ကို တအားအထင်ကြီးသွားသတဲ့။

အဲဒီအချိန်မှာပဲ ဆင်ပြောင်ကြီးတစ်စီးလာတာကို မြင်တဲ့အခါ ချေးပိုးထိုးကောင်က စစ်ထိုးရအောင် စိန်ခေါ်တော့တာပဲတဲ့။ ဒီအခါ ဆင်ပြောင်ကြီးက သင့်လိုအဆင့်မရှိတဲ့သတ္တဝါမျိုးကို ကျင်ကြီးကျင်ငယ်နဲ့ပဲ တိုက်ခိုက်မယ်လို့ပြောပြီး ချေးပိုးထိုးကောင်အပေါ်ကို မစင်တွေစွန့်ချပြီး ကျင်ငယ်ပါပန်းပစ်လိုက်တာ တစ်ခါတည်းသေပါရောလား။

အခုလဲ ကပိလဝတ်ပြည်သားအများစုဟာ သူတို့ယူဆချက်နဲ့ မတူတာနဲ့ ဘုရားဟောကြားချက်ကို မယုံဘူးဆိုတော့ ချေးပိုးထိုးကောင်က ဆင်ပြောင်ကြီးကို စိန်ခေါ်သလိုဖြစ်နေလို့ပါ။ ဒီနေရာမှာ

အမှတ်ရတုန်း တစ်ခုလောက် ဆက်ပြောပြချင်ပါသေးတယ်။ ဗုဒ္ဓဘာသာဝင်ပုထုဇဉ်တိုင်း အရေးတကြီးသိထားသင့်တဲ့ အကြောင်း ဖြစ်နေလို့ပါ။

ပုထုဇဉ်ဆိုရင် လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ သူတို့အယူအဆနဲ့ မတူတော့ဘူးဆိုရင် ဘုရားကိုတောင် စော်ကားမိတတ်ကြတာကို ပြောပြချင်တာပါ။ တစ်ခါတော့ မြတ်စွာဘုရားကို အမြဲပြုစုလုပ်ကျွေး မယ့် ရဟန်းမရှိသေးလို့ ကြုံရာရဟန်းကပဲ ကြုံသလိုပြုစုလုပ်ကျွေး ရတဲ့အချိန်ပေါ့။ တစ်ခါတော့ သုနက္ခတ္တအမည်ရှိတဲ့ ရဟန်းဟာ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးရင်း ဘုရားနောက်က လိုက်နေရ တယ်ပေါ့။

တစ်နေ့မြို့ထဲဝင်တဲ့အခါမှာ ခွေးလိုကျင့်နေတဲ့ အဝတ်မပါ ဗလာကိုယ်တည်း ကောရခတ္တိယအမည်ရှိတဲ့ တိတ္ထိကြီးတစ်ယောက် ကို တွေ့တော့ သုနက္ခတ္တရဟန်းက ဘုရားကို ရှေ့ကထားပြီး ခွေးလိုကျင့်တဲ့တိတ္ထိကြီးကို ကြည်ညိုနေသတဲ့။ ခွေးလိုကျင့်တယ်ဆိုတာ အဝတ်မဝတ်ဘူး၊ လေးဖက်သွားတယ်၊ မြေကြီးပေါ်ပုံကျွေးတာကို ပါးစပ်နဲ့ ဟပ်စားတယ်၊ ပြာပုံထဲမှာပဲအိပ်တယ်ပေါ့။ ဒီလိုကျင့်ရင် ကိလေသာတွေကင်းမယ်လို့ တိတ္ထိတွေက ယူဆသတဲ့။

အလွန်မှားယွင်းတဲ့အကျင့်ဖြစ်ပေမယ့်လို့ သုနက္ခတ္တရဟန်း လို အသိဉာဏ်နည်းတဲ့လူတွေကတော့ တို့မကျင့်နိုင်တာ ကျင့်တာပဲ ဆိုပြီး ကြည်ညိုကြတာပဲ။ သုနက္ခတ္တရဟန်းရဲ့စိတ်ထဲက မသင့်တင့် တဲ့အကြံကို ဗုဒ္ဓကသိတော်မူတော့–

"ချစ်သား သုနက္ခတ္တ–သင်ကဲ့သို့သော ငါဘုရားတပည့်အမည်ခံ ထားတဲ့ ရဟန်းတစ်ပါးက ငါဘုရားကို ရှေ့ကထားပြီး ခွေးလို ကျင့်နေတဲ့ တိတ္ထိကို လေးစားကြည်ညိုနေတာဟာ မသင့်လျော်ဘူးလို့"

အမိန့်ရှိလိုက်တော့ သုနက္ခတ္တရဟန်းက ဘာပြန်ပြောတယ်မှတ်လဲ၊ "မြတ်စွာဘုရားက သူတစ်ပါးရဲ့ အရဟတ္တဖိုလ်အကျင့်ကို ဝန်မတိုပါနဲ့တဲ့" မြတ်စွာဘုရားကပဲ ဣဿာမစ္ဆရိယကြောင့် သူကြည်ညိုတာကို တားမြစ်နေတယ်လို့ ပြန်ပြောလိုက်တာပါပဲ။ ကဲ-ပုထုဇဉ်အဖြစ် ဘယ်လောက်များ ကြောက်စရာ ကောင်းလိုက်သလဲလို့။

ဒီနေရာမှာလည်း သုနက္ခတ္တရဟန်းဟာ ဘာကြောင့်ဘုရားနဲ့ ဆန့်ကျင်ဘက်လုပ်ရသလဲလို့ တွေးကြည့်တော့ သူကကြည်ညိုနေတဲ့ ကောရခတ္တိယကို ဘုရားက လိုက်မကြည်ညိုလို့ဆိုတဲ့ အဖြေကို သွားတွေ့တယ်။ ပုထုဇဉ်တွေရဲ့စိတ်ဓာတ်ဟာ ကိုယ့်အယူအဆနဲ့ မတူရင် ဘုရားကိုတောင် ရန်ဘက်လုပ်တယ်ဆိုတာ တွေ့ပြီမဟုတ်လား။

ဒီတော့မှ ဘုရားရှင်က ရဲရဲတောက် မိန့်ကြားတော်မူတယ်။

"သုနက္ခတ္တ သင်ကြည်ညိုနေတဲ့ ခွေးလိုကျင့်တဲ့ ကောရခတ္တိယဟာ ဒီနေ့မှ နောက် (၇) ရက်မြောက်တဲ့နေ့မှာ စားပိုးနင့်ပြီး သေလိမ့်မယ်။ သေပြီးတဲ့နောက် ပြိတ်မြက်တွေထူထပ်နေတဲ့ အည့်ဆိုးသင်္ချိုင်းကို ရောက်လိမ့်မယ်။ သူ့ရဲ့လားရာဂတိကို လက်တွေ့သိချင်ရင် သင်္ချိုင်းရောက်တဲ့အခါ အလောင်းရဲ့ကျောကို လက်နဲ့ပုတ်ပြီး ကောရခတ္တိယ သင်ဘယ်ဘုံကိုရောက်နေပြီလဲလို့ မေးကြည့်လိုက်ရင် အလောင်းကောင်ကထပြီး ငါကာလကဉ္စိကအသုရကာယ်ဘုံကို ရောက်နေပြီလို့ ဖြေလိမ့်မယ်"လို့။

မိန့်တော်မူလိုက်တော့ သုနက္ခတ္တရဟန်းက မယုံဘူးတဲ့။ ကောရခတ္တိယကို မနာလိုလို့ ပြောတာပဲယူဆပြီး ဘုရားနားက ခွာသွားသတဲ့။ နောက် ကောရခတ္တိယထံသွားပြီး-

"ကောရခတ္တိယ–သင့်ကို ဘုရားက ကနေ့ကနောက် (၇) ရက်မြောက်တဲ့နေ့မှာ စားပိုးနင့်သေမယ်လို့ ဟောထားတယ်။ အဲဒါ သင်က ဘုရားဟောကိုလဲမှားသွားအောင်၊ သင်လဲအသက်ရှည်အောင် အစားကို လျှော့စားပါ" လို့ မှာထားသတဲ့။ ကောရခတ္တိယလဲသေမှာ ကြောက်တော့ သုနက္ခတ္တရဟန်းရဲ့ စကားကို နားထောင်လိုက်တာ မှ လျှော့စားရုံတင်မကဘူး၊ တစ်ချို့ရက်များ အစာတောင် မစားဘူးတဲ့။

(၇) ရက်ပြည့်တဲ့နေ့ရောက်တော့ ကောရခတ္တိယကို ကြည်ညို တဲ့ သူဌေးတစ်ယောက်က ကောရခတ္တိယကြီး အစားပျက်နေတာ ကြာပြီ၊ ဒီကနေ့တော့ ကောင်းကောင်းကျွေးလိုက်မဟဲ့ဆိုပြီး ထမင်း ရော၊ ဝက်သားဟင်းရောအများကြီးချက်ပြီး ကောရခတ္တိယကြီးရှေ့ မြေကြီးမှာပုံကျွေးလိုက်သတဲ့။ ဒီအခါ အစာကောင်းကောင်းမစား ရတာကြာပြီဖြစ်တဲ့ ကောရခတ္တိယဟာ သေဘေးကို သတိမရနိုင်တော့ ဘဲ ကုန်တဲ့အထိ စားပစ်လိုက်တာ–

စားပြီးပြီးချင်း စားပိုးနင်သေတော့တာပါပဲ။ သုနက္ခတ္တ ရဟန်း လာတဲ့အချိန်မှာ အသက်မရှိတော့ပါဘူး။ မြတ်စွာဘုရားဟောကြား ချက် တစ်ချက်မှန်သွားတာကို သုနက္ခတ္တရဟန်းက မကျေနပ်ဘူးတဲ့။

ဒုတိယအချက်တော့ မှားစေရမယ်ဆိုတဲ့စိတ်နဲ့ ကောရခတ္တိယ ရဲ့ အလောင်းကောင်ကြီးကို နွယ်ကြိုးနဲ့ဆိုင်းပြီး သူကိုယ်တိုင် သန့်ရှင်းသပ်ရပ်တဲ့ အကောင်းဆုံး သင်္ချိုင်းတစ်ခုကို ဆွဲယူသွား တယ်။ ဒါပေမယ့် သင်္ချိုင်းထဲရောက်လို့ကြည့်လိုက်တော့ ပြိတ်မြက် ထူတဲ့ အညံ့ဆုံးသင်္ချိုင်းကြီး ဖြစ်နေတာပဲတဲ့။ ဒုတိယဟောကြား ချက်လဲမှန်သွားပြန်တာပေါ့။

တတိယဟောကြားချက်လဲ ဟုတ်နိုင်–မဟုတ်နိုင် ဆက်သိချင် သေးတာနဲ့ အလောင်းကောင်ရဲ့ ကျောကုန်းကိုပုတ်ပြီး မေးလိုက်တဲ့

အခါမှာ ကာလကဥ္စိကအသုရကာယ်ဘုံကို ရောက်နေကြောင်း ဖြေတာပါပဲတဲ့။ အသုရကာယ်ဆိုတာ ပြိတ္တာအကြီးစားပါပဲ။ ဒီနေရာမှာ သိစေချင်တာကတော့ ပုထုဇဉ်ဆိုရင် လူဖြစ်စေ၊ ရဟန်းဖြစ်စေ မိမိအယူအဆနဲ့မတူတော့ဘူးဆိုရင် တခြားလူတွေ အသာထားပြီး ဘုရားရှင်ကိုတောင် ကဏ္ဍကောစလုပ်တတ်တယ်ဆိုတာပါပဲ။

(ဒီ၊ ၃၊ ပါထိကသုတ်။ ၄)

ခုလဲကြည့်လေ၊ မြတ်စွာဘုရားဟောကြားချက်ကို ပူညံပူညံ လုပ်ပါများတော့ မြတ်စွာဘုရားနောင်တော်ကြီး မဟာနာမ်မင်းက ဘုရားကိုလာပြီး လျှောက်ထားမေးမြန်းရပြီလေ။

"မြတ်စွာဘုရား၊ သာကီဝင်မင်းမျိုးအများစုတို့ဟာ မြတ်စွာဘုရားဟောကြားတဲ့ သရဏဥပါသကာ တာဝတိံသာနတ်ပြည်ရောက်သွားပြီဆိုတဲ့စကားကို လက်မခံနိုင်ဘူးဖြစ်နေကြပါတယ် ဘုရား။ သူတို့ ယူဆထားတာက သရဏဥပါသကာ ငရဲကျမယ်ဆိုတာပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် သရဏဥပါသကာ ဘယ်ပုံဘယ်နည်း နတ်ပြည်ရောက်တယ်ဆိုတာကို အကျယ်ဟောကြားပေးတော်မူပါ ဘုရား"

"နောင်တော်ကြီး မဟာနာမ်၊ သရဏဥပါသကာဟာ သေရည်သေရက်သောက်တဲ့ အကုသိုလ်ကံရှိတာမှန်ပါတယ်။ ဒါပေမယ့် ရတနာသုံးပါးအပေါ်မှာ အသက်နဲ့လဲပြီး ကြည်ညိုတဲ့ အဝေစ္စပသာဒ ကုသိုလ်အားက ပိုပြီးကောင်းနေပါတယ်။ ဒါ့ကြောင့်လဲ သေခါနီးအချိန်မှာ ရတနာသုံးပါးအပေါ် ကြည်ညိုတဲ့သဒ္ဓါကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ပီတိကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ်သုံးပါးတင်ပြီး ရှုနိုင်တဲ့အတွက် သေခါနီးကပ်ပြီး သောတာပန်တည်သွားခဲ့ပါတယ်။

ဒါ့ကြောင့် အခုအချိန်မှာ သရဏာဥပါသကာဟာ သောတာပန် နတ်သားအဖြစ် တာဝတိံသာနတ်ဘုံမှာ ခံစားစံစားနေပြီဖြစ်တယ် နောင်တော်ကြီး မဟာနာမ်"

မြတ်စွာဘုရား အကျယ်ဟောပြတော်မူလိုက်မှ ပဲ သာကီဝင် အများစုဟာ သံသယကင်းပြီး လက်ခံသွားကြတော့သတဲ့။ အဆုံး သတ်ခါနီးမှာ အရေးတကြီးပြောချင်တာလေးနစ်ခုပေါ်လာလို့ ပြော ပါရစေဦး။ ပထမတစ်ခုက ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာက အစွမ်းကြီးမားသလဲဆိုတဲ့ မေးခွန်းရဲ့အဖြေပါပဲ။ မိလိန္ဒပဥှာမှာ အရှင်နာဂသိန်ရဟန္တာအရှင်မြတ်ကြီး ဟောထားတာကတော့ ကုသိုလ် က စွမ်းအားပိုကြီးပါသတဲ့။

ကုသိုလ်က လှေနဲ့တူပြီး အကုသိုလ်က ကျောက်ခဲနဲ့တူသတဲ့။ ကျောက်ခဲဟာ သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ရေထဲကျရင် မြုပ်သွားရသလို ဒီအတိုင်းပဲ အကုသိုလ်ကလည်း သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ကုသိုလ်ဆိုတဲ့ အခံလှေမရှိရင်တော့ အပါယ်လေးပါး ကေန်မုချ ကျရမှာပါပဲ။ အဲ ကုသိုလ်လှေလေးရှိထားရင်တော့ ကုသိုလ်ရဲ့စွမ်းအားကြောင့် နတ်ရွာသုဂတိတော့ ရောက်နိုင်ပါသေး တယ်။

ကုသိုလ်ကံက အကုသိုလ်ကံထက်နည်းပေမယ့် စွမ်းအား ပိုကြီးတဲ့အတွက် ကောင်းရာကို ပို့ပေးနိုင်တာပါ။ ကုသိုလ်စွမ်းအား က ကြီးလို့လဲဆွမ်းတစ်ဇွန်း၊ ပန်းသီးတစ်လုံး လှူခဲ့ရုံနဲ့ နတ်ပြည် ရောက်ခဲ့ရတဲ့ အမျိုးသား၊ အမျိုးသမီးတွေ အများကြီးပါပဲ။ ဒုတိယ ပြောချင်တာက သေပြီးတဲ့နောက် ငရဲကို ကေန်မုချသွားရမယ့်သူ ကတော့ ခြောက်မျိုးရှိပါတယ်။

အဲဒါတွေကတော့-

၁။ အမေသတ်သူ
၂။ အဖေသတ်သူ
၃။ ရဟန္တာသတ်သူ
၄။ ဘုရားရှင် သွေးစိမ်းတည်အောင်လုပ်သူ
၅။ သံဃာသင်းခွဲသူ
၆။ ကုသိုလ် အကုသိုလ်နဲ့ ထိုကုသိုလ် အကုသိုလ်ရဲ့ အကျိုးတွေကိုပယ်တဲ့ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ အယူရှိသူတွေပဲ ဖြစ်ပါတယ်။

ဒီခြောက်ယောက်ကတော့ တခြားဘာကုသိုလ်နဲ့မှ တားလို့မရတော့ဘဲ ကေန်မုချ အပါယ်ကျကြရမှာဖြစ်ပါတယ်။ ဒီအကုသိုလ်ကံခြောက်မျိုးကို ကြီးမားလေးလံလွန်းတဲ့အတွက် ဂရုကကံလို့ခေါ်ပါတယ်။ ကျန်တဲ့ အကုသိုလ်ကံလေးတွေကတော့ ပေါ့ပါးတဲ့အတွက် လဟုကကံလို့ ခေါ်ပါတယ်။

အကုသိုလ်လဟုကကံတွေကတော့ ကုသိုလ်ကံနဲ့ တားဆီးထားလို့ ရနိုင်ပါတယ်။ ဒါ့ကြောင့်လဲ သရဏဉပါသကာဟာ အရက်သောက်တဲ့ အကုသိုလ်လဟုကကံလေးတွေရှိသော်လည်း သရဏဂုံ ကုသိုလ်ကံကြောင့် သောတာပန်ဖြစ်ပြီး နတ်ပြည်ရောက်ရတာကို သဘောကျလောက်ပြီထင်ပါတယ်။

**မှတ်ချက်။** ။မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ စာ ၃၂၆ ကို မှီငြမ်းပြုရေးဖွဲ့ပါသည်။

## သရဏဂုံတည်ခြင်းအကျိုး (၈)မျိုး

၁။ ဖြစ်လေရာဘဝတိုင်း၌ အများအပူဇော်ခံရခြင်း၊
၂။ ထက်မြက်သောဉာဏ်ပညာ ရှိခြင်း၊
၃။ လူအများကို မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်း၊

၄။ အများနှင့်မတူသော စည်းစိမ်ချမ်းသာများကို ခံစားရခြင်း၊
၅။ ရွှေအဆင်းနှင့်တူသော ကိုယ်ကာယရှိခြင်း၊
၆။ အများနှစ်သက်ကြည်ညိုမှုကို ခံရခြင်း၊
၇။ မိတ်ဆွေ အပေါင်းအသင်းများ၏ ချစ်ခင်မှုကိုရခြင်း၊
၈။ ကျော်စောထင်ရှားခြင်း။

(အပါဒါန်ပါဠိတော်နှင့် အဋ္ဌကထာ)

## သရဏဂုံပျက်သော ရှိခိုးခြင်းနှင့် မပျက်သော ရှိခိုးခြင်း

၁။ ဆွေမျိုးအဖြစ်ဖြင့်ရှိခိုးခြင်း (ဉာတိ)
၂။ ကြောက်၍ရှိခိုးခြင်း (ဘယ)
၃။ ဆရာဖြစ်၍ ရှိခိုးခြင်း (အာစရိယ)
၄။ မြတ်သော အလှူခံပုဂ္ဂိုလ်အဖြစ်ဖြင့် ရှိခိုးခြင်း (ဒက္ခိဏေယျ)

ဟူ၍ လေးမျိုးရှိ၏။ ထိုတွင် နောက်ဆုံးဖြစ်သော မြတ်သောအလှူခံ (ဒက္ခိဏေယျ) ပုဂ္ဂိုလ်အဖြစ် ရှိခိုးခြင်းတစ်မျိုးသာ သရဏဂုံမြောက်သော ရှိခိုးခြင်းဖြစ်၏။ ကျန်ရှိခိုးခြင်းသုံးမျိုးကား သရဏဂုံ မမြောက်၊ ရှိခိုးခြင်းကြောင့် သရဏဂုံပျက်ရာ၌လည်း အခြား တိတ္ထိ၊ နတ်၊ ဘုရား စသည်တို့ကို တကယ်မြတ်သောအလှူခံ(ဒက္ခိဏေယျ) ပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ရှိခိုးလျှင်သာ သရဏဂုံပျက်၏။

ဆွေမျိုး (သက်ကြီးဝါကြီး) ဖြစ်၍ရှိခိုးခြင်း၊ ကြောက်၍ ရှိခိုးခြင်း၊ ဆရာဖြစ်၍ ရှိခိုးခြင်းတို့၌ကား သရဏဂုံ မပျက်ပေ။

**မှတ်ချက်။** ။သရဏဂုံမပြောက်ဟူသည် သရဏဂုံမတည်၊ ဘုရား စသည်ကို ကိုးကွယ်ရာမရောက်ဟုဆိုလိုသည်။ သရဏဂုံမပျက် ဟူသည် တည်ပြီးသော သရဏဂုံမပျက်၊ ဘုရားစသည်ကို ပစ်ပယ်ရာ မရောက်ဟု ဆိုလိုပါသည်။

ယခုခေတ် နတ်များကိုပူဇော်ပသရှိခိုးကြရာ၌ ဘုရား စသော ရတနာမြတ်သုံးပါးကို ပစ်ပယ်ပြီး နတ်များကိုသာ မြတ်သောပုဂ္ဂိုလ် အဖြစ်ဖြင့် ပူဇော်ပသရှိခိုးကြလျှင် သရဏဂုံပျက်၏။ ဘုရားစသော ရတနာမြတ်သုံးပါးကို မပစ်ပယ်ဘဲ လောကကြီးပွားရာ ကြီးပွား ကြောင်းအဖြစ် ပူဇော်ပသရှိခိုးကြရာ၌ကား သရဏဂုံမပျက်နိုင်ပါ။

သို့ရာတွင် သဘော်ပျက်၍ အလောင်းတော် ဇနကမင်းသား ပင်လယ်ကြောမျောရစဉ်က နတ်ကိုမရှိခိုးဘဲ(၇) ရက်ပတ်လုံး ဥပုသ် စောင့်သုံးခဲ့သော ဇနကမင်းသားကိုသာ မဏိမေခလာနတ်သမီးက ဆီးကြိုကယ်မ၍ နတ်ရှိခိုးသူအားလုံး သေကြရသည်မှာ နတ်ကိုယုံပြီး ပုံ၍ ရှိခိုးနေသူတို့အတွက် သတိထားဖွယ်ပင် ဖြစ်ပါသည်။

(ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပ-တွဲ၊ နှာ ၄၄-၄၅)

* * *

# ၁၄။ သဘော်သားနတ်သားများ

သရဏဂုံသုံးပါး၏ စွမ်းရည်သတ္တိ အကျိုးအာနိသင်များကို ဘယ်လိုပင်ရေးဖွဲ့သော်လည်း ကုန်သွားလိမ့်မည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် တစ်ပါးစီတစ်ပါးစီ၏ ကောင်းကျိုးတရားများကိုပင် ရေးဖွဲ့၍မကုန်နိုင်သောကြောင့်ပါတည်း။ ဘုရားရတနာတစ်ပါးကြောင့် ကောင်းကျိုးခံစားသွားရသော ဗုဒ္ဓလက်ထက်က မဋ္ဌကုဏ္ဍလီ အမည်ရှိ သတို့သားလေး၏ ဖြစ်စဉ်ကို ကြည့်ပါ။

မဋ္ဌကုဏ္ဍလီ သတို့သားလေး ရောဂါရ၍ သေခါနီးသောအခါ နမြောစေးနဲလှသော ဖခင်က အိမ်အတွင်းမှာ လူနာကိုထားလျှင် လာကြည့်ကြသော ဆွေမျိုးသားချင်းများက သူ၏ ဥစ္စာများကိုမြင်ပြီး ချေးငှားမှာစိုးရိမ်သောကြောင့် မဋ္ဌကုဏ္ဍလီကို ခုတင်ပါမ,ပြီး အိမ်ရှေ့ချထားလိုက်ပါတော့သည်။ ဤပုံအတိုင်းသာ သေခဲ့ရလျှင် မဋ္ဌကုဏ္ဍလီအနေဖြင့် အပါယ်လေးပါးကျမှာ သေချာနေလေပြီ။

သို့သော် မဟာကရုဏာရှင်ဗုဒ္ဓက မဋ္ဌကုဏ္ဍလီရှိရာအရောက်ကြွပြီး ရောင်ခြည်တော် လွှတ်တော်မူသောအခါ မဋ္ဌကုဏ္ဍလီ သတို့သားလေးမှာ ထိုင်၍ရှိခိုးပူဇော်မှုကို မပြုနိုင်တော့သော်လည်း လျောင်းလျက်ကပင် လက်အုပ်ချီလျက် ရှိခိုးပူဇော်ရရှာပါသည်။ ဘုရားရတနာ၏စွမ်းရည်သတ္တိကား ကြီးမားပေစွ။ ဘုရားရတနာ

အပေါ် ကြည်ညိုမိသောစိတ်ဖြင့် သေလွန်ခဲ့သော မဋ္ဌကုဏ္ဍလီသည် နတ်ရွာသုဂတိသို့ ရောက်ခဲ့ရပါသည်။

## တကယ့်အားကိုးရာ

ငါဘုရားအပေါ် ယုံကြည်ရုံမျှ၊ ချစ်မြတ်နိုးရုံမျှဖြင့်
နတ်ရွာသုဂတိသို့ လားရောက်နိုင်၏။

(မူလပဏ္ဏာသ၊ အလဂဒ္ဒူပမသုတ်)

တရားရတနာ၏ဂုဏ်ရည်ကိုလည်း ကြည်ညိုပါဦး၊ ကုသိုလ်အကုသိုလ်ကိုပင်ခွဲခြား၍ မသိကြသော လင်းနို့သားငါးရာတို့သည် လိုဏ်ဂူထဲမှရွတ်နေသော ရဟန်းတော်တို့၏ အဘိဓမ္မာတရားသံကို ကြားနာရသော ကုသိုလ်ကြောင့် သေသောအခါ နတ်ရွာသုဂတိသို့ ရောက်ကြရသည်။

ထိုဘဝမှစ၍ အပါယ်လေးပါးသို့ မလားရောက်ရတော့ဘဲ လူ့ပြည်နတ်ပြည် အစုန်အဆန်ကျင်လည်ကာ နောက်ဆုံးဘဝတွင် ယခုဂေါတမမြတ်စွာဘုရား၏ သာသနာ၌ အရှင်သာရိပုတ္တရာ၏ တပည့်များဖြစ်ကာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်တော်မူသွားကြရပါသည်။

ဓမ္မော လောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ။

တရားရတနာသည် ခပ်သိမ်းသောသတ္တဝါတို့၏ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရရှိရန်အလို့ငှာ လောက၌ ပွင့်ထွန်းပေါ်ပေါက်လာခဲ့ပေသည်။

သံဃာရတနာ၏ လယ်ယာမြေကောင်းသဖွယ်ဖြစ်ပုံကိုလည်း ကြည်ညိုပါဦး။ သူတစ်ပါးအိမ်တွင် အဖိလေးချကာ နေရသော

စာရင်းငှား သူဆင်းရဲမကြီးကား ယနေ့ပင်သေရပါတော့မည်။ လူ့ဘဝရောက်နေသောကြောင့် လူဟုခေါ်ရသော်လည်း လူပီပီသသ နေရသည်တော့ မဟုတ်ရှာပါ။ ပြိတ္တာများသည် ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှ မလုပ်နိုင်ဘဲ ဝမ်းရေးအတွက် ရှာဖွေစားသောက်ရင်း တစ်ဘဝဆုံးရသလို၊ လူဖြစ်နေပါလျက် ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမျှမလုပ်နိုင်ဘဲ ဝမ်းရေးအတွက် ရှာဖွေစားသောက်ရင်း တစ်ဘဝဆုံးရသောသူများကို လူ့ပြိတ္တာဟုခေါ်သည်။

ဟူ၍ဖွင့်ဆိုထားသော ဝိမာနဝတ္ထုအဋ္ဌကထာကို ထောက်ကြည့်လျှင် စာရင်းငှားသူဆင်းရဲမကြီး၏ ဘဝသည်ကား လူ့ပြိတ္တာဟုပင် ဆိုရပါလိမ့်မည်။ ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမျှမပြုနိုင်ဘဲ သူတစ်ပါးအိမ်တွင် စာရင်းငှားအဖြစ်နှင့် ဝမ်းကျောင်းပြီးနေခဲ့ရာ ယနေ့ သေပွဲဝင်ရမည့်အချိန်ကို ရောက်လာပါပြီ။ သို့သော် သူမကား မသိရှာ။

သူမ မသိသလို သူမ၏အိမ်ရှင်များကလည်း မသိ။ ထို့ကြောင့်ပင် အနားမပေးဘဲ အချက်အပြုတ်အလုပ်များကို မနားတန်းလုပ်နေရသည် မဟုတ်ပါလော။ သိသောပုဂ္ဂိုလ်ကား သူဆင်းရဲတို့၏ အားထားမှီခိုရာ အရှင်မဟာကဿပ မထေရ်ကြီးပင် ဖြစ်ပါတော့သည်။ ဒီအတိုင်းသာသေသွားခဲ့လျှင် သူဆင်းရဲမကြီး အပါယ်ကျဖို့ကား နီးစပ်လှပါသည်။ ထိုအခါ သံဃာရတနာတစ်ပါးဖြစ်သော အရှင်မဟာကဿပမထေရ်က သူဆင်းရဲမကြီးရှိရာအိမ်သို့ ဆွမ်းခံဝင်ခဲ့လေပြီ။

"ရဟန္တာတစ်ပါးကိုလှူလျှင် ဘဝပေါင်းမည်မျှလောက် ချမ်းသာမည်ကို ငါဘုရားမဟောနိုင်"ဆိုသည့် ဘုရားဟောကို သိထားကြသော အိမ်ရှင်သူဌေးမိသားစုက အရှင်မဟာကဿပကို ဝိုင်းဝန်း

ကာ ဆွမ်း၊ ဆွမ်းဟင်း အကောင်းစားများကို လောင်းလှူရန် ချဉ်းကပ်ကြသည်။ ထူးဆန်းပေစွ။

အရှင်မဟာကဿပကား အိမ်ရှင်မိသားစုများ၏ အလှူကို တစ်ခုမှ လက်ခံတော်မမူ၊ သပိတ်ကိုပင် ဖွင့်ပေးတော် မမူခဲ့ပါ။ ထိုအိမ်ရှင်များကို ကျော်၍ အိမ်နောက်ဖေး မီးဖိုချောင်ထဲမှ သူဆင်းရဲမကြီးကို အဓိဋ္ဌာန်ဖြင့်လှမ်းကြည့်တော်မူလိုက်ရာ မထေရ်၏အဓိဋ္ဌာန်နှင့် မေတ္တာတန်ခိုးကြောင့် စာရင်းငှားသူဆင်းရဲမကြီးသည် မထေရ်က မိမိကို ဆွမ်းလောင်းလှူစေလိုကြောင်း အလိုလိုသိသွားခဲ့ရသည်။

ခက်နေရှာပြီ၊ သူမလို စာရင်းငှားတစ်ယောက်မှာ ဆွမ်းကောင်းဟင်းကောင်းများကို ချက်ပြုတ်နေရသော်လည်း ပိုင်စိုးပိုင်နင်း သူတစ်ပါးကို လောင်းလှူခွင့်မရရှာပေ။ မိမိပိုင်ဆိုင်သည်က အရင်နေ့က ကျန်သော ထမင်းကြမ်းခဲလေးနှင့် ထမင်းရည်သာ။ မထေရ်မြတ်ကြီးက အလှူခံပါ့မလားဟူသော မဝံ့မရဲအတွေးဖြင့် မထေရ်မြတ်ကြီးဆီသို့ ရှေးရှုလာခဲ့ပြီ။

အံ့ဩဝမ်းသာစရာကောင်းလှပေစွ၊ သူမ မထေရ်မြတ်ကြီး ရှေ့သို့ ရောက်သွားသည်နှင့် မထေရ်မြတ်ကြီးက အိမ်ရှင်များကိုပင် ဖွင့်မပေးခဲ့သော သပိတ်တော်ကို သူမကျမှဖွင့်ပေးခဲ့ပြီ မဟုတ်ပါလား။ လောင်းလှူပြီးသည်နှင့် ဝမ်းသာပီတိမျက်ရည်နှင့်အတူ မထေရ်မြတ်ကြီးကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးချလိုက်သည်။

သူမ၏ ဘဝတစ်လျှောက်လုံး ပြုဖူးသည့် ကုသိုလ်ဟူ၍ ဤတစ်ခုတည်းသာ။ ဤတစ်ခုတည်းသော ကုသိုလ်ကပင် ထိုနေ့၌ ကွယ်လွန်သောသူမအား နတ်ရွာသုဂတိသို့ ပို့ဆောင်ပေးခဲ့ပါပေသည်။ သံဃာရတနာ၏ ကျေးဇူးကား ကြီးမားပေစွ။

## မမေ့နဲ့

ကုသိုလ်ကို ကိုယ်ကမေ့လျှင် ကုသိုလ်က ကိုယ့်ကို မေ့လိမ့်မည်။ ကုသိုလ်က ကိုယ့်ကိုမေ့လျှင် ဘေးတွေ့လိမ့်မည်။

(စံကျောင်းဆရာတော်)

ဖော်ပြပါဖြစ်ရပ်လေးတွေကိုလေ့လာပြီး ရတနာသုံးပါးကို မျက်မြင်ကိုယ်တွေ့ကြုံရမှ ဒုဂ္ဂတိဘုံကလွတ်ပြီး သုဂတိဘုံကို ရောက်နိုင်တာပဲလို့ ဆုံးဖြတ်ချက် မချစေချင်သေးပါ။ အဘယ့်ကြောင့်ဆိုသော် ရတနာသုံးပါးကို နှလုံးသားထဲတွင် အသက်သေသည်အထိ စွဲမြဲယုံကြည်သွားမည်ဆိုလျှင်ပင် ထိုသူ့အတွက် နတ်ရွာသုဂတိကိုတော့ အလွယ်တကူရောက်နိုင်သောကြောင့် ဖြစ်ပါသည်။ သာဓကပြပါအံ့။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းတွင် သီတင်းသုံးနေတော်မူစဉ်အခါကပင် ဖြစ်ပါသည်။ အရေအတွက်ခုနစ်ရာခန့်ရှိသော ကုန်သည်တစ်စုသည် မြားလောက်မြန်သော သင်္ဘောကြီးတစ်စင်းဖြင့် ကုန်ရောင်းကုန်ဝယ်ကိစ္စအတွက် ပင်လယ်ခရီးထွက်ခဲ့ကြသည်။

ခုနစ်ရက်ခန့်အကြာမှာပင် ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးထဲတွင် မုန်တိုင်းမိကြပါတော့သည်။ တောင်လုံးမကကြီးမားသော လှိုင်းလုံးတို့၏ဒဏ်ကြောင့် သင်္ဘောပေါ်တွင် ရေများပြည့်သထက်ပြည့်လာရာ သင်္ဘောကြီးကား နစ်မြုပ်ဖို့ရာ (၉၉) ရာခိုင်နှုန်းသေချာသွားပေပြီ။ “သဗ္ဗေဘာယန္တိ မစ္စုနော–သတ္တဝါတို့သည် သေခြင်းဘေးမှ ကြောက်လန့်ကြသည်”ဟူသော ဒေသနာအတိုင်း။

သင်္ဘောပေါ်တွင်ပါလာသော ခုနစ်ရာသော ကုန်သည်တို့သည် မိမိတို့ကိုးကွယ်သော နတ်များ၊ ဘိုးတော်များ၊ ဘုရားများကို ရော်ရမ်းမှန်းဆတမ်းတ တိုင်တည်ကာ ကယ်မဖို့အကြောင်း အကူအညီ တောင်းကြလေသည်။ သေဘေးကနီးကပ်နေပြီဖြစ်သည့်အတွက် လည်း ရိုးရိုးအော်ဟစ်ရုံဖြင့်မပြီးတော့ဘဲ သင်္ဘောကြီးပေါ်တွင် ဟိုပြေးဒီပြေးဖြင့် ရှုပ်ယှက်ခတ်နေပါတော့သည်။

ထိုအချိန်မှာပင် အံ့ဩစရာကောင်းသော သင်္ဘောသား တစ်ယောက်ကို ပြေးလွှားအော်ဟစ်နေကြသော ကျန်သင်္ဘောသား ခုနစ်ရာတို့က သတိထားမိသွားကြသည်။ သူတို့တစ်တွေ ကြောက် လန့်တကြား ဣန္ဒြေမဆည်နိုင်အောင် ပြေးလွှားအော်ဟစ်နေချိန်တွင် ၎င်းသင်္ဘောသားကတော့ တင်ပလ္လင်ခွေထိုင်ကာ မျက်လွှာကိုချလျက် ငြိမ်သက် တည်ကြည်စွာရှိနေသည်မှာ သူတို့တစ်တွေအတွက် အံ့ဩ စရာ ဖြစ်နေပေပြီ။

ထို့ကြောင့်လည်း တည်ကြည်ငြိမ်သက်လျက်ရှိသည့် သင်္ဘော သားထံသို့ ကျန်သင်္ဘောသားခုနစ်ရာတို့ ချဉ်းကပ်ကာ သေဖို့ရာ မကြောက်ခြင်း၏ အကြောင်းကို မေးမြန်းကြလေပြီ။

"မိတ်ဆွေ ကျွန်ုပ်တို့တစ်တွေမှာ သေဘေးကို ကြောက်လှတဲ့ အတွက် ပြေးလွှားအော်ဟစ်နေတဲ့အချိန်မှာ မိတ်ဆွေကတော့ တည်ကြည်ငြိမ်သက်လှပါတယ်။ မိတ်ဆွေမှာ သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲတဲ့တရားရှိတယ်လို့ ထင်ပါတယ်၊ ဟုတ်ပါသလား"

"ရှိပါတယ် မိတ်ဆွေများ"

"သို့ဖြစ်လျှင် ဘယ်လိုတရားများဖြစ်သည်ကို ကျွန်ုပ်တို့အား ရှင်းပြစမ်းပါ"

"မိတ်ဆွေတို့၊ အကျွန်ုပ်ဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ပါတယ်။ ကျွန်ုပ်ယခုလိုခရီးမထွက်ခင်မှာ သံဃာတော်များကို

အိမ်မှာပင့်ပြီး ဆွမ်း၊ သင်္ကန်းများလှူဒါန်းကာ သရဏဂုံသုံးပါးနဲ့ ငါးပါးသီလကို ဆောက်တည်ခဲ့ပါတယ်။ သရဏဂုံနဲ့ငါးပါးသီလ မြဲတဲ့သူဟာ အပါယ်ငရဲကို ဘယ်တော့မှ မကျနိုင်ဘူးဆိုတာ ဗုဒ္ဓ ဟောကြားထားတော်မူပါတယ်။ ကျွန်ုပ်ဆောက်တည်ခဲ့တဲ့ သရဏဂုံ သုံးပါးနဲ့ ငါးပါးသီလဟာလဲ ယခုအချိန်ထိ ဖြူစင်သန့်ရှင်းလျက်ရှိပါ တယ်။ ဒီသရဏဂုံနဲ့ ငါးပါးသီလကြောင့် အကျွန်ုပ်ဟာ မိတ်ဆွေတို့ မြင်သလို သေခြင်းတရားကို ရဲရဲကြီးရင်ဆိုင်ဝံ့ခြင်းဖြစ်ပါတယ်။

သင်္ဘောသား ခုနစ်ရာတို့ကား အားကိုးရာအမှန်ကို သိမြင် သွားကြလေပြီ။ သို့နှင့်–

"မိတ်ဆွေ အချိန်လဲ သိပ်မရှိတော့ပါ၊ သင်္ဘောကြီးလဲ ပင်လယ်ထဲနစ်ပါတော့မယ်။ မိတ်ဆွေရဲ့ သေခြင်းတရားကို ရင်ဆိုင် ရဲတဲ့သရဏဂုံနဲ့ ငါးပါးသီလကို ကျွန်ုပ်တို့အား ဆောက်တည်ပေး လို့ရရင် ဆောက်တည်ပေးပါ" ဟု တောင်းပန်ကြသဖြင့် ဗုဒ္ဓဘာသာ ဝင် သင်္ဘောသားက ကျန်ဘာသာခြားသင်္ဘောသားများကို တစ်သုတ် လျှင် (၁၀၀)စီခွဲပြီး သရဏဂုံနှင့် ငါးပါးသီလကို ဆောက်တည် ပေးပါသည်။

ဤနေရာ၌ သင်္ဘောသားခုနစ်ရာတို့သည် လောကတွင် အမြတ် ဆုံးသော ဆရာသုံးပါးတွင် တစ်ပါးကို မှီဝဲဆည်းကပ်မိသွားခြင်း ပင်။ အမြတ်ဆုံးသော ဆရာသုံးပါးကို ဓာတောင်ပုလုဆရာတော် ဘုရားကြီး ဟောကြားခဲ့သည်မှာ–

လောကတွင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟူ၍ အနန္တေ၁အနန္တ ငါးပါးရှိရာတွင် ဆရာဆိုတာသိပ်အရေးကြီးတယ်။ ဆရာအပေါင်းများရင် တစ်သံသရာလုံး မှောက်တတ်တာကြောင့် သတိထားရမယ်။

မိမိကို သရဏဂုံတည်စေသောဆရာသည် ပထမဆရာ၊ မိမိကို သောတာပန်တည်စေသော ဆရာသည် ဒုတိယဆရာ၊ မိမိကို ရဟန္တာတည်စေသောဆရာသည် တတိယဆရာ။

ဟူ၍ဖြစ်ပါသည်။ ထိုအမြတ်ဆုံးသော ဆရာက သင်္ဘောသား ခုနစ်ရာတို့အား သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်ပေးနေရာ-

ပထမသုတ်ဆောက်တည်ပေးစဉ်မှာပင် ရေက ခြေမျက်စိ ရောက်လာလေပြီ။ ဒုတိယအသုတ် ဒူးခေါင်း၊ တတိယအသုတ် ခါးလယ်၊ စတုတ္ထအသုတ် ချက်၊ ပဉ္စမအသုတ် ရင်ညွန့်၊ ဆဋ္ဌမအသုတ် လည်မျို၊ သတ္တမအသုတ် ဆောက်တည်ပေးချိန်တွင်ကား ပင်လယ် ရေများ ပါးစပ်အထိရောက်လာသဖြင့် ဗလုံးဗထွေးဖြင့် မပြီး ပြီးအောင် ဆောက်တည်ကြရပါသည်။

ခုနစ်ရာလုံး ဆောက်တည်ပြီးသည်နှင့် ခေါင်းဆောင် သင်္ဘောသားက "မိတ်ဆွေတို့ မိမိတို့ဆောက်တည်ထားတဲ့ သရဏဂုံနှင့် ငါးပါးသီလကိုသာ အောက်မေ့နေကြပါ" ဟု တိုက်တွန်းအပြီးမှာ တင် သင်္ဘောကြီးလဲ ပင်လယ်တွင်း စုန်းစုန်းမြုပ်သွားသဖြင့် ခေါင်းဆောင် သင်္ဘောသားနှင့်တကွ ကျန်သင်္ဘောသား ခုနစ်ရာလုံး သေပွဲဝင်ကြရပါသည်။

သို့သော် သူတော်ကောင်းမိတ်ဆွေကို ဆည်းကပ်ရပြီး သရဏဂုံနှင့် ငါးပါးသီလကို ဆောက်တည်ခဲ့ကြရသော တစ်ခဏ တာကုသိုလ်လေးကြောင့် တာဝတိံသာနတ်ဘုံတွင် ရွှေဗိမာန်အသီးသီး ဖြင့် နတ်သားများဖြစ်ကြရပါသည်။ သူတော်ကောင်း မိတ်ဆွေကို ပေါင်းရ၍ သရဏဂုံနှင့် ငါးပါးသီလမြဲကြပါစေသော်။

**မှတ်ချက်။** ။ဒေဝတာသံယုတ်ပါဠိတော်၊ သမ္မိသုတ်ကို မှီငြမ်းပြု ရေးဖွဲ့ပါသည်။

## သိဒ္ဓိပြီးလိုလျှင်

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုသာ အားထားကြ၊ မေတ္တာပွားကြ၊ လိုရာသိဒ္ဓိပြီးမြောက်မည်။ သိဒ္ဓိဆိုတာ ပြီးမြောက်ပြည့်စုံတာကိုခေါ်တာ၊ ပြီးပြည့်စုံအောင်ဆိုတာ လုပ်သင့်၊ လုပ်ထိုက်တာတွေကို လုပ်ရတယ်။ ဒါန၊ သီလ၊ ဘာဝနာ မပါဘဲ အလိုလို မပြီးနိုင်ဘူး။

(သာမညတောင်ဆရာတော်)

## ဗုဒ္ဓအလိုကျ အဆင်းတန်ဆာ

လက်၏တန်ဆာသည် လက်စွပ် လက်ကောက် မဟုတ်၊ ပေးကမ်း စွန့်ကြဲခြင်းသာ။

နား၏တန်ဆာသည် နားကပ် နားဋောင်းမဟုတ်၊ တရားဓမ္မနာကြားခြင်းသာ။

ကိုယ်၏အဆင်းတန်ဆာသည် ဘယက်ဒွါဒရာမဟုတ်၊ မေတ္တာကရုဏာဖြင့် သူတစ်ပါးအကျိုးဆောင်ရွက်ခြင်းသာ။

(သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ)

* * *

# ၁၅။ သူပုန်မတိုး သရဏဂုံတန်ခိုး

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ အရှေ့ဘက်၊ ကမ္ဘောဇစေတီတော် ရင်ပြင်တွင် ရပ်စကားပြောနေကြသည်က ဘာသာရေးကျမ်းပြု ဆရာကြီး တက္ကသိုလ် သျှင်သီရိနှင့် ဒေသခံရှမ်းအမျိုးသားကြီး စဝ်နွံကြည်တို့ပင် ဖြစ်ပေသည်။

"ဆရာကြီးရေ ကျွန်တော် ဒီအသက်အရွယ်ထိအသက်ရှင် နေရတာ သရဏဂုံးသုံးပါးရဲ့ကျေးဇူးပေါ့ဗျာ"

"ဟာ–သရဏဂုံအကြောင်း ကိုယ်တွေ့ဆိုရင် ပြည့်ပြည့်စုံစုံ လေးပြောပြစမ်းပါဦး၊ စာဖတ်ပရိသတ်တွေကိုလဲ တင်ပြရတာပေါ့"

"ဟုတ်ကဲ့ပြောပြပါ့မယ်၊ ကျွန်တော်ဟာ အရွယ်ကောင်းစဉ် တုန်းက သောင်းကျန်းသူအဖွဲ့ဝင်တစ်ယောက်ပေါ့ဗျာ၊ နောက်တော့ အေးအေးချမ်းချမ်း နေချင်တာနဲ့ တပ်မတော်မှာ လက်နက်ချပြီး အလင်းဝင့်ခဲ့ပါတယ်"

"ကျွန်တော် အလင်းဝင်ပြီးတာနဲ့ ရွာဦးကျောင်းဆရာတော် ဆီကိုအရင်ရောက်အောင်သွားပြီး ဆုံးမဩဝါဒခံယူပါတယ်။ ဆရာ တော်က စဝ်နွံကြည်–မင်းပေါ့ပေါ့မနေနဲ့၊ ဥပစ္ဆေဒကကံနဲ့ မသေချင် ရင် ရတနာသုံးပါးရဲ့တပည့်ခံပြီး သရဏဂုံသုံးပါးကို အချိန်ရ

သလောက်ပွားများ ဆောက်တည်ပါလို့" ဩဝါဒပေးတော်မူလိုက်ပါတယ်"

"ကျွန်တော်လဲ ဆရာတော်ကြီးဆီက အဆုံးအမရပြီးကတည်းက သရဏဂုံသုံးပါးကို ဘယ်တော့မှ အမေ့မခံတော့ပါဘူး၊ သတိရတိုင်း ရွတ်ဖတ်သရဇ္ဈာယ်ဆောက်တည်ပါတယ်။ အနက် အဓိပ္ပာယ်တွေကိုလဲ ဆရာတော်က သေချာသင်ပြပေးထားလို့ ရွတ်ဆိုပွားများရတာ အင်မတန်ကို ပီတိဖြစ်ရပါတယ်"

"အဲဒီလိုနဲ့နေလာခဲ့တာ တစ်နေ့မှာတော့ ဟောဒီကမ္ဘောဇစေတီပေါ်မှာ သရဏဂုံပုတီးစိပ်ရင်း စိတ်ထဲမှာ ငြိမ်းချမ်းတဲ့ အရသာကို နှစ်သက်တာနဲ့ ကျိုင်းတုံမြို့ထဲမပြန်တော့ဘဲ စေတီပေါ်မှာပဲ အိပ်လိုက်ပါတယ်"

"မှေးမှေး မှေးမှေးနဲ့ အိပ်ပျော်သွားလိုက်တာ ည နာရီပြန် တစ်ချက်လောက်လို့ထင်တာပဲ၊ လူတစ်ယောက်က လှုပ်နှိုးသလို ခံစားလိုက်ရတာနဲ့ လန့်နိုးသွားတယ်။ မျက်စိဖွင့်ကြည့်လိုက်တော့ အသက်ကြီးကြီးအဘိုးကြီးတစ်ယောက်ကို တွေ့ရပါတယ်။

အဲဒီအဘိုးကြီးက "ဟေ့ကောင် စဝ်နွံကြည်၊ မင်းက အိပ်ကောင်းနေ၊ စေတီပတ်လည်မှာ သောင်းကျန်းသူတွေ မင်းကို သတ်ဖို့ဝိုင်းနေကြပြီ၊ လာလာ ငါ့နောက်ကလိုက်ခဲ့၊ ပြေးပေါက်က တစ်ခုပဲရှိတော့တယ်" လို့ပြောပြီး ကျွန်တော့်ကို တစ်ခါတည်း ခေါ်သွားတော့တာပါပဲ။

အဘိုးကြီးနောက်က ကြောက်ကြောက်နဲ့ လိုက်သွားရင်း ဘေးဘီကို အကဲခတ်ကြည့်လိုက်တော့ ဟုတ်တာပေါ့ဗျာ၊ လက်နက်အပြည့်အစုံနဲ့ သောင်းကျန်းသူတွေ စေတီရှိရာကို လေးဘက်လေးတန် ဝိုင်းပြီး ချဉ်းကပ်လာတာကို လှမ်းမြင်နေရပါတယ်။

ကျွန်တော် ကျက်စားခဲ့တဲ့ သောင်းကျန်းသူဌာနကလူတွေပဲပေါ့။ သူတို့အမြင်မှာတော့ ကျွန်တော်ဟာ သစ္စာဖောက်တစ်ယောက်ပေါ့။ ကျွန်တော့်အမြင်ကတော့ သူရဲကောင်းပဲ။ မကောင်းတဲ့အလုပ်ကို မလုပ်ရသေးခင် ရှောင်တာထက် ပြုလုပ်နေကျ မကောင်းတဲ့အလုပ်ကို စွန့်ပြီး ကောင်းတဲ့အလုပ်လုပ်ရဲဖို့က တော်တော်တန်တန် သတ္တိနဲ့ မရဘူးဗျ။

ဒါ့ကြောင့် မကောင်းတဲ့အလုပ်ကို ရဲရဲဝံ့ဝံ့စွန့်ရဲသူတွေကို ကျွန်တော်က သူရဲကောင်းလို့ပြောရတာပါ။ ဒါနဲ့ ဆက်ကြပါစို့၊ ကျွန်တော်တစ်ခါမှမမြင်ဖူးတဲ့ ကျေးဇူးရှင်အဘိုးကြီးကို တစ်ချက်လှည့်ကြည့်ပြီး ကျိုင်းတုံမြို့ထဲထိ ရောက်အောင် သုတ်ခြေတင်ရတော့တာပေါ့။

မနက်မိုးလင်းမှပဲ တပ်မတော်စစ်ကြောင်းက လိုက်ရှင်းလို့ သောင်းကျန်းသူတွေလဲတောထဲကို ပြန်ပြီးဆုတ်ခွာသွားကြပါတယ်။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်တွေ့မို့ သရဏဂုံသုံးပါးမှတစ်ပါး အခြား အားကိုးစရာကို မမြင်မိတော့ပါဘူး။ ပြီးတော့ ရွာဦးကျောင်းဆရာတော်လို သူတော်ကောင်းကို မှီဝဲဆည်းကပ်မိတာကလဲ ကျွန်တော့်အဖို့ ပစ္စုပ္ပန်ရော သံသရာပါ ကောင်းဖို့ဖြစ်လာတော့တာပေါ့။

သူတော်ကောင်းနှင့်ပေါင်းသင်းမှ ပစ္စုပ္ပန်သံသရာမြင့်မြတ်သည်။ စဥ့်ကျောက်သည် ရွှေနှင့်ရောချက်လျှင် ရွှေရောင်တောက်သည်။ မီးသွေးခဲသည် မီးကျီးခဲရဲရဲနှင့်ရောလျှင် မီးကျီးခဲရဲရဲဖြစ်လာသည်။

ပေါက်ဖတ်သည်သော်လည်း မြတ်လေးပန်းကိုအမှီရ၍ လူ့ဦးခေါင်းပေါ်၌ တက်ရောက်ရ၏။ မြေခွေးသည်သော်လည်း ခြင်္သေ့မင်းကို ခစား၍ ကျားမလိုက်နိုင်။

သူကန်းသည်သော်လည်း ခြေသံနားထောင်၍ လိုရာအရပ် ရောက်သေးသည်။ သူတော်ကောင်းမြေမှုန့်ကိုယ်၌ကပ်လျှင် အပါယ် မကျနိုင်။ မသူတော်၏ဂုဏ်အလုံးစုံသည် သူတော်ကောင်း၏ ဂုဏ်တစ်စိတ်ကို မမှီ။

(ပထမရွှေကျင်ဆရာတော်ဘုရားကြီး)

## တစ်ကမ္ဘာလုံး ငြိမ်းချမ်းချင်လျှင်

လူသားတိုင်း ဗုဒ္ဓဘာသာဝင်ဖြစ်သင့်သည်။ လူ သားတိုင်းက ဗုဒ္ဓ၏ မြတ်သောတရားဓမ္မကို သက်ဝင်ယုံကြည်လာကြလျှင် ကမ္ဘာကြီး ပို၍ ကောင်းမွန်လာမည်။ ငြိမ်းချမ်းရေးခေါင်းလောင်းသံများ ပို၍ မြည်လာမည်။

(ပြင်သစ်သတင်းစာဆရာကြီး မစ္စတာရီနီလာပေါ့လ်)

* * *

## ၁၆။ မမှန့်တမှန် သရဏဂုံ

ကောင်းကင်တစ်ပြင်လုံး မည်းမှောင်လျက်ရှိနေပြီ။ တဝေါဝေါ တဝုန်းဝုန်းမြည်ဟည်းလျက်ရှိသော နလုံးတုန်စရာ အသံဆိုးကြီးများကိုလည်း ဘယ်ဟာက လှိုင်းသံ၊ ဘယ်ဟာက လေသံဟူ၍ မခွဲခြားနိုင်တော့ပါ။ သင်္ဘောကပ္ပတိန်ကိုယ်တိုင်လည်း ကြောက်လန့်တကြား ဟိုဟိုဒီဒီပြေးလွှားနေတာကို လှမ်းမြင်နေရသဖြင့် သူ့ကိုလည်း အားကိုးလို့ မရတော့မှန်း ကျွန်တော် သဘောပေါက်လိုက်ပါသည်။

လှိုင်းလုံးကြီးများက တင်ပေးလိုက်သော ပင်လယ်ရေများ၏ အလေးချိန်ကြောင့် သင်္ဘောဦးပိုင်းပင် စ၍နစ်နေလေပြီ။ သင်္ဘောကြီး ပင်လယ်ရေထဲနစ်မြုပ်ဖို့ကတော့ (၉၉) ရာခိုင်နှုန်း သေချာသလောက်ရှိနေပါပြီ။ လွယ်လွယ်တော့ လက်မြှောက်အရှုံးမပေးနိုင်။ ယောကျ်ားတို့လုံ့လ သေခါမှလျှော့ဟူသော အလောင်းတော် မဟာဇနကမင်းသား၏ စိတ်ဓာတ်အတိုင်း အသက်ကယ်လှေတစ်စင်းကို ကြိုးဖြင့်ဖြည်းဖြည်းချင်း ပင်လယ်တွင်းချလိုက်သည်။

ယခုအချိန်မှာတော့ တစ်ယောက်ကိုတစ်ယောက် ဘယ်လိုမှ မကယ်နိုင်တော့ပါ။ အသက်ကယ်လှေပေါ်ရောက်သည်နှင့် သင်္ဘောကြီးနှင့် အဝေးဆုံးနေရာကို အမြန်ဆုံးလှော်ခတ်ထွက်လိုက်သည်။ သင်္ဘော

ကြီးနစ်မြုပ်သောအချိန်တွင် မိမိလှေက တော်တော်ဝေးဝေးကို ရောက်နေမှဖြစ်မည်။

အဘယ့်ကြောင့်ဆိုသော် သင်္ဘောနစ်မြုပ်သောအရှိန်ကြောင့် ရေပြင်ပေါ်တွင် ကြီးမားသော ဝဲဂယက်ကြီးဖြစ်လာသည်။ ထိုဝဲဂယက်ကြီးက အနီးအနားမှာရှိသည့် အရာဝတ္ထုအားလုံးကို သင်္ဘောကြီးနှင့်အတူ ပင်လယ်ရေအောက်ကြမ်းပြင်ထိ ပို့ဆောင်ပေးတတ်သောကြောင့်ပင်။

ကျွန်တော့်အသက်ကယ်လှေလေး တော်တော်ဝေးဝေးရောက်သောအခါမှပင် ကျွန်တော်တို့၏ ပင်လယ်ကူးသင်္ဘောကြီး ရေအောက်သို့တဖြည်းဖြည်းချင်းနစ်မြုပ်သွားသည်ကို ကျွန်တော်တွေ့မြင်လိုက်ရသည်။ လှိုင်းလေလည်း အတော်လေးငြိမ်သွားပြီဖြစ်လို့ ပင်လယ်တွင်းနစ်မြုပ်သေရမည့်ဘေးက လက်မတင်လေး လွတ်ခဲ့ပြီဖြစ်လို့ သက်ပြင်းတစ်ခုကိုတော့ ကျွန်တော် မသက်မသာ ချလိုက်မိသည်။

ကျွန်တော်ရဲ့သင်္ဘောသားသက်တမ်းအတွင်း ပထမဆုံးနှင့်အဆိုးဆုံးတွေ့ကြုံရသော မုန်တိုင်းတစ်ခုပင်။ ရေနစ်သေမည့်ဘေးမှ လွတ်ခဲ့ရသော်လည်း အစာငတ်ရေငတ်ဖြစ်ပြီး သေမည့်ဘေးကတော့ ကျွန်တော် လွတ်ပါဦးမလား။

သုံးလေးရက်ရှိခဲ့ပြီဖြစ်သော်လည်း ဘာအစာရေစာကိုမှ ကျွန်တော် မစားမသောက်ရ။ ကယ်ဆယ်မည့်သင်္ဘောကြုံလေး တွေ့လိုတွေ့ငြား အရပ်လေးမျက်နှာ အားကိုးတကြီး ကြည့်လိုက်မိသော်လည်း သင်္ဘောနှင့်တူသော အရိပ်အယောင်ကိုပင် မတွေ့ရ။ ငါးရက်ကျော်လာသည်နှင့် တင်းထားသမျှစိတ်တွေလည်း အလိုလိုလျှော့ကျသွားပြီဖြစ်လို့ အရိုးပေါ်အရေတင် ကျွန်တော့်ခန္ဓာကိုယ်က လှေဝမ်းထဲတွင် ပုံလျက်ခွေခွေလေးလဲနေပါပြီ။

ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကြီးထဲတွင် လှေတစ်စင်းဖြင့် မျောချင်ရာမျောနေသော ကျွန်တော့်အဖြစ်ထက် လောကတွင် ဝမ်းနည်းစရာအကောင်းဆုံးအရာမရှိနိုင်တော့ဟုပင် ထင်မိပါတော့သည်။ အသက်ကိုပင် မနည်းအားယူပြီး ရှူနေရသောကျွန်တော့်အတွက် အသက်ရှင်စရာလမ်းကတော့ သိပ်မမြင်တော့။

ထိုအခိုက်မှာပင် လှေနောက်ပိုင်းပေါ်သို့ တစ်စုံတစ်ယောက် ခုန်တက်လိုက်သလို သိမ့်ခနဲဖြစ်သွားသဖြင့် မရှိမဲ့ရှိမဲ့အားလေးဖြင့် မျက်စိကိုအားယူ၍ ဖွင့်ကြည့်လိုက်ရာ ဖြူဖြူအကောင်ကြီး တစ်ကောင်ကိုသာ ဝိုးတဝါးမြင်လိုက်ရသည်။ သေချာတော့ မကွဲပြား၊ စိတ်ထဲက အတိအကျသိနေသည်ကတော့ ၎င်းသတ္တဝါကြီးသည် ကျွန်တော့်အသက်ကို အရယူတော့မည့်အချက်ပင်။

သေဘေးကို ကြောက်လန့်သောစိတ်ကြောင့် မျက်စိများပြာလာပြီး ဇောချွေးများပင် ပြန်လာပါသည်။ ၎င်းဖြူဖြူသတ္တဝါကြီးကား ကျွန်တော်ရှိရာ တစ်လှမ်းချင်းတိုးလာနေပါပြီ။ ကျွန်တော့်တစ်သက်နှင့်တစ်ကိုယ် ယခုဖြစ်ရပ်ထက် ကြောက်စရာကောင်းသောအဖြစ် တစ်ကြိမ်မှ မကြုံဖူးသေးပါ။

ခုလိုတကယ့်သေဘေးနဲ့ကြုံလာပြီဆိုတော့ ကျွန်တော်အားကိုးအထင်ကြီးခဲ့သည့် သိပ္ပံပညာနဲ့ လောကီဘွဲ့ဂုဏ်ထူးများဟာ ဘာအားကိုးစရာမှ မဟုတ်တော့ပါလား။ ရေနစ်နေတဲ့သူဟာ ကောက်ရိုးတစ်ပင်ကိုသော်လည်း အားကိုးတကြီးဆွဲထားတတ်ကြတယ်ဆိုတဲ့စကားအတိုင်း တကယ့်သေဘေးနဲ့ကြုံလာပြီဖြစ်တဲ့ ကျွန်တော်ဟာ မသေခင်မှာ သရဏဂုံသုံးပါးကို ဆောက်တည်ချင်လာပါတယ်။

"နမော ဗုဒ္ဓဿ" ရွတ်လိုက်မိတာနဲ့ ဘီလူးစားမယ့်ဘေးက လွတ်ခဲ့ရတဲ့ ထင်းခွေသားအဖအကြောင်းကလည်း စိတ်ထဲအလိုလို

ဝင်လာပါတယ်။ တကယ်တော့ "နမောဗုဒ္ဓသ" ရွတ်တဲ့ကလေးလေး ဟာ ဗုဒ္ဓဘာသာမဟုတ်ပါဘူး၊ မိစ္ဆာဒိဋ္ဌိလေးပါ။ တစ်နေ့မှာ ကလေး တို့ဘာသာဘာဝ ဗုဒ္ဓဘာသာကလေးတစ်ယောက်နဲ့ ဂုံညင်းထိုးတန်း ကစားကြပါတယ်။

ဗုဒ္ဓဘာသာကလေးက ဂုံညင်းထိုးတဲ့အခါတိုင်း "နမောဗုဒ္ဓသ လို့ဆိုပြီး ထိုးတာကြောင့် အမြဲတမ်းပဲ နိုင်နေပါသတဲ့။ ဒါနဲ့ မိစ္ဆာဒိဋ္ဌိကလေးဟာ ဗုဒ္ဓဘာသာမဟုတ်သော်လည်း ဂုံညင်းနိုင်ချင် တာနဲ့ "နမောဗုဒ္ဓသ"ကို ရအောင်သင်ပြီး အမြဲတမ်းရွတ်နေခဲ့တာပါ။ အခုဘီလူးက စားရအောင် ခြေထောက်ကိုလာဆွဲတဲ့အခါမှာလည်း ယောင်ပြီး "နမော ဗုဒ္ဓသ"လို့ ရွတ်မိတာပါ။

မိစ္ဆာဒိဋ္ဌိကလေးတစ်ယောက်တောင် ဘာမသိ၊ ညာမသိနဲ့ ရွတ်ခဲ့တဲ့ "နမောဗုဒ္ဓသ"က စွမ်းခဲ့သေးရင် ရတနာသုံးပါးလုံးပါတဲ့ သရဏဂုံသုံးပါးကို ဆောက်တည်ရှိခိုးလိုက်ရင် ပိုပြီးတောင် အန္တရာယ် ကင်းရမယ်ဆိုတဲ့အတွေး ဝင်လာတာနဲ့တစ်ပြိုင်နက် ရှိသမျှအားလေး ခြစ်ခြုတ်ထုတ်ပြီး မြန်မာလို သရဏဂုံဆောက်တည်လိုက်ပါတယ်။

ဘုရားကိုးကွယ်ပါ၏၊ တရားကိုးကွယ်ပါ၏၊ နောက်တစ်မျိုး ကျွန်တော်မဆိုတတ်တော့ပါ။ သို့သော် မကောင်းဆိုးဝါးကြီးကား တွန့်ခနဲနောက်ဆုတ်သွားသည်ကို ကျွန်တော်သတိထားလိုက်မိသည်။ ထို့ကြောင့် အားတက်လာပြီး နောက်ဆုံးတစ်ပါးကို သေချာမဆို တတ်သော်လည်း ဆွမ်းခံကြွတဲ့ဘုန်းကြီးများကို အမှတ်ရလာတာနဲ့ ဘုန်းကြီးကိုးကွယ်ပါ၏လို့ ဆိုလိုက်မိပါတော့တယ်။ ဘုန်းကြီး ဆိုတာလဲ သံဃာထဲပါတာပဲဆိုတော့ ကျွန်တော်ဆိုတာကို မှားတယ် လို့ မဆိုနိုင်သလို၊ အကုန်မှန်တယ်လို့လဲ မဆိုနိုင်ဘူးပေါ့။ ကျွန်တော့်

အဖြစ်နဲ့ဆင်ဆင်တူတဲ့ အိမ်ဘေးက ကလေးတစ်ယောက်အကြောင်းကို သွားတွေးမိလို့ မချိုပြုံးပြုံးမိသေးတယ်။

တစ်နေ့ အဲဒီကလေးငယ်လေး ကျောင်းကပြန်ရောက်ရောက်ချင်း အဖေဖြစ်သူကို လှမ်းပြောတယ်။

“အဖေ ဒီနေ့ ဆရာမက ကျွန်တော်တို့ သူငယ်တန်းတွေကို ဉာဏ်စမ်းသချ်ာမေးတာ တစ်တန်းလုံးမှာ ကျွန်တော်ပထမရတယ်”

“ဆရာမက ဘာများမေးတာတုံး သားရဲ့”

“ကုလားအုပ်မှာ ခြေထောက် ဘယ်နှစ်ချောင်းပါတုံးလို့ မေးတာ”

“အဲဒါ သားက ဘယ်နှစ်ချောင်းလို့ ဖြေလိုက်တုံး”

“သုံးချောင်းလို့ ဖြေလိုက်တယ်လေ”

“ဟ–သားဖြေတာ အမှားကြီးပဲ၊ ကုလားအုပ်ဆိုတာ ခြေထောက် လေးချောင်းရှိတာပဲဟာ၊ သားဖြေတာ မှားရက်သားနဲ့ သားက ဘာဖြစ်လို့ ပထမရတာလဲ”

“ဟာ–ဖေဖေကလဲ ကျန်တဲ့ကျောင်းသားတွေအားလုံးက နှစ်ချောင်းချည်းပဲဖြေကြတော့ သုံးချောင်းဖြေတဲ့သားက အနီးကပ်ဆုံး အမှန်ဖြစ်တယ်ဆိုပြီး ပထမရခဲ့တာပေါ့” ဟူ၏။

ယခုလည်း ကျွန်တော့်အဖြစ်က ထိုကလေးနှင့် ဘာမှ သိပ်မထူးတော့။ သို့သော် သရဏဂုံအစွမ်းကား အံ့မခန်းစရာပါလား။ မမှန့်တမှန် သရဏဂုံလေးကို ကျွန်တော်ဆောက်တည်ပြီးသွားသည်နှင့် မကောင်းဆိုးဝါးကောင်ကြီး လှေပေါ်ကနေ ရေထဲကို ဝုန်းခနဲခုန်ချသွားတာကို ကျွန်တော် တွေ့လိုက်ရပါတယ်။

ဒီနောက်တော့ ကျွန်တော် သတိလစ်သွားတာပါပဲ။ သတိရလို့ ဘေးဘီကိုကြည့်လိုက်တော့ အကောင်းစား မွေ့ယာ ကော်ဇော

တွေပေါ်မှာ ကျွန်တော်အိပ်နေတာတွေ့ရတာပါပဲ။ ပင်လယ်ထဲ အစာငတ်သေပြီး သရဏဂုံတန်ခိုးကြောင့် နတ်ပြည်များရောက်နေသလားလို့ ထင်လိုက်မိပါသေးတယ်။

ကျွန်တော်သတိရပြီး လှုပ်ရှားလိုက်တာနဲ့ တစ်ပြိုင်နက် ဆရာဝန်တွေရော၊ ဆရာမတွေရော၊ အစိုးရဝန်ထမ်းတွေရော တော်တော်များများ ဝမ်းသာအားရ ပြေးလာကြပါတယ်။ နောက်မှ သေချာသိရတာက ကျွန်တော်ရောက်နေတာ နတ်ပြည်မဟုတ်ပါဘူး၊ အင်ဒိုနီးရှားနိုင်ငံအတွင်းမှာ ပါဝင်တဲ့ ဂျာဗားကျွန်းပေါ်ကိုရောက်နေတာပဲဖြစ်ပါတယ်။

သရဏဂုံသုံးပါးရဲ့ကျေးဇူးကြောင့် ကျွန်တော့်အသက်ကယ်လှေလေးဟာ ဂျာဗားကျွန်းအနီးကို ရောက်လာလို့ ယခုလိုကယ်ဆယ်ပြီး ပြုစုထားတာပါတဲ့။ နောက်တော့ ကျွန်တော့်ကို မြန်မာမှန်းသိသွားကြလို့ မြန်မာသံရုံးနဲ့အဆက်အသွယ်လုပ်ပြီး ရန်ကုန်အရောက်ပြန်ပို့ပေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်ပြောချင်တာက မမှန့်တမှန်ရွတ်ဆိုဆောက်တည်တဲ့ သရဏဂုံတောင် ဒီလောက်အစွမ်းထက်နေရင်–

အနက်အဓိပ္ပာယ်ကိုသိပြီး ကျကျနန ရွတ်ဆိုဆောက်တည်တဲ့ သရဏဂုံဆိုရင် ဘယ်လောက်ထိ စွမ်းမယ်ဆိုတာ ကလေးအတွေးနဲ့ တွေးကြည့်ရင်ပဲသိလောက်ပါပြီ။

**မှတ်ချက်။** ။ဓမ္မဒူတတွင် ဖော်ပြဖူးသော သင်္ဘောသားတစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်ကို ပြန်လည်တန်ဆာဆင်ရေးဖွဲ့ပါသည်။

## ကရုဏာ သက်တယ်
## ဘာထရန် ရပ်ဆယ်

နှစ်ပေါင်းများစွာ ငြိမ်းချမ်းခြင်းတရားကို
ငါရှာခဲ့ပါတယ်။
ငါတွေ့ရတာက စိတ်လှုပ်ရှားမှုတွေ
နာကြည်းမှုတွေသာပဲ။
မိုက်မဲခြင်းတွေကိုလဲ တွေ့ခဲ့ရတယ်။
အထီးကျန်တဲ့စိတ်က ငါ့အသည်းနှလုံးကို
တမြည့်မြည့်ဝါးချေနေတာလဲ တွေ့ရတယ်။
ဒါပေမယ့် ငြိမ်းချမ်းရေးတရားကိုတော့
ငါမတွေ့ခဲ့ရဘူး။
အခုတော့ အသက်တွေလဲကြီးလို့ သေခါနီးပြီ
မင်းနဲ့ငါ မေတ္တာမျှကြလို့ အတူနေခဲ့ကြတယ်
အခုလဲ နေကြဆဲပဲ ။
မင်းနဲ့အတူနေစဉ် ကာလအတွင်းမှာ
ကြည်နူးမှုတွေ ငြိမ်းချမ်းခြင်းတွေကို တွေ့ခဲ့ပါတယ်။
အနားယူခြင်းသဘောကို ငါသိပြီ။
အထီးကျန်ဘဝအဖြစ်နဲ့ နေလာခဲ့တာကြာလေတော့
ဘဝဆိုတာဘာလဲ၊ မေတ္တာဆိုတာဘာလဲဆိုတာ ငါသိပြီ။
အခု ငါအိပ်ပျော်သွားရင်
အပြီးတိုင်ပဲအိပ်ရတော့မယ်။

(ဒဿနပညာရှင် ဘာထရန်ရပ်ဆယ်က ဇနီးသည်
အီဒစ်သို့ ရည်ညွှန်း၍ ရေးသောကဗျာ)
ဘဝအဓိပ္ပာယ်ကိုရှာဖွေခြင်း၊ နှာ–၁၇။

ရုပ်လောကတိုးတက်သော နေရာတွင် ဒဿနပညာရှင်ကြီး အဖြစ် ထင်ပေါ်ကျော်ကြားသော်လည်း ဗုဒ္ဓဘာသာမှာရှိသော တကယ့်ချမ်းသာစစ်ကို မတွေ့ရသဖြင့် ညည်းညူနေပုံမှာ သနားဖွယ် ကောင်းလှသဖြင့် ကရုဏာသက်တယ် ဘာထရန်ရပ်ဆယ်ဟု ခေါင်းစဉ် တပ်လိုက်ခြင်းဖြစ်ပါသည်။

* * *

# ၁၇။ သရဏဂုံစွမ်းရည် အသက်ရှည်

ဒေါ်ခင်မေနေထိုင်သည်က ရွှေပြည်သာမြို့ ၅/၅ ရပ်ကွက်၊ နှင်းဆီပန်းခြံ။ ယခု ဒေါ်ခင်မေ၏အသက် (၆၀)ကျော်ခဲ့ပါပြီ။ "သရဏဂုံသုံးပါးသာ မစွဲမြဲခဲ့ရင် အဒေါ့်အသက်ဟာ (၄၀)အရွယ်ကတည်းက သေနေပါပြီ" ဟု ဒေါ်ခင်မေက အိမ်နီးနားချင်းများကို မကြာခဏ ပြောပြလေ့ရှိသည်။ ဒေါ်ခင်မေပြောပြမည်ဆိုလျှင်လည်း ပြောပြချင်စရာပင်။

ဒေါ်ခင်မေအသက်(၄၀)ခန့်အရွယ်က သေလုမျောပါး ရောဂါတစ်ခုဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တက်ခဲ့ရသည်။ ရောဂါပြင်းထန်လွန်းအားကြီးသဖြင့် ရုတ်တရက်မေ့မျောသွားခဲ့ရသည်။ ဒေါ်ခင်မေ၏ ဝိညာဉ်က ခန္ဓာကိုယ်မှခွာကာ ဆေးရုံကြီးအတွင်း လှည့်ပတ်ကြည့်ရှုနေမိသည်။

ထိုအခါကျမှ ဘုရားဟောထားသည့် တရားတော်များ မည်မျှမှန်ကန်လှကြောင်းကို လက်တွေ့မြင်တွေ့ရပါတော့သည်။ အဘယ့်ကြောင့်ဆိုသော် ဆေးရုံဝင်းကြီးအတွင်းတွင် လူအရေအတွက်ထက် သရဲ၊ တစ္ဆေ၊ ပြိတ္တာ အရေအတွက်က အဆပေါင်းများစွာ သာလွန်နေသောကြောင့်ပါတည်း။ မွေ့ကထိကဆရာတော်တစ်ပါး ဟောကြား

သော တရားသံလေးက ဒေါ်ခင်မေနှားထဲတွင် တဝဲဝဲနှင့် ကြားယောင်လာမိသည်။

"ဒကာ ဒကာမတို့ အသေမြတ်ချင်ရင် သေနည်း သင်မှရမယ်၊ ရွှေထီးကြီးမိုးပြီး သေရသော်လဲ အပါယ်ကျတယ်ဆိုရင် အသေမြတ်တယ်မခေါ်ဘူး၊ လမ်းဘေးမှာသေရတာဖြစ်သော်လည်း သုဂတိဘုံရောက်ရင် ဒါ အသေမြတ်တယ်လို့ ခေါ်ရမှာပဲ"

"ဒကာ ဒကာမတွေကို ဒုက္ခအပေးဆုံး တရားကတော့ စွဲလမ်းတပ်မက်တဲ့ လောဘတရားပဲ၊ လောဘဟာ ပရမတ္ထတရား ဖြစ်လို့ ဘယ်တော့မှ မဖောက်ပြန်မပြောင်းလဲဘူး၊ ဘယ်လို မဖောက်ပြန် မပြောင်းလဲသလဲဆိုတော့ လောဘရဲ့သဘောဟာ လိုချင်တပ်မက်ခြင်းပဲ"

"ခွေးသန္တာန်မှာဖြစ်လဲ လိုချင်တပ်မက်မှာပဲ၊ လူ့သန္တာန်မှာဖြစ်လဲ လိုချင်တပ်မက်မှာပဲ၊ နတ်သန္တာန်မှာဖြစ်လဲ လိုချင်တပ်မက်မှာပဲ၊ လိုချင်တပ်မက်ခြင်းသဘောက ဘယ်သောအခါမှ မဖောက်ပြန်ဘူး"

"လောဘဟာ လိုချင်တပ်မက်ခြင်းသဘောက ဘယ်တော့မှ မဖောက်ပြန်သလို လောဘကိုလက်ခံထားတဲ့သူမှန်သမျှကိုလည်း တစ္ဆေ၊ သရဲလို့ခေါ်တဲ့ ပြိတ္တာဘုံကို ပို့ပေးခြင်းအလုပ်ကနေ ဘယ်တော့မှ ဖောက်ပြန်လိမ့်မယ်မဟုတ်ဘူး"

"လူပုဂ္ဂိုလ်တွေမဆိုထားနဲ့၊ ဘုရားလက်ထက်က တိဿရဟန်းကြီးတောင် မိမိစွဲလမ်းတဲ့သင်္ကန်းခေါက်ထဲမှာ (၇) ရက်တိတိ သန်းပြိတ္တာဖြစ်ရသေးတယ်မဟုတ်လား၊ အဲဒါကြောင့် ပြိတ္တာဘုံ မရောက်ချင်ရင် လောဘကို ကြပ်ကြပ်ကြီး ထိန်းသိမ်းကြ"

"ဪ–ဘုရားတရားတော်တွေဟာ အမြဲတမ်းမှန်ကန်နေတာပါပဲလား" ဟူသောအတွေးနှင့်အတူ ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်ကြည့်လိုက်မိပြန်သည်။ ဆေးရုံခုတင်တွေအောက်နှင့် ထုတ်တန်းတွေပေါ်ပါမကျန် သရဲတစ္ဆေများ ပြည့်ကျပ်နေသည်ကို တွေ့ရသည်။ သူတို့ကိုကြည့်ပြီး မိမိကိုယ်တိုင်ပင် စိတ်ကျဉ်းကျပ်သလိုဖြစ်လာသဖြင့် ဆေးရုံကြီးခြံဝင်းကြီးထဲ ဆင်းလျှောက်လိုက်မိသည်။

ဆင်းလျှောက်ရင်းမှပင် ငါကိုယ်တိုင်လဲ သေပြီး ပြိတ္တာများဖြစ်နေပြီလားဟုတွေးလိုက်မိသဖြင့် ရင်ထဲတွင် သိမ့်ခနဲနေအောင်ခံစားလိုက်ရသည်။ လူ့ဘဝတန်ဖိုးကိုလည်း တော်တော်နားလည်သွားသည်။ ထိုစဉ်မှာပင် မိမိကို လှမ်းပြောသလိုအသံမျိုးကြားရသဖြင့် သေချာနားစွင့်ကြည့်လိုက်ရာ–

"နင်မသေသေးဘူး၊ လူ့ပြည်မှာ နေရမယ့်ကံတွေရှိနေသေးတယ်၊ လျှောက်သွားမနေနဲ့၊ အန္တရာယ်ရှိတယ်၊ နင့်ခန္ဓာကိုယ်ရှိတဲ့နေရာပြန်သွားတော့"

ဟူသော အသံကိုကြားသဖြင့် အသံလာရာ သစ်ပင်မြင့်ကြီးထက်သို့ မော့်ကြည့်လိုက်ရာ ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ရုက္ခစိုးနတ်ကြီး ဖြစ်ရမည်ဟုမှန်းဆမိသည်။ သတိပေးတာကို ကျေးဇူးတင်မိသော်လည်း စကားကိုတော့ နားမထောင်မိ။ အသွင်သစ်၊ အမြင်သစ်နှင့် အံ့ဩစရာများချည်း ဖြစ်နေသည့်အတွက် ဆေးရုံကြီးတစ်ပတ်လုံး လှည့်ကြည့်ချင်စိတ်ပေါက်လာမိသည်။

သို့နှင့် လှည့်ပတ်ကြည့်ရှုနေရာ တစ်နေရာအရောက်တွင်ကား အရုပ်ဆိုးဆိုးပြိတ္တာငါးယောက်ခန့်က ဒေါ်ခင်မေကို ဝိုင်းဝန်း ချုပ်ကိုင်လိုက်ကြပြီးလျှင်–

"မင်း ငါတို့နဲ့တစ်ခါတည်းလိုက်ခဲ့၊ ဟိုမှာတွေ့လား၊ အဲဒီထဲမှာ တစ်သက်လုံးနေရမယ်" ဟု တစ်ယောက်ကပြောပြီး လက်ညှိုးထိုးပြသဖြင့် လှမ်းကြည့်လိုက်ရာ ခပ်ဝေးဝေးနေရာ တစ်ခုသော ရွှေရောင်တောက်နေသော လိုဏ်ဂူကြီးတစ်ခုကို လှမ်းမြင်နေသည်။

သို့သော် ဒေါ်ခင်မေ့စိတ်ထဲတွင် ထိုနေရာသို့ လုံးဝ သွားချင်စိတ်မရှိ။ သို့သော် ထိုပြိတ္တာငါးယောက်က သူ့ကို မလှုပ်နိုင်အောင် ချုပ်ကိုင်ထားကြသည်။ ဒေါ်ခင်မေက ရှိသမျှအားနှင့် ရုန်းကြည့်သေးသည်၊ ဘယ်လိုမှမရ။ ဒီကြားထဲခေါင်းဆောင်ပြိတ္တာ ပြောလိုက်သောစကားက အသဲတုန်ရင်တုန် ဖြစ်စရာကောင်းလှသည်။ သူပြောလိုက်သည်က–

"ဟေ့ကောင်တွေ–တော်တော်လေးကြာအောင်ဆွဲထားကြဟေ့၊ သိပ်မလိုတော့ဘူး၊ မကြာခင်မှာ သူ့ခန္ဓာနဲ့သူနဲ့ အဆက်ပြတ်တော့မှာ" တဲ့။ မည်မျှကြောက်စရာကောင်းသော စကားပါနည်း။ ဤနေရာ၌ စိတ်ပညာစာအုပ်တစ်အုပ်တွင်ဖတ်ရသော "နာမ်လွင့်ခြင်း"ဟူသော အကြောင်းလေးကို ယခုဖြစ်ရပ်နှင့် ဆက်စပ်စဉ်းစားနိုင်ရန် အနည်းငယ် တင်ပြပါမည်။

ထိုစာအုပ်တွင် နာမ်လွင့်ခြင်းဟူသောအခန်း၌ ရေးထားသည်မှာ အမျိုးသားတစ်ယောက်သည် လေ့ကျင့်ထားသော စိတ်ပညာ၏ အစွမ်းဖြင့် ညညရောက်လျှင် သူ၏နာမ်ကို ရုပ်မှခွာကာ ကမ္ဘာအရပ်ရပ်သို့ လှည့်ပတ်ခါလျှောက်သွားလေ့ရှိသည်။ သို့သော် သတ်မှတ်ထားသော ပြန်ရောက်သင့်သည့်အချိန်မှာတော့ မိမိခန္ဓာကိုယ်ရှိရာသို့ ပြန်ရောက်ရသည်။

တစ်နေ့တွင်မတော့ ထိုသူသည် အလည်လွန်သွားပြီး ပြန်ရောက်သင့်သည့်အချိန်တွင် ခန္ဓာကိုယ်ဆီ ပြန်မရောက်သဖြင့် အပြီးတိုင်

သေဆုံးသွားခဲ့ရသည်။ နောက်တစ်နေ့မနက် သူ့အလောင်းကိုတွေ့မှ သေဆုံးမှန်းသိကြရသည်။ ယခုဖြစ်ရပ်တွင်လည်း မကောင်းဆိုးဝါးများက ဒေါ်ခင်မေကို သူ့ခန္ဓာကိုယ်နှင့် အဆက်ပြတ်သွားရန်၊ တစ်နည်းအားဖြင့် အပြီးတိုင်သေသွားရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ထင်ရှားလှပါသည်။

ဒေါ်ခင်မေစိတ်ထဲတွင်လည်း ဤပုံစံအတိုင်းဆိုလျှင် နောက်တစ်ခဏကြာလျှင်ပင် မိမိသေဆုံးရတော့မည်ဖြစ်ကြောင်း အလိုလိုသိနေသည်။ ဤမကောင်းဆိုးဝါးများလက်မှ လွတ်အောင် ဘာကိုအားကိုးရမည်နည်း။ ဟော–သတိရပါပြီ၊ ဘုရား၊ တရား၊ သံဃာ သရဏဂုံသုံးပါးရှိနေတာပဲ၊ တခြားဘာအားကိုးစရာများ ရှာစရာလိုဦးမလဲ။

ရတနာသုံးပါးကို ကြည်ညိုအားထားသော သဒ္ဒါစိတ်တို့က ပြည့်လျှံသည်အထိဖြစ်လာသည်။ တစ်ခဏမျှမဆိုင်းတော့ပါ။ ဆရာတော်များ ဆောက်တည်ပေးထားသည့်အတိုင်းပင် သရဏဂုံသုံးပါးကို ရွတ်ဆိုဆောက်တည်လိုက်ပါတော့သည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

သရဏဂုံသုံးပါး ဆောက်တည်ပြီးသည်နှင့်တစ်ပြိုင်နက် ဒေါ်ခင်မေကို ချုပ်ကိုင်ထားကြသော မကောင်းဆိုးဝါးများမှာ တစ်စုံတစ်ယောက်က ဆွဲယူကိုင်ပေါက်ပစ်လိုက်သကဲ့သို့ သူမနှင့် ခပ်ဝေးဝေးနေရာများဆီသို့ အော်ဟစ်ညည်းညူရင်း လွင့်စင်ကျသွားသည်ကို တွေ့မြင်လိုက်ရတော့သည်။ အချုပ်အနှောင်မှလွတ်သွားပြီဖြစ်သော ဒေါ်ခင်မေတစ်ယောက် မိမိခန္ဓာရှိရာ ဆေးရုံထဲသို့ ဒရောသောပါး ပြေးဝင်ရတော့သည်။

မိမိခန္ဓာကိုယ်နားရောက်သည်နှင့် တစ်စုံတစ်ယောက်က တွန်းလှဲလိုက်သလို ခန္ဓာကိုယ်ပေါ်လဲကျသွားသည်ကိုပဲ သတိထားလိုက်မိသည်။ ခဏအကြာမှာပင် ဒေါ်ခင်မေသတိပြန်ရလာခဲ့ပြီ။ သတိရလာတော့ ဒေါ်ခင်မေကိုကြည့်ပြီး အနားမှာစောင့်နေကြသည့် ခင်ပွန်းနှင့် သားသမီးများကို ဆရာဝန်ကြီးပြောလိုက်သောစကားက–

"လူနာရော ခင်ဗျားတို့ရော အားလုံးကံကောင်းတယ်ဗျာ၊ နောက်ထပ် ငါးမိနစ်ရှိတဲ့အထိ သတိပြန်မလည်ရင် ဒီလူနာ အသက်ရှင်စရာအကြောင်းမရှိတော့ဘူး" ဟူ၏။ ဒေါ်ခင်မေတစ်ယောက် သရဏဂုံစွမ်းရည်ဖြင့် အသက်ရှည်ခဲ့ခြင်းပါတကား။

## အားလုံး အဆင်ပြေစေချင်လျှင်

လူတိုင်းလူတိုင်းမှာ အဆင်ပြေမှု၊ အဆင်မပြေမှုဟူ၍ နှစ်မျိုးရှိရာ အဆင်ပြေမှုဟူသမျှသည် မိမိပြုခဲ့ဖူးသော ကုသိုလ်၏ ကောင်းသောအကျိုးဖြစ်သည်၊ အဆင်မပြေမှုဟူသမျှသည်မိမိပြုခဲ့သော အကုသိုလ်၏ မကောင်းကျိုးပင်ဖြစ်သည်။

ကုသိုလ်သည် ကြီးပွားချမ်းသာခြင်းစသော ကောင်းကျိုးကို ပေးတတ်သဖြင့် အေးမြသောရေနှင့်တူ၏။ အကုသိုလ်သည် ဆင်းရဲဒုက္ခရောက်ခြင်း၊ ပျက်စီးခြင်းစသော မကောင်းကျိုးကိုပေးတတ်သဖြင့် မီးနှင့်တူ၏။ အဆင်မပြေမှုဟူသော အကုသိုလ်မီးလောင်သောအခါ စိတ်ပူစိတ်ညစ်နေလျှင်–

အကုသိုလ်မီး ပို၍လောင်မည်သာဖြစ်၏။ သို့ဖြစ်၍ စိတ်ပူခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဝမ်းနည်းခြင်းစသည့် အကုသိုလ်မီးတောက်လောင်သောအခါ စိတ်ကို အေးအေးထား၍

ကုသိုလ်တည်းဟူသောရေဖြင့် နိုင်နိုင်လောင်းပေးလျှင် ထိုမီးငြိမ်းရမည်အမှန်ဖြစ်လေသည်။

သို့ဖြစ်၍ အဆင်မပြေမှုနည်း၍ အစဉ်မပြတ် အဆင်ပြေစေလိုလျှင် အဆင်ပြေစေတတ်သော ကုသိုလ်ကို များနိုင်သမျှ များများပြုလုပ်ပေးဖို့ ဩဝါဒစကား မိန့်ကြားအပ်ပါသတည်း။

(ကမ္ဘာ့သာသနာပြု အရှင်သေဋ္ဌိလာဘိဝံသ၊
ဗုဒ္ဓ၏တရားအဆီအနှစ်များ စာအုပ်မှ)

* * *

## ၁၈။ သရဏဂုံဂါထာ ဘေးရန်ကွာ

"သဝေမပါ ကိုးဂါထာ"ဟူသော စကားလေးသည် ဗုဒ္ဓဘာသာဝင်တို့လောကတွင် လူသိများလှပါသည်။ သို့သော် ရှားရှားပါးပါး မသိသူတချို့တလေလဲရှိနေပါသေးသည်။ ထိုသူများအတွက် အနည်းငယ် ရှင်းရလျှင် သရဏဂုံသုံးပါးကို ကိုးခေါက်ကိုးခါ ရွတ်ဆိုလိုက်လျှင် ဂါထာကိုးပုဒ် ဖြစ်သွားပါတော့သည်။

သရဏဂုံသုံးပါး ပါဠိကိုဆန်းနည်းအရစစ်ကြည့်လျှင် ဂါထာထဲပါနေသောကြောင့်ဖြစ်ပါသည်။ ၎င်းသရဏဂုံသုံးပါးဂါထာကား ဂါထာမှန်သမျှတို့တွင် အမြတ်ဆုံး အကောင်းဆုံးဟု ဆိုရပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓ၏ရွှေနှုတ်တော်က ကိုယ်တော်တိုင်လှစ်ဟပြီး ဟောကြားတော်မူထားသောကြောင့် ဖြစ်ပေသည်။

ထို့ပြင် ဗုဒ္ဓဘာသာသို့ သက်ဝင်ကူးပြောင်းလာသူမှန်သမျှ ၎င်းသရဏဂုံသုံးပါးကို မဖြစ်မနေ ရွတ်ဆိုဆောက်တည်ကြရပါသည်။ သရဏဂုံတည်နေသည့်အချိန်တွင် ဗုဒ္ဓဘာသာဝင်ဖြစ်နေသလို သရဏဂုံပျက်သည်နှင့် ဗုဒ္ဓဘာသာဝင်အဖြစ်မှ တစ်ခါတည်းလျှောကျပြီးဖြစ်သွားပါတော့သည်။

ယခုတင်ပြမည့် ကြည့်မြင်တိုင်မှ ဦးကြည်မှာ မိဘဆရာသမားကောင်းတို့၏ကျေးဇူးကြောင့် ငယ်ရွယ်စဉ်ကတည်းကပင် သရဏဂုံ

သုံးပါးကိုစွဲမြဲယုံကြည်ခဲ့သည်။ ထမင်းစားခါနီးတိုင်း သရဏဂုံကိုးခေါက်ရွတ်ပြီးမှ စားသည်။ မျက်နှာသစ်ခါနီးတွင်လည်း သရဏဂုံကိုးခေါက်ရွတ်ပြီးမှသာ သစ်သည်။

တစ်နေ့တွင် ကိစ္စတစ်ခုဖြင့် ကြည့်မြင်တိုင်နှင့် တစ်ဖက်ဘူတာကြားသံလမ်းမှ ဖြတ်ကူးရာ သံလမ်းအလယ်ခေါင်အရောက်တွင် ကြီးမားထွားကျိုင်းသော လက်ကြီးတစ်ဖက်က လာရောက်ဆုပ်ကိုင်လိုက်သကဲ့သို့ခံစားရပြီး သံလမ်းအလယ်မှ ရွှေ့မရတော့ပါ။ ရှိသမျှအားကုန်ထုတ်ပြီး ရုန်းသော်လည်း သံလမ်းအလယ်ကောင်တည့်တည့်မှ တစ်လက်မမှ ရွှေ့မရခဲ့။

ထိုအချိန်မှာပင် ဝင်လာသော ရထား၏ အချက်ပေးဥသြသံကြောင့် ဦးကြည်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သည်အထိ ကြောက်ရွံ့ထိတ်လန့်သွားတော့သည်။ ပုထုဇဉ်လောကတွင် သေဘေးကိုမကြောက်သူကား မရှိသည် မဟုတ်ပါလား။ ချွေးသံတရွှဲရွှဲဖြင့်အားထည့်ရုန်းလေ လှုပ်မရလေဖြင့် ဦးကြည်ကား အမောဆိုက်နေရှာပါပြီ။

ဤနေရာတွင် လူလေးယောက်ခန့် ရထားကြိတ်သေဖူးသည်ကို သတိရလိုက်သဖြင့် ပို၍ပင်တုန်လှုပ်သွားရသည်။ လူတွေမကြာခဏ ရထားကြိတ်ခံသေရခြင်းမှာ ယခုလို မကောင်းဆိုးဝါးတို့၏ လုပ်ကြံမှုကြောင့် အများဆုံးဖြစ်နိုင်ကြောင်း ဦးကြည် သတိထားမိသွားသည်။ ဝင်လာသော ရထားကိုပင် လှမ်းမြင်နေရပါပြီ။

တစ်ခုပဲရှိတော့သည်။ ထိုတစ်ခုကား မိမိပွားများနေကျသရဏဂုံကို ရွတ်ဆိုပွားများဆောက်တည်ရန်သာဖြစ်ပါတော့သည်။ ဦးကြည်တစ်ယောက် တခြားဘာအာရုံမှမထားတော့ဘဲ လက်အုပ်

လေးကို ချီလိုက်သည်။ ရထားကလည်း မိမိဆီရောက်ဖို့ ကိုက် သုံးဆယ်လောက်သာ လိုတော့သည် မဟုတ်လား။

လက်အုပ်ချီပြီးသည်နှင့်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ–တတိယမ္ပိ ဟူ၍ ဆောက်တည်လိုက်သည်။

သရဏဂုံသုံးပါး ဆောက်တည်အပြီးမှာပင် ဦးကြည်၏ ခန္ဓာကိုယ်သည် အပေါ်သို့ လေးငါးခြောက်ပေလောက်တက်သွားပြီး သံလမ်းဘေးသို့ အလိုလိုရောက်သွားပါတော့သည်။ ဦးကြည် သံလမ်း ဘေးရောက်အသွားမှာပင် ဝင်လာသော ရထားကြီးကလည်း ဦးကြည် ရပ်ခဲ့သောနေရာလေးကို အရှိန်နှင့်ကျော်ဖြတ်သွားပေတော့သည်။ အသက်ဘေးက လက်မတင်လေးလွတ်သွားခဲ့ရသည့် အကြောင်းကား သရဏဂုံဂါထာကြောင့် ဘေးရန်ကွာခဲ့ရခြင်းပင် မဟုတ်ပါလား။

## သတ္တဝါတွေ ကယ်နိုင်တယ်ဆိုတာ

တပည့်များ ငါတို့ခေတ်စခန်းကို လာကြတဲ့အခါ စိတ်အေး ချမ်းသာစွာနေကြ၊ ရတနာသုံးပါးကို ဆည်းကပ်ကြ။ ပုတီးစိပ်ကြ၊ ဝိဇ္ဇာကို မျှော်မနေကြနဲ့၊ ဘုရားရှေ့မှာ ဝိဇ္ဇာကွယ်မနေကြနဲ့။

ဝိဇ္ဇာက မင်းတို့ကို မကယ်နိုင်ဘူး၊ ရတနာသုံးပါးကသာ ကယ်နိုင်တယ်။

(မင်းဘူး၊ မယ်ဘော့ကုန်းခေတ်စခန်းမှ ဘိုးတော် ဘိုးထွန်းအောင်)

(ဝိဇ္ဇာရေ ဘဒ္ဒန္တ ပဏ္ဍိတထေရုပ္ပတ္တိ

နိဒါန်းစာမျက်နှာ ၇ မှ ကောက်နုတ်ချက်)

## သာသနာဖျက် အနုပညာ မဖြစ်ပါစေနှင့်

ခုခေတ်ပန်းချီဆရာအချို့က လေးစားအပ်သော ဗုဒ္ဓရုပ်ပုံတော်ကို လေးစားရမှန်းမသိကြတော့ဘူး၊ စာနယ်ဇင်းများတွင် သူတို့ရေးချင်သလိုရေးလေ့ရှိကြတဲ့ ရယ်ရွှင်ဖွယ် ရုပ်ပြောင်တွေနှင့် တစ်တန်းစားတည်းထားပြီး ရေးကုန်ကြပြီ။

နောင်လာနောက်သားတွေက ဒီသရုပ်ပျက်ပုံတွေကြည့်ပြီး ဘုရား တရားကို ကြည်ညိုတတ်ကြတော့မှာ မဟုတ်ဘူး။ အဲဒါဟာ ပေါ့ပေါ့ယူဆလို့မဖြစ်ဘူး၊ သာသနာပျက်ခြင်းရဲ့ ကြီးစွာသော အကြောင်းကြီးတစ်ရပ် ဖြစ်တယ်။

(ဆဋ္ဌသင်္ဂါယနာဩဝါဒါစရိယ၊ ဟင်္သာတမြို့၊
မြစ်ကွေ့ဆရာတော် တောင်တန်းဆရာတော်
ကိုယ်တွေ့မှတ်တမ်း-၂၊
အတုယူမှားနေသောဗုဒ္ဓရုပ်ပုံတော်များ ဆောင်းပါးမှ)

* * *

## ၁၉။ သရဏာဂုံရှင်

လောကီအခေါ် ယုံကြည်ချက်၊ လောကုတ္တရာအခေါ် သဒ္ဓါတရားသည် လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် အရေးတကြီးလိုအပ်သောတရားတစ်ခုပင်။ လောကီရေးရာ အောင်မြင်မှုအတွက် ယုံကြည်ချက်အရေးကြီးပုံသာဓက ဖြစ်ရပ်လေးနှစ်ခုကို သတိတရတင်ပြချင်ပါသည်။ ပထမတစ်ခုမှာ ဆရာကြီး ဦးသုခ၏ ကိုယ်တွေ့တစ်ခုပင်။

ဆရာကြီးတို့အရပ်တွင် ဓားပြီး တုတ်ပြီး နာမည်ကြီးသော ရှမ်းဘုန်းကြီးတစ်ပါး ပေါ်ခဲ့ဖူးသည်။ ဆရာကြီး၏ သူငယ်ချင်းတစ်ယောက်သည် ရှမ်းဘုန်းကြီးထံမှ ဓားပြီး တုတ်ပြီး ဆေးနှစ်မျိုးလုံး ရထားသဖြင့် ဆရာကြီးတို့လူငယ်အုပ်စုထဲတွင် နာမည်ကြီးဖြစ်နေခဲ့သည်။ ပြီးဆေး ရပြီးစနေ့က ဆရာကြီးအပါအဝင် သူ၏သူငယ်ချင်းများကို လက်တွေ့စမ်းသပ်စေခဲ့သည်။

ဝါးရင်းတုတ်ဖြင့် နောက်စေ့ကို အားရပါးရ ရိုက်လိုက်သောအခါ တုတ်၏လွှဲအားကြောင့် အရိုက်ခံရသူမှာ ရှေ့သို့ ဟပ်ထိုးပင်လဲကျသွားခဲ့သည်။ သို့သော် ခေါင်းတွင် ဘာဒဏ်ရာမှမရ။ လက်မောင်းကို ဓားမြှောင်ဖြင့် စိုက်ထိုးလိုက်သောအခါတွင်လည်း အသားထဲ

ဓားဦးကတော့ နစ်ဝင်သွားခဲ့သည်။ သို့သော် ဓားပြန်နုတ်လိုက်သည်နှင့် အသားက ချက်ချင်းပြန်စေ့သွားခဲ့သည်။

လက်တွေ့ဖြစ်သောကြောင့် ဆရာကြီးတို့ သူငယ်ချင်းတစ်တွေမှာ အံ့သြချီးကျူးမဆုံးဖြစ်ကြရသည်။ ယုံကြည်ချက်ကြောင့် ပြီးတာဆိုသည်ကိုတော့ နည်းနည်းမှ မစဉ်းစားမိခဲ့ကြ။ တစ်နေ့တော့ ယုံကြည်ချက်စွမ်းအားကို သိကြရပါပြီ။ နာမည်ကြီးလှသော ရှမ်းဘုန်းကြီးမှာ ရွာထဲမှ အမျိုးသမီးတစ်ဦးနှင့် လိုက်ပြေးသွားသဖြင့် မကောင်းသတင်းက ဟိုးလေးတကျော်ကျော် ဖြစ်သွားခဲ့သည်။

စိတ်အထိခိုက်ဆုံးဖြစ်ရသူကတော့ တုတ်ပြီး ဓားပြီးဆေးရထားသော သူငယ်ချင်းပင်။ သူအထင်တကြီး အားကိုးယုံကြည်ထားသော ဆရာဘုန်းကြီးက မိန်းမနှင့်လူထွက်သွားသဖြင့် လူကြားထဲပေါ်ပေါ်ထင်ထင် မနေရဲလောက်အောင်ပင် စိတ်ပျက်အားငယ်သွားရှာသည်။

ထိုဖြစ်ရပ်များအပြီး မကြာမီတစ်ရက်မှာပင် ဓာတ်ပွဲတစ်ပွဲတွင် ဆရာကြီးတို့ရွာသားများနှင့် တစ်ဖက်ရွာသားများ ရိုက်ပွဲဖြစ်ကြရာ တုတ်ပြီး ဓားပြီးနေသူဟု နာမည်ကြီးသည့် ဆရာကြီးတို့၏ သူငယ်ချင်းမှာ ခေါင်းကွဲသွားသဖြင့် လေးငါးချက်ချုပ်လိုက် ရသည်။

ထိုအခါကျမှ လေးစားအပ်သောဆရာနှင့် ဆေးအပေါ် တကယ်ယုံကြည်ချက်ကြောင့် တုတ်ပြီးဓားပြီးတာ ဖြစ်ကြောင်းကို ဆရာကြီးတို့တစ်တွေ လက်တွေ့သင်ခန်းစာရသွားခဲ့သည်။ နောက်တစ်ခုကာ စာရေးသူ မယ်တော်ကြီး၏ ဓားမန်းအစွမ်းဖြစ်ပါသည်။ မယ်တော်ကြီးသည် စစ်အတွင်း ကြီးပြင်းခဲ့ရသူဖြစ်သောကြောင့် စာမတတ်ရှာပါ

သို့သော် တရားပွဲရှိတိုင်း တရားနာခြင်း၊ ငယ်ငယ်လေးကတည်းက ဝတ်အသင်းတွင်ပါဝင်၍ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ခြင်းတို့ကြော

ဗုဒ္ဓဘာသာဝင်တစ်ယောက် ရရှိသင့်သည့် ဘုရားရှိခိုး၊ ဂါထာ၊ ပရိတ်အစရှိသည်တို့ကို တော်တော်များများ ရရှိသဖြင့် စာမတတ်ဟု ပြောလျှင် မည်သူမှမယုံချင်ကြပါ။

ထို့ပြင်စာရေးသူတို့ပင် မကြားနာဖူးသေးသော တရားတော် အချို့ကိုလည်း တစ်ပါးသူအား ပြန်လည်ဟောပြောနိုင်ခြင်းတို့ကြောင့် လူအတော်များများက စာတတ်ပေတတ်တစ်ယောက်ဟုသာ မှတ်ထင် ကြသည်။ ပြောပြချင်သည်က မယ်တော်ကြီး၏ ဓားမန်း အစွမ်း ပင်။ အကျိတ်အဖုနှင့်ပတ်သက်သောအနာမှန်သမျှကို ဓားမန်းပေး နိုင်သည်။

စာရေးသူတို့ကလေးဘဝကပင် မယ်တော်ကြီး၏ ဓားမန်းကို သုံးလေးကြိမ်လောက်ကြုံဖူးသည်။ စာရေးသူငယ်ငယ်က အပူအစပ် များများစားသဖြင့် သွေးစုနာမကြာခဏပေါက်လေ့ရှိသည်။ တစ်ခါ တရံ အကျိတ်ဖြစ်ကာစမှာ မယ်တော့်ဆီ သွားမန်းလိုက်လျှင် မန်းပြီးနောက်တစ်ရက်မှာပင် အကျိတ်မှာ မအောင်မြင်တော့ဘဲ ပြားချပ်ပြီးပျောက်သွားပါတော့သည်။

တစ်ခါတရံတွင်ကား အဆော့ဘက်အားသန်နေလျှင် ပေါက် ကာစ သွေးစုနာကိုပင် သတိမထားနိုင်ပါ။ ထိုအခါ အကျိတ် တော်တော်ကြီးရောင်နေမှ မယ်တော့်ကို မန်းခိုင်းရတော့သည်။

ထိုအခါမျိုးဆိုလျှင် မန်းပြီးနောက်တစ်ရက်မှာပင် အကျိတ် မှာ မှည့်ပြီး ယားလာကာ အနာဖေးလေးအလိုလိုတက်လာသည်ကို တွေ့ရသည်။ ထိုအနာဖေးလေးကို လက်နှင့်ခွာချလိုက်သည်နှင့် ညှစ်စရာပင် ကောင်းကောင်းမလိုတော့ဘဲ ပြည်နှင့် သွေးပုပ်များ အလိုလိုထွက်ကျပြီး ပျောက်ကင်းသွားပါသည်။

၁၃၅၄ ခုနှစ်ခန့်ကလည်း စာရေးသူ၏ကျောင်းမှ ရေဝတ အမည်ရှိ ကိုရင်လေးတစ်ပါးမှာ ညာဖက်မျက်ခွံထက်တွင် အဖုလေး တစ်လုံးပေါက်နေသဖြင့် နိုင်ငံခြားဆေး၊ မြန်မာဆေး၊ ဆရာဝန်၊ မြန်မာသမားတော်စုံနေအောင်ကုသော်လည်း ဘယ်လိုမှ မပျောက်နိုင် ဖြစ်နေသဖြင့် စာရေးသူမှာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေမိ သည်။

ထိုအချိန်မှာပင် မယ်တော်ကြီးက မန္တလေးမှ ရွှေပြည်သာသို့ အလည်ရောက်လာသဖြင့် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားခဲ့သည်။ ဘယ်လိုမှကုလို့မရသော ကိုရင်၏မျက်စိအကျိတ်ကို ကုရန်အတွက် မယ်တော်ကြီးအား ပြောရပါသည်။ ဓားမန်းတော့မည် ဆိုသည်နှင့် မယ်တော်ကြီးက ဘုရားအကျဉ်းရှိခိုးပြီး ငါးပါးသီလကို ဆောက် တည်လိုက်သည်။ ပြီးသည်နှင့် မန်းမည့်ဓားကို ပါးစပ်နားကပ်ပြီး–

"ကပ္ပိယံ ကရောဟိ၊ ကပ္ပိယံ ဘန္တေ"ကို ခုနစ်ခေါက်တိတိ ရွတ်ဆိုပြီးသည်နှင့် မန်းထားသော ဓားသွားဘက်ဖြင့် အကျိတ်အဖု ပေါ်တွင် ကြက်ခြေခတ်သဏ္ဍာန် ထိပေးပါသည်။ ဓားသွားဖြင့် ထိရုံသာ ထိခြင်းဖြစ်သော်လည်း လူနာမှာ ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းမြည် သကဲ့သို့ ခံစားရပါသည်။ မန်းပြီးစရက်တွင် အနာမှာ ပိုရောင် လာသဖြင့် အကြောင်းမသိလျှင် ပိုဆိုးလာသည်ဟု ထင်ရတတ်သည်။

အမှန်မှာထိုသို့မဟုတ်၊ ဓားမန်းအစွမ်းကြောင့် ငုပ်နေသော ရောဂါများ အကုန်ကန်ထွက်လာခြင်းဖြစ်၍ စိုးရိမ်ရန်မလိုကြောင်း မယ်တော်ကြီးကပြောပြပါသည်။ နောက်တစ်ရက်တွင် တစ်ကြိမ် ထပ်မန်းပြီးသည်နှင့် သုံးရက်အရမှာပင် နိုင်ငံခြားဆေး၊ မြန်မာဆေး လက်လျှော့ရသော ကိုရင်၏အကျိတ်မှာ လက်ဖြင့်ယူပစ်သလို ပျောက် ကင်းသွားသည်ကို ကိုယ်တွေ့ကြုံရပါသည်။

စားမန်းလိုချင်သောသူများကိုလည်း ချက်ချင်းသင်ပေးလိုက်သည်။ လုံးဝမေ့မစ္ဆရိယ၊ အသိတရားကို ဝန်တိုခြင်းမရှိပါ။ စားမန်းလေးမှာ လွယ်ကူလွန်းလှသောကြောင့် နည်းရသွားသောသူများမှာ ယုံကြည်မှုမရှိကြသောကြောင့်ထင်သည်။ ရပ်ကွက်ထဲတွင် တစ်စုံတစ်ယောက်မှစားမန်းပေးတာ မတွေ့ရပါ။ ဘယ်သူဖြစ်ဖြစ် မယ်တော့ဆီ လာမန်းတာကိုသာ တွေ့နေရပါသည်။

ဤနေရာ၌ ယုံကြည်ချက်အရေးကြီးပုံကို အတွေးအခေါ်ပိုင်းမှ ဆန်းစစ်ပြပါမည်။ "ကပ္ပိယံကရောဟိ၊ ကပ္ပိယံဘန္တေ"သည် ဘုရားဟော စစ်စစ်ဖြစ်၍ အစွမ်းအာနိသင်အပြည့်ရှိနေသည်ကတော့ သေချာပါသည်။ သို့သော် စားမန်းဖို့ဟောထားခဲ့သည်တော့ မဟုတ်။ ရဟန်းတော်များအနေဖြင့် အပင်ပေါက်စေနိုင်သည့် မျိုးစေ့ရှိနေသည့် အသီး များကို ကပ္ပိပြီးမှ (ဝါ) အပ်စပ်အောင်ပြုပြီးမှ စားကြရပါသည်။

ဥပမာ–ငရုတ်သီးကို အတောင့်လိုက်ကပ်ထားလျှင် ဘုဉ်းပေးမည့်ရဟန်းက "ကပ္ပိယံ ကရောဟိ= အပ်စပ်အောင် ပြုလော့"ဟု မိန့်လိုက်လျှင် ဒကာတစ်ယောက်ယောက်က "ကပ္ပိယံ ဘန္တေ= အပ်စပ်အောင် ပြုပါပြီဘုရား"ဟုလျှောက်ထားပြီး ကပ်ထားသော ငရုတ်သီးများစွာထဲမှ တစ်တောင့်လောက်ကို လက်သဲဖြင့်ဆိတ်လိုက်လျှင် ပန်းကန်ထဲမှ ငရုတ်သီးအားလုံး အပ်စပ်သွားပါတော့သည်။

ဘုရားဟော အာဏာစက် မည်မျှလောက်ပြင်းထန်သည်ကို သိလိုသော ကျမ်းပြုဆရာတော်၊ စာချဆရာတော်၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဖြစ်တော်မူသည့် ဓမ္မဒူတအရှင်ပညာဇောတသည် သံဃာများကပ်ရန် ပုံထားသော ကြံချောင်းပုံကြီးကို ဇောစောကနည်းဖြင့် ကပ္ပိခိုင်းလိုက်သည်။ ပြီးသည်နှင့် ကြံချောင်းပုံကြီးကို မစားဘဲ စိုက်ခိုင်းကြည့်ရာ ကြံတစ်ဆစ်မျှ အမြစ် အညွန့် အညှောက်မထွက်တော့ကြောင်း သိကြရပါသည်။

အမြစ်ထွက်ပြီး ပွားစီးနိုင်သောဗီဇဓာတ်သည် မြတ်စွာဘုရား၏ ဝိနည်းအာဏာဒေသနာကြောင့် ပျက်သုဉ်းသွားခဲ့ရခြင်းပင်။ ဤအချက်ကို တွေးမိကြသော ရှေးလူကြီးများက ဤနည်းဖြင့် အကျိတ်အဖုများကို မန်းလျှင် ဆက်စပ်မှုရှိသောကြောင့် ပျောက်နိုင်သည်ဟု ယူဆပြီး ဤဓားမန်းကို ထွင်ထားခဲ့ဟန်တူပါသည်။

လိုရင်းသိစေချင်သည်မှာ ဘုရားဟောခြင်းဖြစ်သောကြောင့် ဓားမန်းကစွမ်းသည်မှန်သော်လည်း ယုံကြည်ချက်ရှိသော မယ်တော်ကသာ ရောဂါပျောက်စေပြီး ယုံကြည်ချက်မရှိသောကြောင့် သင်သွားကြသူတို့မှာ တစ်ယောက်မှ မပျောက်ကြခြင်းဖြစ်ပေသည်။ ထို့ကြောင့် ယုံကြည်ချက်သည် လောကီကိစ္စမှာလည်း အရေးတကြီးလိုအပ်သည်ဟု ဆိုခဲ့ရခြင်းဖြစ်ပေသည်။

လောကုတ္တရာအရာ၌လည်း ယုံကြည်ချက်ခေါ် သဒ္ဓါတရားသည် အဓိကနေရာကပါဝင်နေကြောင်း ဗောဓိမင်းသားနှင့် ဗုဒ္ဓတို့၏ ဖော်ပြပါ အမေးအဖြေကို လေ့လာကြည့်ပါ။

"အရှင်ဘုရား၊ ဘုရားမြတ်ဟူသော ဆုံးမနည်း ညွှန်မည့် ပုဂ္ဂိုလ်ကိုရသောသူသည် ဘယ်လောက်ကြာမှ အရဟတ္တဖိုလ်ကို ရပါမည်နည်း"

"မင်းသား၊ ဤအရေး၌ သင့်ကိုပင် မေးရဦးမည်၊ သင် ဆင်စီး ချွန်းကိုင်အတတ်ကို တတ်သလော"

"တတ်ပါသည် ဘုရား"

"လူတစ်ယောက်သည် သင့်ထံ ဆင်စီးချွန်းကိုင်အတတ်ကို သင်မည်ဟုလာ၏။ ထိုသူကား ယုံကြည်မှုလည်းမရှိ၊ ကျန်းလဲ မကျန်းမာ၊ ကောက်ကျစ်လှည့်ဖြားတတ်သူလဲဖြစ်၏။ ပျင်းလဲပျင်း၏၊ ဘဏ်လဲမရှိ၊ ထိုသူဖြစ်မြောက်အောင် သင်နိုင်ပါမည်လော"

"ဤငါးပါးအနက် တစ်ပါးပါးနှင့်ပြည့်စုံနေလျှင်ပင် သင်နိုင်မည်မဟုတ်ပါ၊ ငါးပါးလုံးပြည့်စုံလျှင်ကား ဆိုဖွယ်မရှိတော့ပါ"

"တစ်ယောက်သော်ကား-

ယုံကြည်ချက်ရှိသူ၊

ကျန်းမာသူ၊

ဖြောင့်မတ်သူ၊

မပျင်းမရိကြိုးစားတတ်သူ၊

ဉာဏ်ရှိသူဖြစ်၏၊ ထိုသူကား သင်ကြားတတ်မြောက်နိုင်ပါမည်လော"

"ထိုသူမျိုးမှာ တစ်ခုခုသောအင်္ဂါနှင့်ပြည့်စုံလျှင်ပင် သင်ကြားတတ်မြောက်နိုင်ပါသည်။ ငါးပါးလုံးပြည့်စုံပါမူကား ဆိုဘွယ်မရှိတော့ပါ"

"မင်းသား၊ ထို့အတူပင် တရားအားထုတ်သူဖြစ်ကြောင်းအင်္ဂါ (ပဓာနိယင်္ဂ)များကား ငါးပါးရှိသည်။ ထိုငါးပါးကား-

၁။ ဘုရား၌ယုံကြည်သောသဒ္ဓါရှိခြင်း၊

၂။ ကျန်းမာခြင်း၊

၃။ မစဉ်းလဲ၊ မလှည့်ဖြား၊ မိမိအဖြစ်မှန်ကို တင်ပြတတ်ခြင်း၊

၄။ အားထုတ်မှုရှိခြင်း၊

၅။ ပညာရှိခြင်းတို့ဖြစ်၏။

ဤတရားငါးပါးနှင့် ပြည့်စုံသော် တရားလျင်မြန်စွာရနိုင်၏" ဟု ဟောကြားတော်မူခဲ့ပါသည်။

(မဇ္ဈိမပဏ္ဏာသ၊ ဗောဓိရာဇကုမာရသုတ်၊ ၂၉၇)

ဖော်ပြပါတို့ကို ထောက်ထားပြီး စာရှုသူအနေဖြင့် ရတနာသုံးပါးအပေါ် ယုံကြည်အားကိုးမှု သဒ္ဓါတရားသာ ကြီးကြီးမားမား

ရှိမည်ဆိုလျှင် ဘေးဆိုးအန္တရာယ်ဆိုးအမျိုးမျိုးမှ လွတ်ကင်းနိုင်ပုံ သာဓကတစ်ခုကို တင်ပြပါဦးမည်။ သူ၏အမည်က ဇာတာထဲမှာတော့ အင်္ဂါသားဖြစ်သည့်အတွက် စိုးမြင့်ဟု ပေးထားသည်။

နောက်တော့ ကျန်းမာရေးကောင်းရန်အတွက်ဆိုကာ ဗေဒင်ဆရာက လှမြင့်ဟုပြောင်းပေးသည့်အတွက် ယခုအချိန်တိုင် လှမြင့်ဟုတွင်လျက်ရှိပါသည်။ အရွယ်ရောက်ကတည်းက တပ်ထဲဝင်ခဲ့သောဆရာ့အနေဖြင့် ဘာသာရေးနှင့် တော်တော်လေးဝေးခဲ့ရသည်။ တစ်နေ့ချောင်းထဲတွင် ရေချိုးရင်း စာရွက်ကလေးတစ်ခု မျောပါလာသဖြင့်" ဆယ်ယူဖတ်ကြည့်လိုက်တော့–

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

ဟူသော သရဏဂုံစာတန်းလေးကို တွေ့လိုက်ရသည်။ ရှည်ရှည်ဝေးဝေး ပါဠိဂါထာတွေမရနိုင်တဲ့အတူတူ ဒါလေးပဲရွတ်တော့မည်ဟုဆုံးဖြတ်ချက်ချကာ အမြဲတမ်း ရွတ်ဖတ်သရဇ္ဈာယ်လာခဲ့သည်။

ဤသရဏဂုံသုံးပါးတန်ခိုးကြောင့်ပင် တိုက်ပွဲများစွာဆင်နွှဲခဲ့ရသော်လည်း တစ်ခါမှသေဘေးနှင့်မကြုံခဲ့ရ။ လက်တွေ့ ကောင်းကျိုးခံစားရလေ ပိုရွတ်လေဖြင့် ကြာသောအခါ ဆရာ့တစ်ကိုယ်လုံး သရဏဂုံသုံးပါးဖြင့် ထုံမွှမ်းပြီးသားဖြစ်နေပါတော့သည်။ ဤသို့ဖြင့် တပ်မတော်တာဝန်ထမ်းဆောင်ရင်း တပ်ကြပ်ကြီးအဆင့်အရောက်မှာပင် အရွယ်လည်းရလာပြီဖြစ်သဖြင့် မင်္ဂလာဒုံစစ်ဆေးရုံကြီးတွင် ဆေးပင်စင်တင်ရပါသည်။

ဆေးပင်စင်ကိစ္စပြီး၍ ဆေးရုံဝင်းကြီးထဲမှထွက်လာပြီး အမှတ် (၉)ကားကို စောင့်စီးရသည်။ မှတ်မှတ်ရရ ထိုအချိန်က (၉) ကား

များသည် အမျိုးသား၊ အမျိုးသမီးတစ်တန်းစီခွဲစီးကြရသည်။ ကားပေါ်ရောက်သည်နှင့် ဆရာလုပ်နေကျအလုပ်က မျက်စိလေးမှိတ်ပြီး သရဏဂုံသုံးပါးကို ရွတ်ဆိုဆောက်တည်နေခြင်းပင်။

တစ်နည်းအားဖြင့် အချိန်ကို အကျိုးရှိအောင် အသုံးချနေခြင်းဟူ၍လည်းဆိုနိုင်ပါသည်။ "ဖရင်ကလင်က ပြောဖူးသည်။ မိမိအသက်ကိုချစ်ခင်ပါလျှင် အချိန်ကလေးများကို နည်း၏ဟူ၍ အကုန်မခံပါနှင့်။ ထိုအချိန်ကလေးများကို စုပေါင်းထားခြင်းသည်ပင် အသက်မည်၏"တဲ့။ မည်မျှထိမိလိုက်သော စကားလေးပါနည်း။ အချိန်ကို အလကားဖြုန်းတီးနေသူမှန်သမျှ မိမိအသက်ကို မချစ်ရာရောက်ကြောင်း သတိထားသင့်ပါသည်။

လောကီလောကုတ္တရာနှစ်ဖြာလုံး ကြီးပွားတိုးတက်လိုသူမှန်သမျှအတွက် ဆရာကြီး ဦးဗဂျိုင်ကလည်း ယခုကဲ့သို့ မှာခဲ့ပါသေးသည်။

"ကြီးပွားချမ်းသာလိုသူဟူသမျှတို့သည် မည်သည့်လူမျိုးမဆို၊ မည်သည့်နာရီ၊ မိနစ်၊ စက္ကန့်မဆို ပညာ၊ ကုသိုလ်၊ ဥစ္စာ ဤသုံးမျိုးတို့တွင် တစ်မျိုးမျိုးကို ရအပ်၏။ အကယ်၍ ထိုသုံးမျိုးမှ တစ်မျိုးမျိုး မရခဲ့ပါမူ အချိန်ကို အလွဲသုံးစားပြုသည်မည်တော့၏"

ပညာနှင့်ဥစ္စာကို အချိန်၏ထဲမှ ရအောင်ထုတ်ယူခြင်းကားရှင်းပါ၏။ ကုသိုလ်ကိုကား အဘယ်ကဲ့သို့လွယ်လွယ်ကူကူထုတ်ယူနိုင်မည်နည်းဟုမေးစရာရှိလာပါ၏။ အဖြေကား ဒါနကုသိုလ်တစ်ခုသာလျှင် ဥစ္စာစည်းစိမ်ကို ချိန်ဆရပါသည်။ သီလကုသိုလ်ဆိုလျှင် ခန္ဓာကိုယ်ကောင်းနေသမျှအရယူနိုင်သည်။

ဘာဝနာကုသိုလ်ဆိုလျှင် စိတ်ဝိညာဉ်ရှိနေသမျှ ပွားများယူနိုင်သဖြင့် သာ၍လွယ်ကူပါသည်ဟူ၍ပင် ဖြေရပါမည်။ ယခုလို

ကားစီးရင်း ရထားစီးရင်းအချိန်မျိုးသည် ဘာဝနာပွားသည့်ကုသိုလ်ကို သာ မယူလျှင် အလကား ဖြစ်သွားမည့်အချိန်မျိုး ဖြစ်ပေသည်။ အလကားအဖြစ်မခံဘဲ ဘာဝနာတစ်ခုခုကိုပွားများလိုက်မည်ဆိုလျှင် အလကားဖြစ်သွားမည့်အချိန်ထဲက ကုသိုလ်ကို ထုတ်ယူလိုက်ခြင်း ပင် ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ပညာ၊ ဥစ္စာရှာချိန်မှတစ်ပါးသောအချိန် တို့တွင် ကုသိုလ်ကို လွယ်လွယ်ကူကူထုတ်ယူနိုင်ကြောင်း ရေးသား ခဲ့ခြင်းဖြစ်ပါသည်။ ဒါနဟူသည်မှာလည်း ငွေရှိမှမဟုတ် လှူတတ်လျှင် ဒါနကုသိုလ်ဖြစ်နိုင်ပုံကို တာမွေမြို့နယ် ဆုထူးပန်ပရိယတ္တိစာသင် တိုက်ဆရာတော်ဘဒ္ဒန္တသဉ္ဇာပဏ္ဍိက–

"ခုလုပ်၊ ချက်ချင်းလုပ်၊
လှူလျှင်ပေါ၊ နှမြောလျှင်ရှား၊
လှူတာဟာ ယူတာပဲ၊
ငွေမလှူနိုင်လျှင် ရေလှူပါ"

ဟုပေးခဲ့သော ဩဝါဒလေးမှာလည်း လွတ်နေသောအချိန်မှ ကုသိုလ် ထုတ်ယူလိုသူများအတွက် လမ်းပြမီးရှူးတန်ဆောင် တစ်ခုပင် ဖြစ်ပေသည်။

**မှတ်ချက်။** ။၎င်းဩဝါဒကို ၁၉–၂–၉၈ နေ့ထုတ် မြို့တော်သတင်း စာ၌ ရွှေစွန်ညိုရေးသားသော ဦးခိုက်ဖူးမျှော် ရွှေစည်းခုံဆံတော်ရှင် စေတီတော် ဆောင်းပါးမှ ရရှိပါသည်။

ယခုလည်း ဆရာဦးလှမြင့်မှာ ကားစီးရင်း အလကားဖြစ်သွား မည့်အချိန်ထဲမှ သရဏဂုံဘာဝနာကုသိုလ်ကို ထုတ်ယူနေရခြင်းပင် ဖြစ်ပေသည်။ ကားထွက်ပြီးခဏအကြာ ကွေ့ဆင်းလိုက်သောကားမှာ

ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်တော့ဘဲ နှစ်ပတ်ခန့်လည်ပြီး ပက်လက်ကြီးဖြစ်သွားပါတော့သည်။

ခဏတော့ ဆရာဦးလှမြင့်ကိုယ်တိုင်ပင် သတိလွတ်သလို ဖြစ်သွားသည်။ မကြာပါ၊ ခဏတာအတွင်းမှာပင် သတိပြန်ဝင်လာသဖြင့် မိမိပေါ်ဖိပြီး သေနေကြသူများ၊ ဒဏ်ရာပြင်းထန်သဖြင့် မေ့နေကြသူများကို မနည်းတွန်းဖယ်ပြီး မိမိကိုယ်ကို ဘယ်နေရာထိမှန်းသိအောင် စမ်းသပ်ရှာဖွေနေမိသည်။ မိမိရင်ဘတ်ပေါ်တွင် သွေးများစိုရွှဲနေသဖြင့် ကမန်းကတန်းအင်္ကျီကြယ်သီးဖြုတ်၍ကြည့်လိုက်ရသည်။

ဘာဒဏ်ရာမှမတွေ့၊ ဘေးမှလူများ၏ ဒဏ်ရာမှကျလာသော သွေးများဖြစ်ကြောင်း သေချာသိလိုက်ရသဖြင့် စိတ်အေးသွားရသည်။ ထိုအခါကျမှ မှောက်နေသောကားထဲမှ အပြင်ရောက်အောင် မနည်းတိုးထွက်လိုက်ရသည်။ သေသူနှင့် ဒဏ်ရာပြင်းထန်သူတော်တော်များပါသည်။ အနည်းဆုံးဒဏ်ရာသမားက လက်တော့ကျိုးသွားရသည်။

ဘာဒဏ်ရာမှမရသော ဆရာဦးလှမြင့်ကိုယ်တိုင် ကူညီရန်ရောက်လာသော စစ်သားများနှင့်အတူ လာသမျှကားများကို တားပြီး လူနာများကို ဆေးရုံပို့ပေးခဲ့ရပါသည်။ ယခုဆိုလျှင် ဆရာဦးလှမြင့်မှာ ရွှေပြည်သာမြို့ (၉)ရပ်ကွက်တွင် "မေတ္တာရှင် တိုင်းရင်းဆေးကုခန်း" ဟူသော အမည်ဖြင့် ဆေးခန်းဖွင့်လှစ်ကာ တိုင်းရင်းဆေးများကို မေတ္တာကရုဏာရှေ့ထား၍ ကုသပေးလျက်ရှိပါသည်။

ဖော်စပ်ထားသောဆေးများကိုလည်း နေ့နေ့ညညအချိန်ရတိုင်း သရဏဂုံဖြင့် ထုံမွမ်းနေသည်ကို သွားသည့်အခါတိုင်း တွေ့ရသည်။ ထိုသရဏဂုံစွမ်းရည်ကြောင့်ပင်ထင်ပါသည်။ ဆေးများ ပိုအစွမ်း

ထုက်ကာ ဆရာအများလက်လျှော့ထားသော ဝမ်းတွင်းမြင်ရသည့် ရောဂါများကိုပင် ပျောက်ကင်းအောင် ကုသပေးနိုင်သည်ကို တွေ့ရပါသည်။

သရဏဂုံအစွမ်းကား အံ့မခန်းပါတကား။

## တရားစွမ်းအင်

တေသု စိတ္တပ္ပသာဒေါပိ၊ ဒုက္ခတော ပရိမောစယေ။
ပဂေဝါနုတ္တိရိယာ တေသံ၊ မဂ္ဂတာ အနုမဂ္ဂတော။

ရတနာသုံးပါးအပေါ်၌ ကြည်ညိုစိတ်ဖြစ်ကာမျှဖြင့် ဒုက္ခအမျိုးမျိုးမှ လွတ်မြောက်နိုင်ပါပေ၏။ သူတော်ကောင်းတို့၏ တရားလမ်းစဉ်အတိုင်း အတုလိုက်၍ ကျင့်ကြံနိုင်ပါမူကား ဆိုဖွယ်ရာမရှိတော့ပြီ။

(စရိယာပိဋက)

* * *

## ၂၀။ အားကိုးရာ အမှန်

ကိလေသာဆယ်ပါးတွင် လောဘ၊ ဒေါသ၊ မောဟ သုံးပါးကား ခေါင်းဆောင်အချုပ်အခြာပင်ဖြစ်သည်။ ကျန်ခုနစ်ပါးက ၎င်းသုံးပါးထဲသို့ ထိုက်သလိုအကျုံးဝင်ကြရသည်။ ၎င်းတရားဆိုးသုံးမျိုးအနက်က တစ်မျိုးမျိုးကို လက်ခံသိမ်းပိုက်မိသည်နှင့် ထိုသူသည် အကောင်းအဆိုး၊ အကြောင်းအကျိုး ဘာမှမတွေးတောနိုင်တော့ဘဲ လူ့စင်စစ်က တိရစ္ဆာန်စိတ်ဝင်ကာ မကောင်းမှုမှန်သမျှ လုပ်ရဲပါလေတော့သည်။

လူသည် တစ်မျိုးတည်းဖြစ်သော်လည်း စိတ်အားဖြင့် နှစ်မျိုးရှိသည်။ ထိုစိတ်နှစ်မျိုးအနက် တစ်မျိုးမျိုးဖြင့် အလှည့်ကျနေသည်ဟု မှတ်နိုင်ပါသည်။ ၎င်းစိတ်နှစ်မျိုးကား တိရစ္ဆာန်စိတ်နှင့် ဗြဟ္မာစိတ်တို့ဖြစ်ပေသည်။ လောဘ၊ ဒေါသ၊ မောဟတစ်ခုခု ဦးဆောင်နေသောအခါ တိရစ္ဆာန်စိတ်ဖြစ်နေသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ ဦးဆောင်နေသောအခါ ဗြဟ္မာစိတ်ဖြစ်နေသည်။

ပညာမဲ့လူယုတ်မာဖြစ်အောင် တိရစ္ဆာန်စိတ်က ဖန်တီးပြီး ပညာရှိသူတော်ကောင်း ဖြစ်အောင် ဗြဟ္မာစိတ်က ဖန်တီးသည်ဟု ဆိုရပါမည်။ ယခုဖော်ပြမည့် ဖြစ်ရပ်၌လည်း တိရစ္ဆာန်စိတ်၏

တိုက်တွန်းမှုကြောင့် နမအရင်းအပေါ်၌ပင် ရက်စက်ယုတ်မာနိုင်လွန်းသော အစ်ကိုတစ်ယောက်၏ မကောင်းမှုကို ဓမ္မသံဝေဂရဖွယ်တွေ့မြင်ရပါမည်။

သာဝတ္ထိမြို့တွင် မိဘများကွယ်လွန်သွားသဖြင့် ဆင်းဆင်းရဲရဲလုပ်ကိုင်စားသောက်နေကြရသော မောင်နှမနှစ်ယောက်ရှိကြသည်။ အရွက်ရောက်လာကြသောအခါ အစ်ကိုဖြစ်သူမှာ တစ်နယ်တစ်ကျေးမှ အမျိုးသမီးတစ်ဦးနှင့်အိမ်ထောင်ကျသဖြင့် မယားရွာသို့ အပြီးအပိုင် လိုက်နေရတော့သည်။ နှမဖြစ်သူမှာတော့ မြို့ပေါ်က လူငယ်တစ်ဦးနှင့်အိမ်ထောင်ကျသဖြင့် သာဝတ္ထိမြို့မှာပင် ဆက်လက် နေထိုင်လေသည်။

တစ်နေ့တွင် ခွဲခွာရတာကြာလှပြီဖြစ်သောကြောင့် အစ်ကိုဖြစ်သူကို သတိရပြီး တွေ့ချင်လွန်းလှသဖြင့် လင်ဖြစ်သူကို ပြောဆိုသည်မှာ–

"အမောင်၊ ကျွန်မကို အစ်ကို့ရွာ အလည်လိုက်ပို့စမ်းပါ၊ ကျွန်မတို့မှာ ဆွေမျိုးဆိုလို့ ဒီမောင်နှမနှစ်ယောက်ပဲရှိတာပါ၊ အိမ်ထောင်ကျသွားကတည်းက မတွေ့ရတာလဲကြာလှပါပြီ။

"နှမရယ် ဖြစ်ပါ့မလား၊ မင်းမှာလဲကိုယ်ဝန်ကြီးကရှိနေပြီ၊ သွားရမယ့်ခရီးကလဲ နီးတာမဟုတ်တော့"

"အမောင်ရယ် ဒီတစ်ခါတော့ ကျွန်မဆန္ဒကို ဖြည့်ပေးပါ၊ ကျွန်မအစ်ကိုကို သတိရလွန်းလို့ပါ"

"ကဲ-ဒီလောက်တောင်ဖြစ်နေလဲ လိုက်ပို့ရတော့မှာပေါ့၊ တစ်ခုတော့ရှိတယ်နော်၊ အမောင်က ဒီမှာ လုပ်စရာကိုင်စရာတွေရှိနေတော့ နှမကိုပို့ပြီးရင် အဲဒီမှာမနေနိုင်ဘူး၊ ဒီကိုပြန်လာခဲ့ရမှာ၊ နှမအသားရအောင်နေပြီးမှ လာခေါ်ရမှာပဲ"

"အို–ရပါတယ်၊ ဘယ်လိုစီစဉ်စီစဉ်ပါ၊ အစ်ကိုနဲ့တွေ့ရရင် တော်ပါပြီ"

သို့နှင့် လင်မယားနှစ်ယောက်လက်ဆောင်ပစ္စည်းများ စီစဉ်ပြီး လှည်းတစ်စီးဖြင့် ထွက်လာကြရာ လမ်းခုလတ်တွင် ဆွမ်းခံကြွလာသော မြတ်စွာဘုရားနှင့် သံဃာတော်များကို ဖူးတွေ့ရရာ လှည်းမှဆင်းပြီး ရှိခိုးဦးချကြသည်။ ထိုအခါမြတ်စွာဘုရားက နှမဖြစ်သူ၏ ရှေးကံကြမ္မာကို မြင်တော်မူသဖြင့် သရဏဂုံနှင့် ငါးပါးသီလကို ဆောက်တည်စေသည်။ ပြီးလျှင်–

"ချစ်သား–ချစ်သမီးတို့၊ အသက်ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်ခဲ့ရင် ဘုရား၊ တရား၊ သံဃာ သရဏဂုံသုံးပါးကိုသာ ရွတ်ဆိုဆောက်တည်လိုက်ပါ၊ ချစ်သား ချစ်သမီးတို့ အန္တရာယ်ကင်း ဘေးရှင်းကြပါလိမ့်မယ်" လို့ မိန့်တော်မူလိုက်ပါတယ်။

ဒီလိုနဲ့ အစ်ကို့ရွာရောက်တော့ ယောကျ်ားဖြစ်သူကတော့ အလုပ်ကိစ္စတွေကြောင့် သာဝတ္ထိကိုပြန်သွားရတယ်။ နှမဖြစ်သူကတော့ အစ်ကို့အိမ်မှာ ပျော်ပျော်ရွှင်ရွှင်နေရှာတယ်။ ကံဆိုးချင်တော့ တစ်နေ့မှာ အစ်ကို့မယားက အိပ်ယာထဲလဲပြီး ဘာမှမစားတော့ဘူး တဲ့။ ဒီတော့ လင်ဖြစ်သူက မရ အရဖြစ်ချင်တာကို မေးတဲ့အခါ အစ်ကို့မယားပြောလိုက်တဲ့စကားက–

"ရှင့်နှမရဲ့အသားကိုမှ မစားရရင် ကျွန်မသေမှာပဲ" တဲ့။ လိုရင်းကတော့ နှမကိုသတ်ခိုင်းနေတာ၊ အမှန်က အသားစားချင်လို့တော့မဟုတ်ဘူး၊ နှမဖြစ်သူဝတ်စားထားတဲ့ ရွှေထည်ပစ္စည်းတွေကို လိုချင်လို့ပါပဲ။ ရွှေငွေလိုချင်လို့ သတ်ပေးပါဆိုရင်တော့ ဘယ်လိုမှ သတ်မပေးဘူးဆိုတာ အစ်ကိုမယားက သိထားတာပေါ့။

ဒါ့ကြောင့်လည်း ပဂိုယာယ်ဝေဝုစ်တွေသုံးပြီး နှမအသားစားချင်တယ် လို့ ပြောလိုက်တာပေါ့။

အစ်ကိုဖြစ်သူလည်း မသင့်တော်လို့ အတန်တန်တားပါသေးရဲ့။ နောက်ဆုံးတော့ မယားစကားအောင်ပြီး နှမလေးကို သတ်ရအောင်လှည့်ပတ်ခေါ်တယ်။ "နှမလေးရေ၊ ဟိုဘက်ရွာကို တို့မောင်နှမနှစ်ယောက်သွားကြရအောင်၊ အဲဒီရွာမှာ တို့မိဘတွေ ထားခဲ့တဲ့ အကြွေးတွေရစရာရှိတယ်" လို့ပြောပြီး နှမလေးကို လှည်းပေါ်တင်ကာ တောထဲကို မောင်းထွက်သွားခဲ့တယ်။

ဒီအချိန်မှာ နှမလေးရဲ့ကိုယ်ဝန်ဟာလည်း တော်တော် ရင့်မာနေပြီ။ တောထဲလူသူပြတ်တဲ့နေရာလည်း ရောက်ရော တိရစ္ဆာန် စိတ်ပေါက်နေပြီဖြစ်တဲ့ အစ်ကိုဖြစ်သူဟာ နှမလေးရဲ့ ဆံပင်ကိုဆွဲပြီး ချုံကြီးကြီးနားမှာ ပစ်လှဲလိုက်သတဲ့။ ဒီအခါမှ နှမဖြစ်သူက သတ်ဖို့ ခေါ်လာမှန်းသိသတဲ့။ ဒါနဲ့ မသတ်ဖို့ အမျိုးမျိုး တောင်းပန်ရှာ တာပေါ့။

"အစ်ကိုရယ်–အစ်ကို့အပေါ် သံယောဇဉ်ကြီးလွန်းလို့ နေ့စေ့ လစေ့ကြီး မွေးကာနီးဖြစ်နေတာတောင် ဂရုမစိုက်ဘဲ အစ်ကို့ဆီ ရောက်အောင်လာခဲ့တဲ့ နှမလေးကို တကယ်ရက်စက်တော့မှာလား အစ်ကိုရယ်"

"အေး–ဒီလိုမှမရက်စက်ရင် ငါ့မယားသေမှာပေါ့ဟ၊ ငါ့မယား ထက်တော့ နင့်ကို ပိုမချစ်နိုင်ဘူး"

ထိုသို့အချီအချပြောနေစဉ်မှာပင် ဝမ်းထဲက ကမ္ဘဇလေက လှုပ်ရှားလာသဖြင့် မွေးတော့မည်ဆိုတာ နှမလေး အလိုလိုသိသွား လေပြီ။

"အစ်ကိုရယ် နားနဲ့မနာ ဖဝါးနဲ့နာပါ၊ ကျွန်မမီးဖွားချင်နေပါပြီ၊ အဲဒါကြောင့် အစ်ကို တစ်နေရာမှာ ခဏရှောင်ပေးပါ"

သို့သော် အစ်ကိုဖြစ်သူ လူ့တိရစ္ဆာန်ကြီးက တုတ်ကြီးတစ်ချောင်းကိုင်ကာ ငုငုကြီးပင်ရပ်နေလျက်ရှိသည်။ သူရှောင်ပေးလိုက်လျှင် နှမဖြစ်သူထွက်ပြေးသွားမှာလည်း စိုးရိမ်နေဟန် တူသည်။ တကယ်မီးဖွားချင်ပြီဖြစ်တော့လည်း အောင့်ထား၍မရတော့။ နှမဖြစ်သူမှာ အစ်ကိုရှေ့တွင်ပင် သားဦးလေးကို မွေးဖွားလိုက်ပါတော့သည်။ ဖြူဖြူဖွေးဖွေးသားလေး၏ မျက်နှာကိုမြင်လိုက်ရသည့်ခဏမှာတော့ ကြုံနေရသည့်ဒုက္ခများပင် မေ့ပျောက်သွားပြီး တစ်ကိုယ်လုံးရွှင်လန်းချမ်းမြေ့သွားပါတော့သည်။

အပြစ်ကင်းစင်လှသည့် လူ့ပြည်သို့ရောက်စ သားလေးမျက်နှာကို တစ်လှည့်၊ တိရစ္ဆာန်စိတ်ပေါက်နေသည့် ခက်ထန်ကြမ်းတမ်းလှသည့် အစ်ကို့မျက်နှာကိုတစ်လှည့် ကြည့်လျက်–

"အစ်ကိုရယ်၊ ကျွန်မကိုမသနားချင်နေပါ၊ လူ့ပြည်ကို ခုမှရောက်လာတဲ့ အစ်ကို့တူလေးကို သနားသောအားဖြင့် ကျွန်မကို အသက်ချမ်းသာပေးပါ အစ်ကိုရယ်"

မျက်ရည်လည်ရွဲဖြင့် ဘယ်လိုပင်လှိုက်လှိုက်လှဲလှဲ တောင်းပန်ပါသော်လည်း တိရစ္ဆာန်စိတ်ပေါက်နေသည့် အစ်ကိုက ဗြဟ္မာစိတ်မထားနိုင်တော့။ နှမဖြစ်သူ၏ဆံပင်မှကိုင်၍ ဒရွတ်တိုက်ဆွဲယူကာ ညောင်ပင်တစ်ပင်ခြေရင်းတွင် ပစ်လှဲလိုက်ကာ ရိုက်သတ်ရန် ဟန်ပြင်လိုက်ပါတော့သည်။

ဘယ်လိုမှ တောင်းပန်မရတော့သည့်အဆုံးတွင် နှမဖြစ်သူမှာ မြတ်စွာဘုရား၏ မှာကြားတော်မူချက်ကို ပြန်လည်သတိရပြီး မျက်စိမှိတ်ကာ သရဏဂုံသုံးပါးကိုသာ ထပ်ပြန်တလဲလဲ ရွတ်ဆို

ဆောကာတည်နေလိုက်ပါတော့သည်။ သရဏဂုံ၏စွမ်းရည်ကား စတင်ပြသလေပြီ။ ထိုအချိန်မှာပင် နှမလေး၏ယောကျ်ားက ဘယ်ကနေ ဘယ်လိုရောက်လာသည်မသိ၊ ဓားရှည်ကြီးတစ်ချောင်း ကိုင်ပြီး အတင်းပြေးလာနေသဖြင့် အစ်ကိုဖြစ်သူမှာ အပြစ်ရှိသူ တို့၏ထုံးစံအတိုင်း တုတ်ကြီးချပြီး တစ်ခါတည်းထွက်ပြေးပါ တော့သည်။

သို့နှင့် ယောကျ်ားဖြစ်သူမှာ မောပန်းနွမ်းနယ်နေသော ဇနီး ကို ဘာမှမမေးဘဲ ယုယုယယနှင့် လှည်းပေါ်ပွေ့တင်ကာ သားအဖ သုံးယောက် သာဝတ္ထိမြို့သို့ပြန်ခဲ့ကြလေတော့သည်။ သာဝတ္ထိမြို့ စွန် ဇရပ်တစ်ခုနားရောက်သောအခါ လှည်းဖြုတ်နားပြီး ဇရပ်ပေါ်တွင် သားမိသားဖသုံးယောက် မောမောပန်းပန်းနှင့် အိပ်ပျော်သွားကြ လေတော့သည်။ မိုးလင်းခါနီး၍ နှမလေးဖြစ်သူနိုးလာ၍ ဘေးဘီ ကိုကြည့်လိုက်သောအခါ လင်ဖြစ်သူရော လှည်းရောမတွေ့ရသဖြင့် တွေးမရအောင်ဖြစ်ကာ သားလေးကို ပိုက်ထွေးထားရင်း အားငယ် စိတ်ဖြင့် မိုးစင်စင်လင်းခဲ့ရပါတော့သည်။

မိုးလင်းသည်နှင့် လမ်းမှဖြတ်သွားသော လူတစ်ယောက်က ဇရပ်တွင်းသို့ လှမ်းကြည့်ရင်းဝင်လာကာ–

“ဟာ–နှမ မင်းတို့ ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ၊ ငါလာခေါ်မယ်လို့ ပြောထားသားနဲ့၊ အခု ဘယ်သူက ဒီရောက် အောင် လိုက်ပို့တာလဲ”

“ဟောတော်–ရှင်ပဲညက ကျွန်မတို့သားအမိနှစ်ယောက် လုံးကို လှည်းနဲ့တင်ခေါ်ခဲ့တာ မဟုတ်ဘူးလား”

"ဟ–ငါကဘယ်လိုလုပ်ပြီး လှည်းနဲ့လာခေါ်နိုင်မလဲ၊ ဒီမှာ တောင် အလုပ်မပြတ်သေးလို့ ဘယ်မှမသွားနိုင် မလာနိုင် ဖြစ်နေတာ"

ခနီးမောင်နံ့နှစ်ယောက် အံ့ဩမည်ဆိုလျှင်လည်း အံ့ဩစရာပင်။ ထိုညက သားမိနှစ်ယောက်ကို ကယ်လာသူမှာ နှမလေးအသတ် ခံရမည့်နေရာက ညောင်ပင်စောင့်နတ်ပင်ဖြစ်လေသည်။ မိမိနေရာ အသတွင် သူတော်ကောင်းများ ဒုက္ခရောက်နေသည်ကိုသိလျက် နှင့် မကယ်တင်လျှင် ရက္ခစိုးနတ်များသည် နတ်စစ်သူကြီးများ၏ ဒဏ်တပ်ခြင်းကိုခံကြရပြီး နတ်သဘင်အစည်းအဝေးသို့ တက်ခွင့် မရတော့ပေ။ ထို့ကြောင့် ညောင်ပင်စောင့်နတ်က ယောကျ်ားယောင် ဆောင်ပြီး နှမဖြစ်သူကို ကယ်ခဲ့ရခြင်းဖြစ်ပေသည်။

အဆုံး၌ ရတနာသုံးပါးကျေးဇူးကြောင့် ယခုလိုသေဘေး မှ လွတ်ခဲ့ခြင်းဖြစ်ကြောင်းသိကြသဖြင့် နောက်တစ်နေ့တွင် ဘုရား အမှူးရှိသော သံဃာတော်များကိုပင့်ပြီး အလှူအတန်းပေး တရား နာယူရာ တရားအဆုံးမှာပင် လင်မယားနှစ်ယောက်စလုံး သောတာပန် တည်သွားခဲ့သည်။ သားလေးကိုလည်း သရဏဂုံသုံးပါးကြောင့် အသက်ချမ်းသာရာရလာသူဖြစ်၍ မောင်သရဏဟု အမည်ပေးကြ လေသည်။

မောင်သရဏအသက်(၂၀) ပြည့်သောအခါ ရဟန်းပြု တရား အားထုတ်သဖြင့် ကိလေသာအာသဝေါကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ် ကြီးဖြစ်ခဲ့ရသည်။

သရဏဂုံ၏ အစွမ်းကား အံ့မခန်းပါတကား။

မှတ်ချက်။ ။ရတနာသုံးပါးကျေးဇူး၊ နှာ–၃၂၊ ၃၃ ကိုမှီငြမ်းပြုရေးဖွဲ့ ပါသည်။ ရသဝါဟိနီနှင့် သဟာဿဝတ္ထုတို့တွင် ယခုထက်အကျယ် လေ့လာနိုင်ပါသည်။

တရှသူအားလုံး ပစ္စက္ခဘဝအတွက်ရော၊ တမလွန်ဘဝအတွက် ပါ ဘုရား တရား သံဃာ သရဏဂုံသုံးပါးကို ယုံကြည်ကိုးကွယ် လေးစား အားထားနိုင်ကြပါစေသော်။

ချမ်းသာကိုယ်စိတ်မြဲကြပါစေ။

မေတ္တာရှင်
(ရွှေပြည်သာ)
မန္တလေးကျောင်း၊ (၆) ရပ်ကွက်
ရွှေပြည်သာမြို့၊ ရန်ကုန်။

၁၃၅၉ ခုနှစ် တပို့တွဲလဆုတ်(၁၂)ရက် (၂၃-၂-၉၈) နေ့ ၁၀း၄၅ မိနစ်တွင် ရေးပြီးသည်။

လောကကြီးထဲမှာ **မေတ္တာ**လောက်ကောင်းတာ ဘာမှမရှိဘူး၊ **မေတ္တာ**ဟာ လောကကြီးတစ်ခုလုံးတွင် တန်ဖိုးအထက်ဆုံး အချမ်းသာဆုံးတရားကြီးပဲ၊ ချမ်းသာမှုတကာတို့တွင် ဘယ်ချမ်းသာနဲ့မှ မတူဘူး၊ **မေတ္တာ**တရားကိုသာ စွဲစွဲမြဲမြဲ လက်ကိုင်ထားနိုင်ရင် သံသရာ ကျင်လည်ရသည့်တိုင်အောင် ဘာမှကြောက်စရာမရှိတော့ဘူး

(တောင်တန်းဆရာတော်ဦးဥတ္တမသာရ)

# မေတ္တာအစွမ်း
# အံ့မခန်း
# ဖြစ်ရပ်ဆန်းများ

မေတ္တာရှင်
(ရွှေပြည်သာ)

စုဆောင်းတင်ပြသည်